# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၄ ရက် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်၊ စနေနေ့ အတွဲ (၅၈)၊ အမှတ် (၁၁၁)


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ တရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာ ဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် နယ်စပ်ဒေသလေ့လာရေးအဖွဲ့ဝင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် နယ်စပ်ဒေသလေ့လာရေးအဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၈**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၏ ဖိတ်ကြားချက်အရ နေပြည်တော်တွင် ရောက်ရှိနေသော နယ်စပ်ဒေသအသီးသီးမှ လေ့လာရေးအဖွဲ့များဖြစ်ကြသည့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်၊ ချင်းရွှေဟော်နှင့် ကုန်းကြမ်းဒေသမှ ဒေသခံ ၃၀၊ ကယားပြည်နယ် ဟိုယာ၊ ဘီယာဒေသမှ ဒေသခံ ၃၀၊ ကရင်ပြည်နယ် သံတောင်ကြီး၊ ဖာပွန် ဒေသများမှ ဒေသခံ ၃၀၊ ချင်းပြည်နယ် ဖလမ်းမြို့နယ်နှင့် ဟားခါးမြို့နယ်များမှ ဒေသခံ ၃၀၊ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်၊ မာန်အောင်မြို့နယ်၊ မြေပုံမြို့နယ်နှင့် ကျွန်းသာယာဒေသမှ ဒေသခံ ၃၀၊ စုစုပေါင်း ၁၅၀ တို့အား ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက ယင်းဝန်ကြီးဌာန စုပေါင်းခန်းမ၌ တွေ့ဆုံနှုတ်ဆက်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

# ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကို သံတွဲမြို့ရှိ ငပလီအပန်းဖြေကမ်းခြေတွင် ကျင်းပသွားမည်

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ မြှင့်တင်ပေးရန်နှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအား အလားအလာရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကို သံတွဲမြို့ရှိ ငပလီအပန်းဖြေကမ်းခြေတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း Myanmar Survey Research (MSR)မှ အကြီးတန်းသုတေသနအမှုဆောင် ကိုဉာဏစိုးက ပြောသည်။

MSR မှ အကြီးတန်းသုတေသနအမှုဆောင် ကိုဉာဏစိုးက "အစိုးရသစ်ချမှတ်ထားတဲ့ National Economic Policy ၁၂ ချက်ထဲမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအားလုံး တန်းတူညီမျှ ဖွံ့ဖြိုးတိုးတက်ရမယ်ဆိုတဲ့ အချက်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အကုန်လုံး ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာကလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက အခန်းကဏ္ဍတစ်ခုမှာ ရှိပါတယ်။ အခုလက်ရှိမှာ FDI တွေက ရန်ကုန်နဲ့ မန္တလေးမှာပဲ ဝင်နေတယ်။ အခြားပြည်နယ်တွေမှာ မဝင်တော့ ကျွန်တော်တို့က အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ FDI စိတ်ဝင်စားလာအောင် ရင်းနှီးမြှုပ်နှံမှုပြပွဲတွေကို လုပ်နေတာ ဖြစ်ပါတယ်"ဟု ပြောသည်။

ယင်းကဲ့သို့ ဆောင်ရွက်မှုအနေဖြင့် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကို ရခိုင်ပြည်နယ် *စာမျက်နှာ ၃ ကော်လံ ၁* ❖



ရခိုင်ပြည်နယ် သံတွဲမြို့ရှိ ငပလီကမ်းခြေတစ်နေရာကို တွေ့ရစဉ်။ ဓာတ်ပုံ-MSR




မြန်မာ့အလင်း

# မိမိအကျိုး အများအကျိုး လောကအကျိုး

လူ့လောက၏ အမျိုးမျိုးအပြားပြားသော နီတိများတွင် ဖြစ်စေ၊ များစွာသော မတူညီရာ ယုံကြည်ကိုးကွယ်မှုများတွင် ဖြစ်စေ၊ အလိုလောဘကြီးလွန်းခြင်း၏ အပြစ်ကို ဆိုလေ့ရှိ၏။ အလိုလောဘကြီးခြင်းဟူသည် ပစ္စုပ္ပန်ကာလအတွက် ဖြစ်စေ၊ အနာဂတ်အတွက် ဖြစ်စေ၊ မိမိအဖို့သာမက မိမိ၏ နောက်မျိုးဆက် ဂုဏ်သိက္ခာကိုပါ ထိခိုက်နိမ့်ပါးစေသည်ဟုလည်း ဆို၏။

လူ့ဘဝရှင်သန်ရသော ကာလမှာ တိုတောင်းသည်ဟု ဆိုရမည်ထင်ပါသည်။ လောက၏ သဘောသဘာဝကို သိနားလည်တော့မလိုဖြစ်လာချိန်တွင် အသက်ရှင်ရချိန်က မကျန်လှတော့ပြီ။ သည်လို တိုတောင်းသည့် လူ့ဘဝမှာ ရာထူးအာဏာ စည်းစိမ်ဥစ္စာ မည်သည်ကိုများအလွန်အမင်း မက်မောတွယ်တာစရာရှိအံ့နည်း။ ရာထူးအာဏာ စည်းစိမ်ဥစ္စာတို့မှာ လောကီသုခ ရှိသည်ဖြစ်သည့်အတွက် မက်မောကြသည်မှာမဆန်း၊ လိုချင်တပ်မက်ကြသည်မှာလည်း မဆန်း၊ ကြိုးစား အားထုတ်ရယူကြသည်မှာလည်း မဆန်း။ သို့သော်လည်း အလွန်အမင်းလောဘကြီးခြင်းကမူ မိမိကိုယ်တိုင်နှင့်တကွ လောကကိုပါ ထိခိုက်ပျက်စီးစေတော့မည်ဟူသည်ကို သတိချပ်သင့်ပါသည်။

မြန်မာ့သမိုင်းတစ်လျှောက်က ထင်ရှားကြီးကျယ် ကျော်ဇောသူများ၊ စည်းစိမ်ဥစ္စာ အုံမခန်းကြွယ်ဝသူများ၊ လောကီစည်းစိမ်အမျိုးမျိုးကိုအမြင့်မားဆုံး ခံစားခဲ့ကြသူများ စသူတို့ ခံစား စံစား နိုင်ကြမည်ဆိုလျှင် အနှစ်တစ်ရာ သက်တမ်းဆိုသည်က အလွန်ဆုံးဟုဆိုရပါမည်။ လောကီစည်းစိမ်ဆိုသည်က မည်သို့ပင် ခံစား စံစားနိုင်ရန် အခွင့်အရေးများရှိသည်ဆိုဆို ဇရာထောင်းသည်နှင့် သုခဟူ၍ပင် ရှုမြင်နိုင်ဖို့ ခက်ချေပြီ။

လူ့လောကတွင် မည်သည့်အရာကိုများ အမှန်တကယ် ပိုင်ဆိုင်နိုင်ကြပါသနည်း။ အသက်ရှင်စဉ်ကာလမှာ ပိုင်ဆိုင်သည်ဟု ယူဆမှတ်ယူနိုင်ခြင်းကလွဲ၍ သက်တမ်းကုန်သည်နှင့် ပိုင်ဆိုင်သည်ဆိုခြင်းက မိမိနှင့်မသက်ဆိုင်တော့ပြီ။ သို့သော်လည်း အဆိုပါ ပိုင်ဆိုင်မှုများအတွက်၊ အထက်ဖော်ပြပါ ချမ်းသာကြွယ်ဝမှုများအတွက်၊ ထင်ရှားကျော်ဇောကြီးကျယ်မှုများအတွက်၊ ရာထူးအာဏာများအတွက် ရမ္မက်ကြီးစွာ၊ အလိုလောဘကြီးစွာဖြင့် မတရားမှုများ၊ အဓမ္မမှုများ ပြုမူအားထုတ်ကြမည်ဆိုလျှင် လူမှုဝန်းကျင်တစ်ရပ်လုံးကို ဖြိုဖျက်နေခြင်းသာဟု ဆိုချင်ပါသည်။

ခေတ်တစ်ခေတ် ထူထောင်နိုင်လောက်အောင် သမိုင်းတွင်ခဲ့ကြသည့်အာဏာစက်ပြင်းခဲ့သူများ၏ နောက်ဆုံးအချိန်များသည် မည်မျှလောက်သံဝေဂ ယူဖွယ်ကောင်းလှသည်ဆိုတာကို အများသိကြ၊ မြင်ခဲ့ကြပြီးဖြစ်၏။ မတော်လောဘဖြင့် မတရားလုပ်ခဲ့သူများ၏ နိဂုံးကလည်းမှတ်တမ်းများစွာ တင်ထားခဲ့ပြီး ဖြစ်၏။

ထို့အတူ မိမိကိုယ်ကျိုးဟူသည့် အလိုလောဘ နည်းပါးခဲ့ကြပြီးအများအကျိုးကို ဦးစားပေးခဲ့ကြသူများ၏ သမိုင်းကိုလည်းကောင်း၊ ကွယ်လွန်ပြီးသည့်တိုင် အများပြည်သူ၏ ချစ်ခင်လေးစားမှုက နှစ်ပေါင်းများစွာ မလျော့ပါး၊ ကြည်ညိုမှုက တိုးလျက်ဟူသည်တို့ကို လည်းကောင်းသိမြင်ခဲ့ကြပြီးဖြစ်၏။

အလိုလောဘကြီးလွန်းခြင်း၏အပြစ်ကို အလေးအနက် ခံစားနားလည်၍ မိမိအကျိုး၊ အများအကျိုးကို တစ်နည်းဆိုသော် အတ္တဟိတ ပရဟိတ မျှတစွာ စဉ်းစားချင့်ချိန်ကြခြင်းဖြင့် မိမိ၏အကျိုးကိုလည်းဖြစ်စေ၊ လောက၏ အကျိုးကိုလည်း ဖြစ်စေမည်ဟု ယုံကြည်သည့်အတိုင်းတင်ပြလိုက်ရပါသတည်း။ ။

# ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် တရားရုံးအဆောက်အအုံသစ် ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် တောင်ပိုင်း မြို့နယ်တရားရုံး အဆောက်အအုံသစ်ဆောက်လုပ်ရန် ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယမန်နေ့က အဆောက်အအုံသစ်ဆောက်လုပ်မည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ၂၄ ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးဦးလှအေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ်တရားသူကြီးများ တက်ရောက်ကြပြီး တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ပန္နက်တော် တင်ပေးကြသည်။

**သတင်းစဉ်**

# ၂၀၁၉ ခုနှစ်၊ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနှင့်လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစု ပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး "စည်းလုံး ညီညွတ်စွာ" ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သော ပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။

# မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

နေပြည်တော် ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုနှင့်အတူ နေပြည်တော် ဧရိယာအတွင်းရှိ မြို့နယ်များတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးများ ကြီးကြပ်၍ အသိပညာပေးဟောပြောမှုများ အဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၆ ရက်က ဒက္ခိဏသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုနှင့် အတူ ဒက္ခိဏသီရိမြို့မရဲစခန်းမှ ခေတ္တရဲစခန်းမှူး ရဲအုပ်စိုးလွင်က ရန်အောင်မြင် ကျေးရွာအုပ်စု ရွာမကျေးရွာတွင် သက်ငယ်မုဒိမ်း မဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးအသိပညာပေး ဟောပြောရာ ဒေသခံ ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဆောင်ပုဒ်

ညီညွတ်ခြင်းသည် စွမ်းအင်
စည်းလုံးခြင်းသည် ခွန်အား
ပြည်ထောင်စု၏ နှလုံးသား။




ရန်ကုန်မြို့တော်ဝန်ဖလား ပန်းမန်ပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲကို ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံ ပန်းဝါသနာရှင်များ အသင်းဥက္ကဋ္ဌ ဒေါက်တာစောလွင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။
ဓာတ်ပုံ - ထိန်လင်း

# ရန်ကုန်မြို့တော်ဝန်ဖလား ပန်းမန်ပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၁၉ ခုနှစ် (၁၈) ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား ပန်းမန်ပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကန်တော်ကြီးသဘာဝဥယျာဉ် မဟာမြိုင်ကျွန်း ဆင်ဖြူတော်ရုပ်တုများအနီး၌ ကျင်းပသည်။**

ရန်ကုန်မြို့တော်ဝန်ဖလား ပန်းမန်ပြပွဲနှင့် ပြိုင်ပွဲကို ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံ ပန်းဝါသနာရှင်များ အသင်းဥက္ကဋ္ဌ ဒေါက်တာစောလွင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပန်းမန်ပြပွဲ ပြိုင်ပွဲနှင့်ပတ်သက်၍ နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ ပြည်သူများက ခင်းကျင်းပြသထားသည့် ပြခန်းများနှင့် ပြိုင်ပွဲဝင်အပင်များ၊ မြေယာရှုခင်းများကို လှည့်လည်ကြည့်ရှုကြသည်။

"နိုင်ငံတိုးတက်ဖို့ဆိုတာဟာ တကယ့်ကို ရနံ့သင်းတဲ့ ဒီပန်းတွေနဲ့ ပြိုင်ပွဲတွေလုပ်လာလေလေ ဒီနေရာဒေသ ဒီအရပ်ဒီမြေဟာလည်း မင်္ဂလာအပေါင်းနဲ့ ပြည့်စုံနေပါလိမ့်မယ်။ ကျွန်တော်ကတော့ အားပေးတယ်။ နောက်နှစ်ကိုလည်း ဒီထက်ပိုပြီး လုပ်နိုင်အောင် ကျွန်တော်အားပေးပါ့မယ်"ဟု ရန်ကုန်မြို့တော်ဝန်က အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

၂၀၁၉ ခုနှစ် (၁၈)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား ပန်းမန်ပြပွဲနှင့် ပြိုင်ပွဲကို ဇန်နဝါရီ ၁၈ ရက်မှ ၂၂ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ည ၈ နာရီအထိ ကျင်းပမည်ဖြစ်ပြီး မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်းသိရသည်။ ယနေ့တွင် ပြိုင်ပွဲဝင်ပန်းအလှဆင်မှု ၁၇ ခုနှင့်အတူ ပန်းပြခန်း၊ ပန်းအရောင်းဆိုင် ၅၁ ခန်းရှိကြောင်း သိရသည်။

ရန်ကုန်မြို့တော် စိမ်းလန်းစိုပြည် သာယာလှပရေးလုပ်ငန်းများတွင် ပြည်သူလူထု စိတ်ပါဝင်စားလာစေပြီး တစ်ဦးတစ်ယောက်တစ်ဖွဲ့ချင်း စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ခြင်းမှ ရန်ကုန်မြို့တော်ကို ဥယျာဉ်မြို့တော်အဖြစ် တည်ဆောက်နိုင်စေရန်၊ အဆင့်မြင့် စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးနိုင်စေရန်၊ မျိုးကောင်းမျိုးသန့်များ ပြန့်ပွားမှုဝေနိုင်စေရန်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်ခြင်းမှသည် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် မိသားစုစီးပွားရေး၊ နိုင်ငံတော်စီးပွား ရေးဖွံ့ဖြိုးတိုးတက်မှုများ အထောက်အကူဖြစ်စေရန်အတွက် ယခုကဲ့သို့ ပန်းမန်ပြပွဲ ပြိုင်ပွဲများ ပြသကျင်းပခြင်းဖြစ်သည်။

ပန်းမန်ပြပွဲ ပြိုင်ပွဲများကို ၁၉၉၆ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ၁၆ နှစ် ဆက်တိုက်ကျင်းပနိုင်ခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ခြောက်နှစ်တာရပ်နားခဲ့၍ ၂၀၁၈ ခုနှစ်တွင် (၁၇) ကြိမ်မြောက်နှင့် ယခုနှစ်တွင် (၁၈) ကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ ယနေ့ကျင်းပသော ပန်းမန်ပြပွဲပြိုင်ပွဲသို့ ရန်ကုန်မြို့ခံ ပန်းဝါသနာရှင်များသာမက အခြားသောနယ်မြို့များမှလည်း လာရောက်ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ ထို့ပြင် ယခုနှစ် ပန်းမန်ပြပွဲ ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ၁၃ မျိုး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ယနေ့ပြသထားသော ပန်းမန်ပြပွဲတွင် အရွက်အလှပင်များ၊ အပွင့်အလှပင်များ၊ သစ်ခွနှင့် သဇင်ပန်းအမျိုးမျိုးသာမက မြန်မာနိုင်ငံ ပန်းဝါသနာရှင်များအသင်း၊ မြန်မာနိုင်ငံဝါးအသင်း စသောအသင်းများနှင့် အသင်းဝင်များ၏ ပြခန်းများတွင် မွှေးပျံ့ကြိုင်လှိုင်နေသော ပန်းရနံ့နှင့် အရောင်အသွေးစုံသော ပန်းအလှပင်များကို အများအပြား တွေ့မြင်ခဲ့ရသည်။ ထို့ပြင် ပန်းပြပွဲသို့ လာရောက်ကြည့်ရှုသူများတွင် လူငယ်လူရွယ်များ၊ မိသားစုများ၊ ပန်းချစ်သူများသာမက ပုဂ္ဂလိကကျောင်းများမှ ကျောင်းသား ကျောင်းသူများလည်း လာရောက်လေ့လာ ကြည့်ရှုလျက်ရှိသည်ကို တွေ့ရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် နယ်စပ်ဒေသလေ့လာရေးအဖွဲ့ဝင်များအား ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားစဉ်။ သတင်းစဉ်

*ရှေ့ဖုံးမှ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားရာတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများတွင် နေထိုင်ကြသော တိုင်းရင်းသားလူငယ်မောင်မယ်များကို နေပြည်တော်သို့ ဖိတ်ခေါ်၍ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်နေမှုများကို မျက်ဝါးထင်ထင် လေ့လာတွေ့ရှိပြီး လေ့လာရေးခရီးစဉ်မှရရှိသည့် အတွေ့အကြုံကောင်းများကို မိမိတို့၏ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထိရောက်စွာ ပြန်လည်အသုံးချနိုင်ရန်နှင့် တစ်အူထုံ့ဆင်း ညီရင်းအစ်ကို၊ မောင်ရင်းနှမများပမာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှု၊ ချစ်ခင်မှု၊ ယုံကြည်မှုတို့ဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ ရှင်သန်ပွားများခိုင်မာလာစေရန် ရည်ရွယ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်ထောင်စုကြီးအတွင်း အကြားအလပ်မရှိ ညီညွတ်မျှတသည့်အကျိုးကို ခံစားရရှိအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ မတူကွဲပြားမှုများကို အခြေခံ၍ တိုင်းပြည်အင်အားရရှိရန် တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရန် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဝေးလံခေါင်သီပြီး ဆက်သွယ်သွားလာရေး ခက်ခဲသည့် နယ်စပ်ဒေသပြည်သူလူထု၏ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် နှစ်တို၊ နှစ်ရှည် စီမံကိန်းများရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးသည် တည်ငြိမ်အေးချမ်းမှုရှိခြင်းနှင့် အပြန်အလှန်ဆက်နွယ်နေသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အထူးအလေးအနက်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ဒေသတွင် နေထိုင်ကြသော ပြည်သူလူထုအနေဖြင့်လည်း တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရေး လုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ယနေ့ကမ္ဘာတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှု၊ သုံးစွဲမှုတို့မြင့်မားလာပြီး စိန်ခေါ်မှုများစွာနှင့် ကြုံတွေ့နေရသလို မိမိတို့နိုင်ငံအနေနှင့်လည်း မူးယစ်ဆေးဝါးပြဿနာကြီးမားကျယ်ပြန့်လာတာကို အားလုံးသိရှိကြပြီးဖြစ်ပါကြောင်း၊ နယ်စပ်ဒေသနေ လူငယ်များအနေဖြင့် မူးယစ်ဆေးဝါး၏ဆိုးကျိုးကို သိရှိနားလည်ပြီး ကိုယ်တိုင်ပါဝင်ပတ်သက်မှု မရှိကြစေရေးနှင့် မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်သဖွယ် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြရန် မှာကြားလိုကြောင်း၊ ယခုလေ့လာရေးလာရောက်ကြသော မောင်တို့ မယ်တို့အနေဖြင့် နုပျိုလန်းဆန်းတက်ကြွနေသည့် လူငယ်လူရွယ်များ ဖြစ်သည့်အပြင် ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့်စကားအတိုင်း နောင်တစ်ချိန်မှာ မိမိတို့နိုင်ငံ မိမိတို့ဒေသ၏ ကြီးလေးသည့်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့်သူများဖြစ်သည့်အတွက် နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်သည့် သားကောင်းသမီးမွန်များ၊ ထူးချွန်ထက်မြက်သူများဖြစ်ရန် စဉ်ဆက်မပြတ် ကြိုးစားကြဖို့လိုကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ အစီအစဉ်အရ လေ့လာရေးအဖွဲ့ဝင်များ ကိုယ်စား တိုင်းရင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး လေ့လာရေးအဖွဲ့ဝင်များက ၎င်းတို့၏ ရိုးရာအကများဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါ်မေတိုးဝင်း | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (၂) ဒေါ်တင်မိုးမိုး | ညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးမူဝါဒရေးရာနှင့်<br>ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

## ဥရောပ၊ အရှေ့အလယ်ပိုင်းနှင့် အာရှတို့မှ Short Film များကိုပြသပြီး ခွဲခြမ်းစိတ်ဖြာလေ့လာကြမည်

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာမှ မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပြုလုပ်သော Cinematheque Program ၏ ကဏ္ဍခွဲတစ်ခုဖြစ်သည့် ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းအစီအစဉ်ကို (န၀မ)အကြိမ်အဖြစ် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် ၅၀ ၊ ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ ဇန်နဝါရီ ၂၀ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ဥရောပ၊ အရှေ့အလယ်ပိုင်းနှင့်အာရှတို့မှ Short Film များကိုပြသပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင်ဖြစ်သော ဦးသိဒ္ဓိက ဦးဆောင်ဆွေးနွေးမည်ဖြစ်၍ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်သည်။

**သတင်းစဉ်**

❖ရှေ့ဖုံးမှ

သံတွဲမြို့ရှိ ငပလီအပန်းဖြေကမ်းခြေ တွင် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ သုံးရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါပြပွဲကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှု၊ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ ဂျပန်ပြည်ပကုန်သွယ်မှုအဖွဲ့အစည်း(JETRO)နှင့် Myanmar Survey Research Co.,Ltd. (MSR)တို့နှင့် အခြားသော ကုမ္ပဏီများ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ပြပွဲပထမနေ့တွင် ရခိုင်ရိုးရာအကပဒေသာ၊ ဖျော်ဖြေရေးအစီအစဉ်များနှင့်အတူ အပန်းဖြေမိတ်ဆုံစားပွဲကိုလည်းကောင်း၊ ဒုတိယနေ့တွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပြခန်းများ ဖွင့်လှစ်ပြသသွားမည့်အပြင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စီးပွားရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးမှုများ၊ နှစ်ဖက်နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမှု အစီအစဉ်များ၊ ဒေသခံလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း သက်ဆိုင်ရာကဏ္ဍအလိုက် တွေ့ဆုံဆွေးနွေးမှုစကားဝိုင်းများကို လည်းကောင်း၊ တတိယနေ့တွင် ငပလီကမ်းခြေရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ၊ အအေးခန်းများ၊ ရေလုပ်ငန်းများနှင့် သံတွဲမြို့ရှိ ပြည်ပပို့ကုန် ရေထွက်ပစ္စည်းလုပ်ငန်းကိုလည်းကောင်း သွားရောက်လေ့လာကြမည်ဖြစ်သည်။

“အဓိကကတော့ ငပလီကမ်းခြေနားတစ်ဝိုက်နဲ့ ရခိုင်မှာ ဒီလိုလုပ်ငန်းတွေ လုပ်လို့ရတယ်ဆိုတာကို တက်ရောက်လာကြတဲ့ ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းရှင်တွေကို ပြချင်တယ်။ လာရောက်ပြီးတော့လည်း ရင်းနှီးမြှုပ်နှံမှုတွေ လုပ်စေချင်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေက အခြားသော တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ နည်းနေတယ်။ ဒါကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတစ်ခုပဲဖြစ်ဖြစ်၊ နှစ်ခုပဲဖြစ်ဖြစ် ဝင်လာရင် အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးရလာမယ်။ အဲဒီဒေသမှာ ဆက်စပ်နေတဲ့ အကြောင်းအရာတွေက တိုးတက်မှုတွေဖြစ်လာမှာ ဖြစ်ပါတယ်။ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့ကဏ္ဍမှာ ရှိနေပါတယ်”ဟု ကိုညာဏစိုးက ဆိုသည်။

ထိုကဲ့သို့ ကျင်းပနိုင်ရန် MSR အနေဖြင့် ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် စစ်တမ်း ကောက်ယူမှုများကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှ ဒီဇင်ဘာလအထိ ပြုလုပ်ခဲ့သည်။ စစ်တမ်းကောက်ယူရာတွင် ရခိုင်ပြည်နယ်အတွင်းရှိ စီးပွားရေးအခွင့်အလမ်းများနှင့် ပတ်သက်၍ အဓိကထားကောက်ယူမှုများပြုလုပ်ခဲ့ပြီး တွေ့ရှိချက်များကို ရင်းနှီးမြှုပ်နှံမှုပြပွဲတွင် အစီရင်ခံစာထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး**

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener သည် ယနေ့ည ၇ နာရီခွဲတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**



**ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။** သတင်းစဉ်

## အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက်မူကြမ်းအပေါ် သက်ဆိုင်ရာအစိုးရဌာနများအတွင်း အကြံပြုဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက်မူကြမ်းအပေါ် သက်ဆိုင်ရာအစိုးရဌာနများအတွင်း အကြံပြုဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ Horizon Lake View Hotel ၌ ပြုလုပ်ခဲ့ရာ ဆွေးနွေးပွဲသို့ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်နှင့်အတူ မူးယစ်ဗဟိုအဖွဲ့မှ တာဝန်ရှိသူများ၊ အစိုးရဌာနဆိုင်ရာ အကြီးအကဲများ၊ ကျွမ်းကျင်ပညာရှင်များ၊ UNODC မှကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်သည်။



အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက် မူကြမ်းအပေါ် သက်ဆိုင်ရာအစိုးရဌာနများအတွင်း အကြံပြုဆွေးနွေးပွဲကျင်းပစဉ်။ သတင်းစဉ်

ဆွေးနွေးပွဲတွင် မူးယစ်ဗဟိုအဖွဲ့တွဲဖက်အတွင်းရေးမှူးက အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ စီမံကိန်းဌာနမှူး ရဲမှူးကြီး အုပ်စိုးထွန်းက အမျိုးသားမဟာဗျူဟာစီမံချက်မူကြမ်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် အမျိုးသားမဟာဗျူဟာစီမံချက်တွင် ပါဝင်သော သုံးစွဲမှုလျှော့ချရေးနှင့် နောက်ဆက်တွဲအန္တရာယ် လျှော့ချရေးကဏ္ဍနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများမှ ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် အုပ်စုဖွဲ့ဆွေးနွေးကြသည်။ ရဲမှူးကြီး အုပ်စိုးထွန်းက အမျိုးသားမဟာဗျူဟာစီမံချက်အတည်ပြုနိုင်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများ ရှင်းလင်းတင်ပြပြီး မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော် ငွေပေးချေမှုကြီးကြပ်မှုကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၈

**မြန်မာနိုင်ငံ၏ ငွေပေးချေမှုလုပ်ငန်းများကို မဟာဗျူဟာအဆင့်တွင် ကြီးကြပ်ရန်အတွက် “နိုင်ငံတော်ငွေပေးချေမှုစနစ် ကြီးကြပ်မှုကော်မတီ (National Payment System Governing Committee)” ၏ ပထမအကြိမ် အစည်းအဝေးကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲ ၃ နာရီခွဲတွင် ကျင်းပသည်။**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက မြန်မာနိုင်ငံ ငွေပေးချေမှုစနစ် အကောင်အထည်ပေါ်လာရေးနှင့် အများပြည်သူ၏ နေ့စဉ်ငွေပေးချေမှုများတွင် ထိထိရောက်ရောက် လက်တွေ့အသုံးချသည့် ငွေပေးချေမှုစနစ် ဖြစ်ရေးအတွက် နိုင်ငံတော်အဆင့်မှ ကြီးကြပ်ဖော်ဆောင်ရေး၊ ငွေပေးချေမှုစနစ်များအား ပြည်သူများအတွက် ဝန်ဆောင်မှုစရိတ် သက်သာစွာ အသုံးပြုနိုင်ရေး လိုအပ်သောအစီအမံများ ပြုလုပ်သွားနိုင်ရေး၊ ငွေပေးချေမှုစနစ်များ လုံခြုံရေးနှင့် ပြည်သူလူထု၏ ယုံကြည်မှုရရှိရေး စီစဉ်ဆောင်ရွက်သွားနိုင်ရေးနှင့် တရားမဝင် ငွေပေးချေမှုဝန်ဆောင်မှုလုပ်ငန်းများကို မိမိနိုင်ငံ၏ ငွေပေးချေမှုစနစ်အောက်တွင် ပါဝင်လာစေရေး ဆောင်ရွက်ရန် ပြောကြားသည်။



နိုင်ငံတော်ငွေပေးချေမှုစနစ် ကြီးကြပ်မှုကော်မတီ (National Payment System Governing Committee) ၏ ပထမအကြိမ် အစည်းအဝေး ကျင်းပစဉ်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်နှင့် နိုင်ငံတော် ငွေပေးချေမှုကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအလိုက် ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၁၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် တောင်ပိုင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် ရှမ်းပြည်နယ် အရှေ့ပိုင်းတို့တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရခိုင်ပြည်နယ်တွင် ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၈

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးအား မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး ယာယီတာဝန်ခံ Mr. Narong Boonsatheanwong က ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး ယာယီတာဝန်ခံ Mr. Narong Boonsatheanwong နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် ထိုင်းနိုင်ငံအစိုးရက မြန်မာနိုင်ငံအတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီထောက်ပံ့နေသည့် ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်တွင် Learning Centre နှစ်ခု ဖွင့်လှစ်ရေးနှင့် အစိုးရဝန်ထမ်းများအား ထိုင်းနိုင်ငံရှိ တက္ကသိုလ်များတွင် ဘွဲ့လွန်နှင့် လုပ်ငန်းခွင်ဆိုင်ရာပညာ ဆက်လက်သင်ကြားရန်ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ရေးကိစ္စရပ်များ၊ UEHRD ၏ Private Public Partnership ပုံစံဖြင့် ဆောင်ရွက်ချက်များ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် Cash for work အစီအစဉ် ဆောင်ရွက်ထားရှိမှု၊ ထိုင်းနိုင်ငံက အာဆီယံဥက္ကဋ္ဌ တာဝန်ယူရမည်ဖြစ်ရာ ရခိုင်ပြည်နယ်အရေးကိစ္စအပေါ် ပိုမိုသိရှိနားလည်ရန်နှင့် မြန်မာနိုင်ငံနှင့် မိတ်ဆွေနိုင်ငံအဖြစ် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် လူသားချင်းစာနာကူညီမှုဆိုင်ရာ အာဆီယံ ညှိနှိုင်းရေးမှူးရုံး (AHA Centre) နှင့် ဝန်ကြီးဌာနတို့ပူးပေါင်း၍ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ဆောင်ရွက်နေသည့် အစီအစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်-ညောင်တုန်းလမ်းပိုင်းအား လေးလမ်းသွားမှ ခြောက်လမ်းသွားအဖြစ် အဆင့်မြှင့်တင်

ရန်ကုန် ဇန်နဝါရီ ၁၈

**ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွက် တံခါးပေါက်တစ်ခုဖြစ်သော လှိုင်သာယာမြို့နယ် မြစ်ကူးတံတားကြီး လေးစင်းတွင် နေ့စဉ်ယာဉ်ဖြတ်သန်းမှုများသည့် ရန်ကုန်-ညောင်တုန်းလမ်းပိုင်း၏ ဘေးနှစ်ဖက်အား လေးလမ်းသွားမှခြောက်လမ်းသွား ကွန်ကရစ်လမ်းအဖြစ် မြို့ပြအင်္ဂါနှင့်အညီ အဆင့်မြှင့်တင်နေကြောင်း သိရသည်။**




လှိုင်သာယာမြို့နယ်အတွင်း လုပ်ငန်းတိုးချဲ့လုပ်ငန်းဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

“လှိုင်သာယာမြို့နယ်ကို တာဝန်ယူရပြီးတော့ လမ်းပိုင်းဆိုင်ရာ ဆောင်ရွက်တဲ့အခါမှာ အင်ဂျင်နီယာတွေက အပိုင်းလိုက်ခွဲပြီးဆောင်ရွက်ပါတယ်။ ညောင်တုန်းလမ်းပိုင်းက အရှည်ပေ ၁၆၂၂၀ မှာ မနှစ်က ပေ ၄၀၀၀ ကျော် ခင်းပြီးသွားပြီ။ ကျန်တဲ့အပိုင်းကို အင်ဂျင်နီယာလေးဦးက ခွဲပြီးတာဝန်ယူ ဆောင်ရွက်နေပါတယ်။ လမ်းမကြီးက ကျန်စစ်သားလမ်းဆုံ၊ ဗိုလ်အောင်ကျော် လမ်းဆုံနဲ့ မီးခွက်ဈေး လမ်းဆုံတွေကို ခြောက်လမ်းသွားဖြစ်အောင် တိုးချဲ့ဆောင်ရွက်တဲ့အခါမှာ လမ်းဆုံတွေကို မြေထိန်းနံရံတွေ တည်ဆောက်နေပါတယ်။ ပြီးတော့ လမ်းမကြီးရဲ့ နှစ်ဖက်ကို တစ်ဖက်ကိုးပေစီ ကွန်ကရစ်လမ်း တိုးချဲ့ခင်းနေပါတယ်။ ခင်းကျင်းမှုပြီးသွားရင် ဧရာဝတီတိုင်းဒေသကြီးက ကုန်စည်နဲ့ ခရီးသွားလာမှု တိုးတက်ကောင်းမွန်သွားပါပြီ”ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ မြောက်ပိုင်းခရိုင်ခွဲ လှိုင်သာယာမြို့နယ် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ ခရိုင်မှူး ဦးကြည်စန်းက ပြောသည်။

အဆိုပါ လမ်းဆုံများတွင် မြေအမာခံရရှိရန် မြေထိန်းနံရံများ တည်ဆောက်ခြင်း၊ ပင်မလမ်းမကြီး နှစ်ဖက်အား တိုးချဲ့၍ ကွန်ကရစ်လမ်းခင်းခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်-ပုသိမ်လမ်းပိုင်း ကွန်ကရစ်လမ်း ခင်းကျင်းမှုပြီးစီးပါက ရန်ကုန်-ညောင်တုန်းလမ်းပိုင်း၏ အလယ်လမ်းမကြီးကို ဆက်လက်ခင်းသွားမည်ဖြစ်သည်။

ညောင်တုန်းလမ်းပိုင်းသည် ၂၀၁၈-၂၀၁၉ ဘတ်ဂျက်တွင် အောင်ဇေယျ ကြိုးတံတားအဆင်း တစ်ထိပ်မှ ဘီအိုစီ လမ်းဆုံးအထိ ကွန်ကရစ်လမ်းအဖြစ် ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုလက်ရှိတွင် သုံးထိပ်မှ စနေမှတ်တိုင်ထိ ပေ ၁၀၅၀၀ ကို အကျယ် ၆၆ ပေ၊ ထု ၁၁ လက်မဖြင့် ခြောက်လမ်း သွားခင်းခြင်းဖြစ်ရာ မူလ ၄၈ ပေ လေးလမ်းသွားမှ ၆၆ ပေ၊ ခြောက်လမ်းသွားအဖြစ် တစ်ဖက်ကိုးပေစီ ထပ်မံတိုးချဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဇူလိုင်တွင် ခြောက်လမ်းသွား ကွန်ကရစ်လမ်းအဖြစ် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**

# ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့(၁/၂၀၁၉) အစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၈

**ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့(၁/၂၀၁၉) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ် (၄) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကား ပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီးက ပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ဆောင်ရွက်ပေးလျက်ရှိရာ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာရေးတွင် ဤဗဟိုအဖွဲ့တွင် ပါဝင်သောအဖွဲ့ဝင်များ၏ အခန်းကဏ္ဍမှာ အလွန်အရေးကြီးပါကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ ယခုထက် ပိုမိုဖွံ့ဖြိုးလာရေးအတွက် ဗဟိုအဖွဲ့ဝင်များ၏ အကြံပြုချက်၊ ဆွေးနွေးချက်များကို အဖြစ်နိုင်ဆုံး၊ အတတ်နိုင်ဆုံး စနစ်တကျအလေးထား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**စနစ်တကျ စစ်ဆေးဆန်းစစ် အကဲဖြတ်**

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ပုဂ္ဂလိကဆေးရုံ ၂၃၉ ရုံ၊ အထူးကုဆေးခန်း ၇၂၀၊ ရောဂါရှာဖွေရေးဓာတ်ခွဲခန်း ၂၁၇ ခန်း၊ ရောဂါရှာဖွေရေးဓာတ်မှန် ၁၃၇ ခန်း၊ သားဖွားခန်း ၄၇ ခုနှင့် အထွေထွေရောဂါကုဆေးခန်း ၅၄၆၂ ခု စသည့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများကို လိုင်စင်များ ခွင့်ပြုချထားပြီးဖြစ်ပါကြောင်း၊ အဆိုပါ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ၏ အရည်အသွေးပြည့်ဝမှု၊ ဘေးအန္တရာယ်ကင်းမှု၊ ဓာတ်ခွဲနှင့်ဓာတ်မှန် စသည့် ရောဂါရှာဖွေမှု၊ မှန်ကန်စိတ်ချရမှု အခြေအနေတို့ကို စနစ်တကျ စစ်ဆေးဆန်းစစ် အကဲဖြတ်မှုတို့ကို ပုံမှန်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင်မရှိဘဲ ဆောင်ရွက်နေသော ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းများကိုလည်း ပိတ်သိမ်းလျက်ရှိကြောင်း။

**မှန်ကန်သောဆုံးဖြတ်ချက် ချမှတ်**

မိမိအနေဖြင့် လိုင်စင်ရရှိထားသော ပုဂ္ဂလိကဆေးရုံများအနေဖြင့် ပုဂ္ဂလိက ဆေးရုံအသင်းသို့ ဝင်ရောက်စေလိုပါကြောင်း၊ ၂၀၁၈ ခုနှစ်အတွင်း ပြုလုပ်ခဲ့သည့် ပုဂ္ဂလိကဆေးရုံဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးခဲ့သည့် ဆေးရုံအုပ်ချုပ်မှုသင်တန်း သုံးကြိမ်၏ အကျိုးရှိမှုအတိုင်းအတာနှင့် အတွေ့အကြုံများကို ပြန်လည်ဆန်းစစ် အကဲဖြတ်ရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အမျိုးသားကျန်းမာရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်များ ပြည့်စုံမှန်ကန်မှသာ မှန်ကန်သောဆုံးဖြတ်ချက် ချမှတ်ပြီး မဟာဗျူဟာနှင့် လုပ်ငန်းများကို ချမှတ်ဆောင်ရွက်နိုင်မည်ဖြစ်၍ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများအနေဖြင့် သတင်းအချက်အလက်များကို ဝန်ကြီးဌာနသို့ ပုံမှန်ပေးပို့စေလိုပါကြောင်း။

၂၀၁၈ ခုနှစ် ဩဂုတ်လအထိ ပုဂ္ဂလိကဆေးရုံ ၄၃ ခုမှ ဝန်ထမ်းများကို အီလက်ထရွန်စနစ်သုံး၍ စီမံခန့်ခွဲမှုအထောက် အကူပြုကျန်းမာရေးစနစ် (DHIS 2) အသုံးပြုကာ သတင်းပို့ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနမှ လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ကျန်ရှိသော ပုဂ္ဂလိကဆေးရုံများကို သင်တန်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မကူးစက်တတ်သောရောဂါများ ကာကွယ်ရေးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ကင်ဆာလူနာမှတ်ပုံတင်စနစ်တွင် ပုဂ္ဂလိကဆေးရုံများရှိ ကင်ဆာလူနာစာရင်းကိုလည်း ထည့်သွင်းကောက်ယူနိုင်အောင် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကဆေးရုံများတွင် တက်ရောက်ကုသသော လူနာအရေအတွက်နှင့် ရောဂါအမျိုးအစားအလိုက် ဝန်ကြီးဌာနသို့ ပေးပို့တင်ပြခြင်းဖြင့် ဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဖြစ်များသော ရောဂါအမျိုးအစားနှင့် ဝန်ထုပ်ဝန်ပိုးကို သိရှိနိုင်ပြီး လိုအပ်သော ကျန်းမာရေးလုပ်ငန်းများကို ဆုံးဖြတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**ဝိုင်းဝန်းဆွေးနွေး**

ပုဂ္ဂလိကဆေးရုံများ စနစ်တကျပီပြင်စွာ တိုးတက်လာရေးနှင့် ပြည်သူလူထုကို အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ပုဂ္ဂလိကဆေးရုံအသင်းဝင်များနှင့် သက်ဆိုင်ရာပညာရှင်များ ပါဝင်သော ဆွေးနွေးပွဲတစ်ခု ပြုလုပ်စေလိုပါကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့ အဖွဲ့ဝင်များအနေဖြင့် ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးပြီး လိုအပ်သော အကြံဉာဏ်များကို ပေးကြပါရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာလှက ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ အထွေထွေကိစ္စရပ်များ ဆွေးနွေးတင်ပြသည်။

အစည်းအဝေးသို့ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စက်မှုနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အဆောက်အဦဦးစီးဌာနမှ အင်ဂျင်နီယာချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အား၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမှ စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံဆေးကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီတို့မှ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့(၁/၂၀၁၉) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ဆလုံကျွန်းဟိုတယ်စီမံကိန်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ကော့သောင်း ဇန်နဝါရီ ၁၈**

ကော့သောင်းမြို့ ဆလုံကျွန်းပေါ်တွင် Zochwell Myanmar Co, Ltd မှ ဆောက်လုပ်အကောင်အထည်ဖော်မည့် ဟိုတယ်စီမံကိန်းနှင့်စပ်လျဉ်း၍ ဒေသခံပြည်သူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ဇန်နဝါရီ ၁၇ ရက် မွန်းလွဲပိုင်းက Garden Hotel ခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ဟိုတယ်တည်ဆောက်ရေးစီမံကိန်း မန်နေဂျာ စင်ကာပူနိုင်ငံသား Mr. Garath Chin က တည်ဆောက်မည့် ဆလုံကျွန်းဟိုတယ်စီမံကိန်း၏ တည်ဆောက်မှုဆိုင်ရာ အစီအမံများအား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စင်ကာပူနိုင်ငံသား ဗိသုကာဒီဇိုင်းပညာရှင် Mr. Wongtukson က ခေတ်မီနည်းပညာဖြင့်တည်ဆောက်မည့် ဟိုတယ်ဒီဇိုင်းဖွဲ့စည်းပုံ အစီအမံများနှင့် စပ်လျဉ်း၍ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဆွေးနွေးပွဲသို့တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ မြို့ခံပြည်သူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများက ဟိုတယ်တည်ဆောက်မှုနှင့် စပ်လျဉ်း၍ မြေယာပိုင်ဆိုင်မှု၊ သဘာဝအလှအပများ ပျက်စီးယိုယွင်းမှု၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ညစ်ညမ်းမှုနှင့် ဒေသခံပြည်သူများရရှိလာမည့် အကျိုးကျေးဇူးများနှင့် စပ်လျဉ်း၍ သိရှိလိုသည့်မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အဆိုပါ ဆလုံကျွန်းဟိုတယ်အား ကော့သောင်းမြို့အနောက်ဘက် အက်ဒမန်ပင်လယ်အတွင်း ဆလုံကျွန်းပေါ်ရှိပင်လယ်ကမ်းခြေ ၃၉ ဒသမ ၀၆ ဧက အကျယ်မြေဧရိယာအတွင်း သစ်ပင်၊ ကျက်စားနေထိုင်သည့် ရေနေ ကုန်းနေသတ္တဝါ၊ ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေဘဲ အမေရိကန်ဒေါ်လာသန်း ၂၀ အကုန်အကျခံကာ ဟိုတယ်အဆောက်အအုံကို တည်ဆောက်ရေးကာလ အချိန်ကုန်သက်သာစေမည့်ခေတ်မီ Poshtel Popup နည်းပညာဖြစ်သည့် နိုင်ငံခြားတွင် အသင့်တည်ဆောက်ပြီးသား(ကွန်တိန်နာသဏ္ဌာန်) အခန်းဖွဲ့ အဆောက်အအုံများ အလုံးလိုက် သယ်ယူရွှေ့ပြောင်းလာကာ ဆက်စပ်တည်ဆောက်မည့်နည်းပညာဖြင့် အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ (၂၉) ကြိမ်မြောက် အစည်းအဝေးတွင် ပိုးသတ်ဆေး အမျိုးပေါင်း ၆၄ မျိုးကို မှတ်ပုံတင်ခွင့်ပြုရေး ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၈

**ပိုးသတ်ဆေး ကိုင်တွယ်သုံးစွဲသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်၊ စိုက်ပျိုးရေးထွက်ကုန် စားသုံးသူများနှင့် သဘာဝပတ်ဝန်းကျင် ဘေးအန္တရာယ်ကင်းရှင်းစေရန်၊ ပိုးသတ်ဆေး အကျိုးအာနိသင် ထိရောက်မှုရှိစေရန် ရည်ရွယ်၍ ပိုးသတ်ဆေးဥပဒေကို အသစ်ပြဋ္ဌာန်းခဲ့ပြီး ဖြစ်သည်။**

လူနှင့် ပတ်ဝန်းကျင်အား အန္တရာယ်ဖြစ်စေမှုနည်းပါးပြီး ထိရောက်စွာ ကာကွယ်နှိမ်နင်းနိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းသုံး သွင်းအားစုပိုးသတ်ဆေးများကို တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းအတွက် နည်းပညာရပ်ပိုင်းဆိုင်ရာ စိစစ်ပြီး သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ထိန်းကျောင်းကြပ်မတ်နိုင်ရန် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေးများ ကျင်းပဆောင်ရွက်ခဲ့ရာ ယမန်နေ့ညနေပိုင်းက နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ (၂၉) ကြိမ်မြောက် အစည်းအဝေးကို ကျင်းပသည်။



ဒုတိယဝန်ကြီး ဦးလှကျော် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ (၂၉) ကြိမ်မြောက် အစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။

အစည်းအဝေးတွင် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးလှကျော်က အဖွင့်အမှာစကား ပြောကြားပြီး အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ (၂၉) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြသည့် အမှာစာများနှင့် အထွေထွေ ဆုံးဖြတ်ချက်များအား အတည်ပြုနိုင်ရန် ရှင်းလင်းတင်ပြရာ အစည်းအဝေး တက်ရောက်လာကြသော ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ဝင်များက ဆွေးနွေး အတည်ပြုကြသည်။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သည် ပိုးသတ်ဆေးမှတ်ပုံတင်ခြင်းလုပ်ငန်းများ၊ ပိုးသတ်မှိုင်းတိုက်ခွင့်လိုင်စင်၊ ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့် လိုင်စင်နှင့် ပိုးသတ်ဆေး ပြန်လည်ထုပ်ပိုးခွင့်လိုင်စင် ခွင့်ပြုခြင်းများကို ဆောင်ရွက်ခဲ့ရာ (၂၈) ကြိမ်မြောက် အစည်းအဝေးအထိ ပိုးသတ်ဆေး စုစုပေါင်း ၃၇၅၉ မျိုးကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ယနေ့ကျင်းပသော (၂၉)ကြိမ်မြောက် အစည်းအဝေးတွင် ပိုးသတ်ဆေးအမျိုးပေါင်း ၆၄ မျိုးကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုဝန်ကြီးဦးကျော်တင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေး တက်ရောက်ခဲ့

## ရခိုင်ပြည်နယ်ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဟန်ချက်ညီညီဖွံ့ဖြိုး တိုးတက်ရေးအတွက် မြန်မာနိုင်ငံမှ ကြိုးပမ်းဆောင်ရွက်နေမှုများကို အကူအညီပေးသွားရန် အာဆီယံမှ ထပ်လောင်းအတည်ပြု

**နေပြည်တော် ဇန်နဝါရီ ၁၈**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက်မှ ၁၈ ရက်အထိ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးယနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၁၇ ရက်တွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီး Mr. Don Pramudwinai က တည်ခင်းဧည့်ခံသည့်အလုပ်သဘောညစာစားပွဲသို့ လည်းကောင်း၊ ဇန်နဝါရီ ၁၈ ရက်တွင် ကျင်းပသည့်အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ လည်းကောင်း အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။

### အာဆီယံ ၏ ပြင်ပဆက်ဆံရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များဆွေးနွေး

နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေး၌ ၂၀၁၉ခုနှစ်တွင်အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မည့် ထိုင်းနိုင်ငံ၏ ဦးစားပေးလုပ်ငန်းစဉ်များနှင့် ထိုင်းနိုင်ငံတွင် တည်ထောင်မည့် အာဆီယံဗဟိုဌာနများနှင့် ပတ်သက်၍ လည်းကောင်း၊ အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် (၂၀၂၅) နှင့် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (၂၀၃၀) တို့အကြား အပြန်အလှန်အကျိုးပြုခြင်းကို တိုးမြှင့်စေမည့် အစီအစဉ်များကို လည်းကောင်း၊ အာဆီယံအသိုက်အဝန်း တည်ထောင်ရေးနှင့်ပတ်သက်၍ (၃၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်မှုများ၊ အာဆီယံ၏ ပြင်ပဆက်ဆံရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

အလုပ်သဘော ညစာစားပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ရခိုင်ပြည်နယ်အရေးကိစ္စနှင့် စပ်လျဉ်း၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို အလွတ်သဘောရှင်းလင်းပြောကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးသည် နေရပ်စွန့်ခွာသူများ ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ်တွင် အာဆီယံမှ ပံ့ပိုးကူညီပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားရေးနှင့်ပတ်သက်၍ အခြားအာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် ခင်မင်ရင်းနှီးစွာ ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

### အာဆီယံက ကူညီပံ့ပိုးပေးနိုင်မည့်နယ်ပယ်များ နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်

ပြည်ထောင်စုဝန်ကြီးက (၃၃) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ ဆွေးနွေးဆုံးဖြတ်ချက်များကို ဆက်လက်အကောင်အထည်ဖော်ရာတွင် အာဆီယံအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ပတ်သက်သည့်အာဆီယံ၏ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ညှိနှိုင်းမှုဌာန (AHA Centre) က စေလွှတ်မည့်လိုအပ်ချက် ဆန်းစစ်လေ့လာရေးအဖွဲ့၏ လုပ်ငန်းလမ်းညွှန် (TOR) ကို အတည်ပြုနိုင်ခဲ့ခြင်း၊ လိုအပ်ချက်ဆန်းစစ်လေ့လာရေးအဖွဲ့မှ ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာခြင်းနှင့် အလုံးစုံလိုအပ်ချက်ဆန်းစစ်လေ့လာခြင်း တို့ကို ဆောင်ရွက်မည့်ရှေ့လုပ်ငန်းစဉ်များကို အသိပေးပြောကြားခဲ့ပြီး AHA Centre အနေဖြင့် မြန်မာနိုင်ငံ၏ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားစွမ်းရည်ဖွံ့ဖြိုးရေး အစီအစဉ်များနှင့် နေရပ်ပြန်ပို့ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်နိုင်မည့် အလားအလာများအပြင် နေရပ်ပြန်ပို့ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အာဆီယံက ကူညီပံ့ပိုးပေးနိုင်မည့်နယ်ပယ်များနှင့် ပတ်သက်၍အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီးက နေရပ်စွန့်ခွာသူများပြန်လည်လက်ခံရေးအတွက်နှစ်နိုင်ငံ သဘောတူညီချက်နှင့်အညီ မြန်မာနိုင်ငံဘက်မှ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့အကြား လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာအား အကောင်အထည်ဖော်ရာတွင် ဖြစ်ပေါ်တိုးတက်မှုများနှင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးအပြီးတွင် အာဆီယံဥက္ကဋ္ဌ၏ သတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့ရာ အဆိုပါသတင်းထုတ်ပြန်ချက်တွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် အာဆီယံ၏ အခန်းကဏ္ဍအရေးပါမှုကို သဘောတူညီကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး လိုအပ်ချက်ဆန်းစစ်လေ့လာရေးအဖွဲ့၏လုပ်ငန်းလမ်းညွှန် (TOR) ကို အာဆီယံအတွင်းရေးမှူးချုပ်၏ ခရီးစဉ်အတွင်း အတည်ပြုနိုင်ခဲ့ခြင်းကို ကြိုဆိုကြောင်း၊ မြန်မာနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးဆိုင်ရာ အစီအစဉ်များကို ဆက်လက်ထောက်ခံကြောင်း၊ ရခိုင်ပြည်နယ်စဉ်ဆက်မပြတ်ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်မှုတိုးမြှင့်ရန် သဘောတူညီကြောင်း၊ ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းများအားလုံး၏ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးအစီအမံများကို အတတ်နိုင်ဆုံး ထိထိရောက်ရောက်ဆောင်ရွက်ရန် မြန်မာအစိုးရ၏ ကတိကဝတ်ပြုခြင်းကို ကြိုဆိုကြောင်း၊ ရခိုင်ပြည်နယ်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဆက်လက်ထောက်ခံအားပေးကြောင်း ဖော်ပြပါရှိသည်။

### ထိုင်းနိုင်ငံ၏ လက်ထက်တွင်ပထမဆုံးအကြိမ် ကျင်းပသည့် အစည်းအဝေးဖြစ်

ယခုအစည်းအဝေးသည် ၂၀၁၉ ခုနှစ်တွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်မည့် ထိုင်းနိုင်ငံ၏ လက်ထက်တွင် ပထမဆုံးအကြိမ်ကျင်းပသည့်အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးဖြစ်ပြီး၊ ယခုနှစ်အတွက် အာဆီယံဥက္ကဋ္ဌ၏ ဆောင်ပုဒ်မှာ “စဉ်ဆက်မပြတ်တည်တံ့ဖို့ မိတ်ဖက်ဆက်ဆံရေးတိုးမြှင့်စို့” (Advancing Partnership for Sustainability) ဖြစ်သည်။ ထိုင်းနိုင်ငံအနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို ၂၀၁၉ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**“မြန်မာနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ အစီအစဉ်များကို ဆက်လက်ထောက်ခံကြောင်း၊ ရခိုင်ပြည်နယ်စဉ်ဆက်မပြတ်ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်မှုတိုးမြှင့်ရန် သဘောတူညီကြောင်း၊ ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းများ အားလုံး၏ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးအစီအမံများကို အတတ်နိုင်ဆုံး ထိထိရောက်ရောက် ဆောင်ရွက်ရန် မြန်မာအစိုးရ၏ ကတိကဝတ်ပြုခြင်းကို ကြိုဆိုကြောင်း၊ ရခိုင်ပြည်နယ်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဆက်လက်ထောက်ခံအားပေး”**

# အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့သော ပညာရေးဝန်ထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနားနှင့် အခြေခံပညာမြန်မာစာစွမ်းရည်ပြိုင်ပွဲ (ဗဟိုအဆင့်) ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

**၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့သည့် ပညာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော၊ တာဝန်ထမ်းဆောင်လျက်ရှိသော ပညာရေးဝန်ထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားကာ ဂုဏ်ပြုဆုများ ချီးမြှင့်သည်။**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး ၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့သော ပညာရေးဝန်ထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

ပြည်ထောင်စုဝန်ကြီးက အမျိုးသားစာပေဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်လျက် မြန်မာနိုင်ငံ တိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို ဖော်ကျူးထင်ဟပ်နိုင်စွမ်းရှိသော စာကောင်းပေမွန်များကို နိုင်ငံတော်အဆင့် စာပေဆုများအဖြစ် သတ်မှတ်ပြီး နှစ်စဉ်ဂုဏ်ပြုဆုများ ချီးမြှင့်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အဆင့် စာပေဆုများကို ပညာရေးဝန်ထမ်းများက နှစ်စဉ်ဆွတ်ခူးရရှိပြီး ၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုတစ်ဆု၊ အမျိုးသားစာပေဆုနှစ်ဆုနှင့် စာပေဗိမာန်စာမူဆု ခုနစ်ဆုရရှိခဲ့သည့် ပညာရေးဝန်ထမ်း ၁၀ ဦးတို့အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း၊ ပညာရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်ကြသော စာပေပညာရှင်ကြီးများအနေဖြင့် မြန်မာစာပေနှင့် တိုင်းရင်းသားစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်မျိုးဆက်သစ်များကို ကိုယ်ကျင့်တရား ကောင်းမွန်သော၊ ပူးပေါင်းနေထိုင်တတ်သော၊ ပူးပေါင်းဆောင်ရွက်တတ်သော၊ အတွေးအခေါ် ရင့်ကျက်သော၊ ဗဟုသုတကြွယ်ဝသော လူသားကောင်းများ ဖြစ်လာစေရေးအတွက် စိတ်ခွန်အားကို မြှင့်တင်ပေးသည့် ရသစာပေနှင့် အသိဉာဏ်ဗဟုသုတကို ပွားများစေသည့် သုတစာပေများကို ရေးသားကာ မိမိတို့၏ ပညာစွမ်းအား၊ ကလောင်စွမ်းအားဖြင့် ဆက်လက်ပြီး ပြုစုပျိုးထောင်ပေးကြပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ပြီး ဆုရရှိသူများကိုယ်စား အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီးဦးထွန်းရီ ကလောင်အမည် ထွန်းရီ(ရှေးဟောင်းသုတေသီ)က ကျေးဇူးတင်စကား ပြောကြား၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၂ နာရီတွင် တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသော ၂၀၁၈ ခုနှစ် အခြေခံပညာ မြန်မာစာစွမ်းရည်ပြိုင်ပွဲ(ဗဟိုအဆင့်) ဆုချီးမြှင့်ပွဲသို့တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားကာ ဆုများကို ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများကိုချီးမြှင့်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဗဟိုအဆင့်ပြိုင်ပွဲတွင် အခြေခံပညာ အထက်တန်းအဆင့်၌ မကွေးတိုင်းဒေသကြီး မကွေးမြို့ D ဝေလျှံ (ကပက) ဒသမတန်းမှ မဆုမြတ်နှင်းက ပထမဆု၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အထက (၂)မုံရွာ ဒသမတန်းမှ မမွှေးသက်ဝင်းက ဒုတိယဆု၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အထက-သဘွတ် ဒသမတန်းမှ မနီနီလှိုင်က တတိယဆု ရရှိသည်။ အခြေခံပညာအလယ်တန်းအဆင့်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့ အထက(ခွဲ) အလက(၁၂) ဆဋ္ဌမတန်းမှ မခင်ခင်ကျော်က ပထမဆု၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့ အထက-၁၆ အဋ္ဌမတန်းမှ မအိမ့်မှူးခင်က ဒုတိယဆု၊ ရှမ်းပြည်နယ်(တောင်) နမ့်စန်မြို့ အထက-မြို့မ အဋ္ဌမတန်းမှ မချစ်သဲအိကတတိယဆုကို ရရှိသည်။

ဆက်လက်၍ မြန်မာစာအဖွဲ့ အဖွဲ့ဝင် ဆရာကြီး ဒေါက်တာခင်အေးက အခြေခံပညာ မြန်မာစာစွမ်းရည်ပြိုင်ပွဲ (ဗဟိုအဆင့်) ကျောင်းသား ကျောင်းသူများ၏ ဖြေဆိုချက်များအပေါ် သုံးသပ်အကြံပြုသည်။ ဆုရရှိသူများကိုယ်စား ဆုရကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

❒ *ကျောဖုံးမှ*

တစ်လျှောက်ပျံသန်းခဲ့ခြင်းဖြစ်ပြီး ရှမ်းလေးကျွန်းရွာတွင် ပြန်လည်ဆင်းသက်ခဲ့ကြောင်း သိရသည်။

“ASEAN Paramotoring Club အနေနဲ့ မြန်မာနိုင်ငံ လေထီးခုန်အဖွဲ့ချုပ်က တာဝန်ရှိသူတွေဆီ ဆက်သွယ်ပြီး ချစ်ကြည်ရေးအဖြစ် စီစဉ်ခြင်းဖြစ်ပါတယ်။ အာဆီယံနိုင်ငံက အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရအောင်၊ မြန်မာနိုင်ငံရဲ့ သဘာဝအလှတွေကို ကောင်းကင်ပေါ်ကနေ ကြည့်ရှုခံစားနိုင်အောင်နဲ့ အတတ်ပညာချင်းဖလှယ်တဲ့ သဘောပဲဖြစ်ပါတယ်။ အခုလုပ်တဲ့အစီအစဉ်ဟာ မြန်မာနိုင်ငံရဲ့ သဘာဝအလှအပတွေကို ကမ္ဘာကတစ်ပြိုင်တည်း သိခွင့်ရသွားမှာဖြစ်လို့ ခရီးသွားကဏ္ဍအတွက် အများကြီး အကျိုးရှိစေမှာပါ။ ဇန်နဝါရီ ၁၇ ရက်ကလည်း ဒီတောင်သမန်အင်းပတ်ဝန်းကျင်မှာ စမ်းသပ်ပျံသန်းမှုတွေ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

**ပေးအပ်လှူဒါန်းခဲ့**

ထို့ပြင် အလှပြစက်တပ်လေထီး ပျံသန်းပြီးနောက် ဆင်းသက်ခဲ့သည့် ရှမ်းလေးကျွန်းကျေးရွာရှိ စာသင်ကျောင်းတွင် လေကြောင်းအထောက်အကူပြုပစ္စည်းများ၊ ပညာရေးနှင့် အားကစားဆိုင်ရာ အသုံးအဆောင်ပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်ထံ ပေးအပ်လှူဒါန်းခဲ့ပြီး ဇန်နဝါရီ ၁၉ ရက်တွင် ပြင်ဦးလွင်မြို့ပေါ်မှ စေတလုံးရွာအထိ လည်းကောင်း၊ ဇန်နဝါရီ ၂၀ ရက်တွင် နောင်ချိုမြို့အားကစားကွင်းမှ နောင်ပိန်ရွာသို့ လည်းကောင်း ထပ်မံ၍ မောင်းနှင်ပျံသန်းသွားမည်ဖြစ်ပြီး ဆင်းသက်ရပ်နားမည့် စေတလုံးကျေးရွာစာသင်ကျောင်းနှင့် နောင်ပိန်ကျေးရွာ စာသင်ကျောင်းများတွင်လည်း ကျောင်းသူကျောင်းသားများကို ကျောင်းသုံးပစ္စည်းအချို့နှင့် လေယာဉ်ပုံငယ်များကို ပေးဝေသွားမည်ဖြစ်သည်။

ယနေ့ပြုလုပ်သည့် ချစ်ကြည်ရေး အလှပြစက်တပ်လေထီး ပျံသန်းခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပျံသန်းခြင်းဖြစ်ပြီး ပေ ၃၀၀၀ အမြင့်မှ ပျံသန်းရာလမ်းကြောင်းများကိုလည်း လေကြောင်းလိုင်းများနှင့် လွတ်ကင်းစေရန် ရွေးချယ်ပျံသန်းခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## တာချီလိတ်နယ်စပ်ဂိတ်တွင် ဇန်နဝါရီ ၄ ရက်မှ ၁၇ ရက်အထိ ကမ္ဘာလှည့်ခရီးသည် လေးသောင်းကျော် ဝင်ရောက်ခဲ့

**တာချီလိတ် ဇန်နဝါရီ ၁၈**

တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အဆက်မပြတ် ဝင်ရောက်လည်ပတ်လျက်ရှိရာ ဇန်နဝါရီ ၄ ရက်မှ ၁၇ ရက်အထိ နေ့ချင်းပြန်၊ ညအိပ်ခရီးစဉ်နှင့် ပြည်တွင်းခရီးစဉ်သို့ ဗီဇာဖြင့် (ဗီဇာကင်းလွတ်ခွင့်ရ) နိုင်ငံသားများ အပါအဝင် စုစုပေါင်း ၄၉၇၃၁ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲမှ သိရသည်။

**ဝင်ရောက်လည်ပတ်**

တာချီလိတ်နယ်စပ် ဝင်ပေါက်မှ ဇန်နဝါရီ ၄ ရက်မှ ၁၇ ရက်အထိ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ ဝင်ရောက်လျက်ရှိရာ တာချီလိတ်နေ့ချင်းပြန်နှင့် ညအိပ်ခရီးစဉ်တွင် ထိုင်းနိုင်ငံသား ၄၅၂၃၆ ဦး၊ တတိယနိုင်ငံသား (နိုင်ငံခြားသား)၄၆၆ ဦး၊ မိုင်းဖြတ်မြို့နှင့် ကျိုင်းတုံမြို့ ခရီးစဉ်သို့ ထိုင်းနိုင်ငံသားအများစု ပါဝင်သည့် တတိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည် ၈၀၀ ဦး၊ ပြည်တွင်းခရီးစဉ်သို့ ဗီဇာဖြင့် (ဗီဇာကင်းလွတ်ခွင့်ရ)နိုင်ငံသား အပါအဝင် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည် ၃၂၂၉ ဦးတို့ ဝင်ရောက်လည်ပတ်ခဲ့သည်။

**ကြည့်ရှုလေ့လာ**

အဆိုပါ ခရီးသွားဧည့်သည်များသည် နေ့ချင်းပြန်ခရီးစဉ်တွင် တာချီလိတ်မြို့ရှိ တာလော့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက်၊ ရွှေတိဂုံစေတီတော်၊ မြို့နယ်ဓမ္မာရုံနှင့် နဂါးနှစ်ကောင် ကျောင်းတိုက်တို့ကို သွားရောက်လည်ပတ်ကြသည်။ ညအိပ်ခရီးစဉ်အဖြစ် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာစေတီ၊ သမိုင်းဝင်ဆုတောင်းပြည့် စွန်တောင်းစေတီ၊ ကျိုင်းတုံမြို့အဝင် ပန်ကွဲတောင်ရှိ ဗုဒ္ဓဥယျာဉ်နှင့် ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရား၊ ရပ်တော်မူဘုရား၊ သစ်တစ်ပင်တောင်၊ နောင်တုံကန်၊ ရေတံခွန်နှင့် တိုင်းရင်းသား ကျေးရွာများအပြင် ပြည်တွင်းပိုင်းခရီးစဉ်အဖြစ် တာချီလိတ်မြို့မှ လေယာဉ်ခရီးစဉ် တိုက်ရိုက်ပျံသန်းသည့် ဟဲဟိုး၊ ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ လားရှိုးမြို့များမှတစ်ဆင့် အထင်ကရနေရာဒေသများသို့ သွားရောက်လည်ပတ်၍ ဘုရားဖူးခြင်း၊ ရေမြေတောတောင် သဘာဝအလှရှုခင်းများနှင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဗဟုသုတအဖြစ် ကြည့်ရှုလေ့လာကြသည်။

**ဝေယံလင်း(ပြန်/ဆက်)**



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ဒိန်းမတ်နိုင်ငံ အခွန်ဝန်ကြီး Mr. Karsten Styrbaek Lauriten နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

## ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ဒိန်းမတ်နိုင်ငံ အခွန်ဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၈**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ဒိန်းမတ်နိုင်ငံ အခွန်ဝန်ကြီး Mr. Karsten Styrbaek Lauriten နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့အကြား အခွန်နှစ်ထပ်ကျသင့်မှု ရှောင်ရှားရေး သဘောတူစာချုပ် (DTA) ချုပ်ဆိုနိုင်ရေးကိစ္စများနှင့် အခြားစီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

## လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကျင်းပ

**တပ်ကုန်း ဇန်နဝါရီ ၁၈**

နေပြည်တော် အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနနှင့် FARM PROJECT တို့ ပူးပေါင်းကျင်းပသည့် လူသုံးကုန်နှင့်အလှကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့က နေပြည်တော် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာရှိ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် နေပြည်တော် အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းညွန့်တို့က သင်တန်းဆင်းအမှာစကားပြောကြားပြီး စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ(KC)မန်နေဂျာ ဦးနိုင်လင်းက သင်တန်းဆိုင်ရာများ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းထောက်ပံ့ငွေနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ ဒေသခံသင်တန်းသား စုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းတွင် ခေါင်းလျှော်ရည်၊ သနပ်ခါးခဲ၊ သနပ်ခါးပေါင်ဒါ၊ ကြွေချေးချွတ်၊ မိတ်ကပ်ရည်၊ နေလောင်ခံသနပ်ခါး၊ ဆပ်ပြာအမျိုးမျိုးနှင့် ကိုယ်လိမ်းပေါင်ဒါ စသည့် ပစ္စည်းစုစုပေါင်း ၂၇ မျိုးတို့ကို သင်တန်းနည်းပြ ဆရာမများက ရက်သတ္တပတ်ကြာ စာတွေ့လက်တွေ့ဖြင့် ရောင်းတန်းဝင်ပစ္စည်းဖြစ်သည်အထိ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# အခုလို အစိုးရကနေ ဦးဆောင်ပြီးမှ စာပေပွဲတော်လုပ်ပေးပြီးတော့ တိုင်းရင်းသားစာပေယဉ်ကျေးမှုကိုလည်း ပါဝင်ပြသစေတဲ့အတွက် အများကြီးအားတက်စရာပါ

အင်ဘောဘွမ်ဇော်လွမ် (အတွင်းရေးမှူး)

**တွေ့ဆုံမေးမြန်း- အောင်မင်းဟန်**
**ဓာတ်ပုံ- ထိန်နန်၊ သက်နိုင်**

**ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရတို့ ပူးပေါင်း၍ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဇန်နဝါရီ ၂၀ မှ ၂၂ ရက်အထိ သုံးရက်တာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။**

**အဆိုပါပွဲတော်နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ပြောကြားချက်များကို စုစည်းဖော်ပြအပ်ပါသည်။**



ဦးအောင်ဝင်း



ဦးဆန်းဝင်း



ဦးအောင်ဆန်းဦး



အင်ဘောဘွမ်ဇော်လွမ်



ဒေါ်ခင်သန်းနွဲ့



ဦးကောနထင်လောန်



မဆန်နိုင်လှိုင်ဆန်း

**ဦးအောင်ဝင်း (ပါမောက္ခချုပ်)**
**မြစ်ကြီးနားတက္ကသိုလ်**

ကလေးစာပေပွဲတော်ကို တစ်နိုင်ငံလုံးရှိ နေရာတော်တော်များများမှာ ကျင်းပပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်နယ်က မိုးညှင်းမှာလည်း ကျင်းပခဲ့ပြီး ဖြစ်ပါတယ်။ ပြည်နယ်အဆင့်အနေနဲ့ မြစ်ကြီးနားမှာ အခုကျင်းပတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ကချင်ပြည်နယ်အစိုးရတို့ ပူးပေါင်းပြီး မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမမှာ ကျင်းပသွားမှာဖြစ်ပါတယ်။

ဒီလိုကျင်းပတဲ့အခါ ကလေးတွေ စာဖတ်စွမ်းရည်မြင့်တက်စေဖို့ အသိပညာပေးဆိုင်းဘုတ်တွေလည်း ထားရှိထားပါတယ်။ အဓိကက ကလေးတွေအားလုံးကို စာဖတ်စေချင်တာပါ။ ဒီအတွက်လည်း ဒီလိုပွဲတော်မျိုးတွေနဲ့ စာဖတ်စွမ်းရည်တွေ မြှင့်တင်ရမှာ ဖြစ်ပါတယ်။

ပွဲတော်ကို ကျောင်းသားတွေတင်မကဘူး။ သူတို့ရဲ့ မိဘတွေလည်း ပါလာကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် တစ်ဆက်တည်း ကလေးတွေရဲ့မိဘတွေလည်း ကလေးတွေအတွက် စာဖတ်တဲ့ အကျင့် ပြုစုပေးရမယ်ဆိုတာ သိသွားမှာဖြစ်ပါတယ်။ စာဖတ်ခြင်းကနေ အကျိုးအမြတ်တွေ အများကြီးရရှိနိုင်တယ်။ စာဖတ်မှုလည်း ဘယ်လိုအကျိုးကျေးဇူး ရရှိနိုင်တယ်၊ အသိဉာဏ်ပညာတွေ ရရှိလာနိုင်တယ်ဆိုတာကို ကလေးတွေ ကိုယ်တိုင်သိနားလည်လာမှာ ဖြစ်ပါတယ်။ ဒီလို စာဖတ်ရင်းနဲ့ပဲ အသိပညာတိုးပွားလာမှာဖြစ်ပါတယ်။ ဒါတွေက ကလေးစာပေပွဲတော်ကနေ ရလာမယ့်ရလဒ်ကောင်းကြီးတစ်ခုလို့ ကျွန်တော်မြင်ပါတယ်။

ပြီးတော့ ကလေးတွေ စာများများ ဖတ်လာဖို့ ကလေးစာပေ စာအုပ်တွေလည်း များများထုတ်ရမယ်လို့ ထင်ပါတယ်။ ငယ်ငယ်တုန်းမှာ ရွှေသွေး၊ တေဇတွေ ဖတ်ရင်းကြီးလာပြီးတော့ တဖြည်းဖြည်းနဲ့ ရုပ်ပြ၊ မဂ္ဂဇင်းတွေ၊ ဝတ္ထု၊ နောက်တော့ အကျိုးရှိမယ့်၊ အသုံးကျမယ့် ပညာရပ်ဆိုင်ရာ စာအုပ်တွေစသဖြင့် အသက်အရွယ် အသိအမြင်အလိုက် တိုးတက်ပြောင်းလဲ ဖတ်တတ် လာမှာပါ။ ဒါကြောင့် စာလည်းဖတ်ပါ။ တစ်ဖက်က ခေတ်အရ လူငယ်တွေက မိုဘိုင်းဖုန်း သုံးကြတာလည်း မပစ်ပယ်ပါဘူး။ ဒါပေမယ့် ကျွဲကူးရေပါ ဆိုသလိုမျိုးဖုန်းနဲ့ အင်တာနက် အသုံးပြုတဲ့အခါ စာဖတ်ဖို့ လိုတယ်ဆိုတဲ့ အသိစိတ်ကလေးနဲ့ ကိုယ့်ဘဝအတွက် လိုအပ်တဲ့ စာတွေကိုလည်း ဒီဖုန်းနဲ့ပဲ ဖတ်လို့ရတယ်။ ဒါကြောင့် တစ်ပါတည်း ဖတ်စေချင်ပါတယ်။ ဒီလိုဆိုရင် စာဖတ်အားများလာမယ်လို့ မျှော်လင့်ပါတယ်။

ဒီလိုမျိုး ကလေးစာပေပွဲတော်တွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအားလုံးမှာ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပစေချင်ပါတယ်။ ဒီလိုပွဲတော်တွေ ကျင်းပတဲ့အတွက် စာပေကို မြတ်နိုးလာမယ်။ စာအုပ်တွေ ဖတ်ချင်စိတ်ပေါ်လာမယ်။ စာအုပ်ထဲက အကျိုးအမြတ်တွေ ဘယ်လိုရယူမယ်ဆိုတာ သိလာမှာဖြစ်တဲ့အတွက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်စေချင်ပါတယ်။

**ဦးဆန်းဝင်း(ဒုတိယညွှန်ကြားရေးမှူး)**
**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

ကလေးစာပေပွဲတော်တွေ ကျင်းပပြုလုပ်တဲ့ ရည်ရွယ်ချက်က ကလေးတွေ စာအုပ်စာပေမှာ နှစ်သက်မွေ့လျော်ပြီး ရာသက်ပန် ပညာရှာမှီးလိုသူတွေ ဖြစ်လာစေဖို့၊ ပွဲတော်မှာပျော်ရွှင်စွာ ဆင်နွှဲရင်း စုပေါင်းလုပ်တတ်ဖို့၊ ပညာဗဟုသုတ သာမက လူရည်လူသွေးပါ ပြည့်ဝပြီး အနာဂတ်တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူတွေဖြစ်လာစေဖို့ ရည်ရွယ်တာပါ။

မြစ်ကြီးနားမှာ ကလေးစာပေပွဲတော်ကို ဇန်နဝါရီ ၂၀ ရက်ကနေ ၂၂ ရက်အထိ သုံးရက်တာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲတော်မှာလည်း တခြားနေရာတွေလိုပဲ စက္ကူခေါက် ပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲတွေ ကျင်းပသွားမယ်။ ဒီမှာထူးခြားတာတစ်ခုက စကားရည်လုပြိုင်ပွဲ ပါဝင်လာတာဖြစ်ပါတယ်။ ပုံပြင်ပြောပြိုင်ပွဲမှာ အင်္ဂလိပ်ဘာသာနဲ့ ပုံပြောပြိုင်ပွဲလည်း ထည့်ထားပါတယ်။ ဒီပွဲမှာတော့ သီးသန့်ပြိုင်ပွဲတွေကတော့ အင်္ဂလိပ်ဘာသာနဲ့ ပုံပြောပြိုင်ပွဲ၊ စကားရည်လုပြိုင်ပွဲနဲ့ ပန်းချီပြိုင်ပွဲဖြစ်ပါတယ်။

စာပေစကားဝိုင်း ဆွေးနွေးပွဲလည်း ပါဝင်ပြီးတော့ တက္ကသိုလ်အဆင့်မြင့်ပညာသင်ကြားနေတဲ့ ကျောင်းသားကျောင်းသူတွေက ပါဝင်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီပွဲတော်ကြီးမှာ ထူးခြားတာတစ်ခုကတော့ ၂၀၁၈ ခုနှစ်အတွင်း ထုတ်ဝေခဲ့တဲ့ စာအုပ်ပေါင်း ၃၀၀၀ ကျော် ၄၀၀၀ နီးပါးကိုလည်း တစ်စုတစ်ဝေးတည်း ပြသထားတာ ဖြစ်ပါတယ်။ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနက ရန္တပိုစာချုပ်၊ အောင်ဆန်းအက်တလီစာချုပ်၊ ပင်လုံစာချုပ်စတဲ့ စာချုပ်တွေကို ဒီပွဲတော်ကြီးမှာ ခမ်းခမ်းနားနား ပြသသွားမှာဖြစ်ပါတယ်။

မြစေတီ ကျောက်စာကိုလည်း ပြည်သူတွေ လေ့လာသိရှိနိုင်အောင်လို့ ကျောက်စာနမူနာ ထုတ်နုတ်ပြီးတော့ ဖော်ပြသွားမှာဖြစ်ပါတယ်။ ပွဲတော်ရက်တွေမှာ နေ့စဉ်ဖျော်ဖြေရေးအစီအစဉ်တွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ခန်းမကြီးအပြင်ဘက်မှာလည်း တိုင်းရင်းသား ရိုးရာအက၊ ဆင်အက၊ ရုပ်သေး၊ မျက်လှည့်တွေနဲ့ ဖျော်ဖြေရေးအစီအစဉ်တွေကို ထည့်သွင်းစီစဉ်ထားပါတယ်။

ပြခန်းအနေနဲ့ ဌာနဆိုင်ရာ ပြခန်းတွေ၊ ပညာရေးပြခန်းတွေ အားလုံး စုစုပေါင်း ၂၅ ခန်း လောက် ပြသသွားမှာ ဖြစ်ပါတယ်။ အလားတူပဲ တိုင်းရင်းသားတွေရဲ့ဒေသအလိုက် လူမျိုးအလိုက် ရိုးရာပစ္စည်း၊ လက်ဝတ်ရတနာပစ္စည်း၊ စာပေတွေကိုလည်း ပြခန်းပေါင်း ၁၂ ခန်း လောက်ပြသသွားမှာ ဖြစ်ပါတယ်။ ပွဲတော်လာရောက်ကြည့်ရှုသူတွေ စာအုပ်တွေ ဝယ်ယူဖတ်ရှုနိုင်ဖို့အတွက် စာအုပ်အရောင်းဆိုင်ခန်းပေါင်း ၅၀ ကိုလည်း ဖွင့်လှစ်သွားမှာဖြစ်ပါတယ်။

**ဦးအောင်ဆန်းဦး(ဦးစီးအရာရှိ)**
**လမ်းဦးစီးဌာန၊ မြစ်ကြီးနားမြို့**

ကျွန်တော်တို့က ကလေးစာပေပွဲတော်ကို မြစ်ကြီးနားတက္ကသိုလ်မှာ အောင်မြင်စွာ ကျင်းပနိုင်ဖို့အတွက် အခမ်းအနားပြင်ဆင်ရေးကော်မတီထဲမှာ ပါဝင်ပါတယ်။ ကျွန်တော်တို့ ဦးစီးဌာနက ကလေးစာပေပွဲတော်မှာ ထည့်သွင်းကျင်းပမယ့် ဖူဆယ်ဘောလုံးပြိုင်ပွဲအတွက် ဖူဆယ်ဘောလုံးကွင်း၊ ထုပ်ဆီးတိုးကွင်းတွေကို မြေညှိပြုပြင် ပေးရပါတယ်။ နောက်လုပ်ငန်းတစ်ခုက ကလေးစာပေပွဲတော်လာတဲ့ ကလေးတွေ သန့်စင်ခန်းအသုံးပြုနိုင်ဖို့အတွက် ကျား ၁၀ ခန်း၊ မ ၁၀ ခန်း တည်ဆောက်ဆောင်ရွက် ရပါတယ်။ နောက်ထပ်တိုးလုပ်ငန်းတစ်ခုက ကလေးစာပေပွဲတော်ကျင်းပမယ့် ဘွဲ့နှင်းသဘင်ရှေ့မှာ ဖျော်ဖြေရေးစင်မြင့်၊ရုပ်သေးနဲ့ မျက်လှည့်စင်မြင့် တည်ဆောက်ခြင်းကို ဆောင်ရွက်ပေးရပါတယ်။ အခုကတော့ ဒီလုပ်ငန်းတွေ အားလုံးကို ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ကလေးစာပေပွဲတော် အောင်မြင်စွာ ကျင်းပဖို့ အဆင့်သင့်ဖြစ်နေပါပြီ။

**အင်ဘောဘွမ်ဇော်လွမ်(အတွင်းရေးမှူး)**
**ဂျိမ်းဖောစာပေနှင့် ရိုးရာယဉ်ကျေးမှုကော်မတီ**

ကျွန်တော်တို့ ဂျိမ်းဖောစာပေနှင့် ရိုးရာယဉ်ကျေးမှုကော်မတီအနေနဲ့ ပြခန်းမှာ ဘိုးဘွားတွေ အသုံးပြုခဲ့တဲ့ အသုံးအဆောင် အမွေအနှစ်တွေ ပြသသွားမယ်။ ဒါတွေကို အခုခေတ်ကလေးတွေ မသိကြတာများတယ်။ ပြီးတော့ ဘိုးဘွားတွေ သုံးခဲ့တဲ့ အမွေအနှစ်ပစ္စည်းတွေ၊ ရိုးရာပစ္စည်းတွေ ခင်းကျင်းပြသသွားမှာ ဖြစ်ပါတယ်။ ကလေးတွေနဲ့ ပတ်သက်လို့ ကဗျာပြိုင်ပွဲတွေ ရှိတယ်။ ပုံပြောပြိုင်ပွဲတွေရှိတယ်။ ကဗျာပြိုင်ပွဲမှာ ဂျိမ်းဖောဘာသာနဲ့ ရွတ်ဆိုတာလည်း ပါမှာပါ။ အခုလို အစိုးရကဦးဆောင်ပြီး ကလေးစာပေပွဲတော်တွေ ကျင်းပပေးတာ အများကြီး အကျိုးရှိပါတယ်။အများကြီးဝမ်းသာပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေမှာ ကိုယ့်ရဲ့စာပေဘာသာနဲ့ ပတ်သက်ပြီး အရင်တုန်းက အခွင့်အရေးအများကြီး မရှိဘူး။ ဂျိမ်းဖောဘာသာ စာပေဆိုရင် နွေရာသီကျောင်းပိတ်ရက်မှာ ကလေးတွေကို ဂျိမ်းဖောစာပေ သင်ပေးတာလောက်ပဲ ရှိတယ်။ အခုလို အစိုးရကနေ ဦးဆောင်ပြီးမှ စာပေပွဲတော် လုပ်ပေးပြီးတော့ တိုင်းရင်းသားစာပေယဉ်ကျေးမှုကိုလည်း ပါဝင်ပြသစေတဲ့အတွက် အများကြီး အားတက်စရာပါ။

ဝတ်စားဆင်ယင်မှု ရိုးရာဝတ်စုံတွေ ဒါတွေကိုလည်း စာပေပွဲတော်မှာ ပြသသွားမယ်။ အရင်တုန်းက တောင်ယာတွေမှာ အသုံးပြုတဲ့ အသုံးအဆောင်ပစ္စည်းတွေကိုလည်း ပြသသွားမှာ ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းနွဲ့**
**ပြည်နယ်ပညာရေးမှူး၊ ကချင်ပြည်နယ်**

ကလေးတွေအတွက် ရည်ရွယ်တဲ့ပွဲတော်ဖြစ်တဲ့အတွက်ကြောင့် ကလေးတွေအတွက် အများကြီး အကျိုးကျေးဇူး ရှိပါတယ်။ ဖွင့်ပွဲအခမ်းအနားမှာလည်း ကလေးတွေ ပါဝင်ကြမှာ ဖြစ်ပါတယ်။ အထက လေးကျောင်းက ဘင်ခရာလေး သင်းပါဝင်ပါတယ်။ ပွဲတော်ရက်တွေမှာ တစ်နေ့ ဖျော်ဖြေရေးအစီအစဉ် အခု ၃၀ နဲ့ ပါဝင်ဖျော်ဖြေကြမှာ ဖြစ်ပါတယ်။ ပြီးတော့ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲတွေမှာ တိုင်းရင်းသားဘာသာစကားနဲ့ ပုံပြောပြိုင်ပွဲတွေ၊ ကဗျာပြိုင်ပွဲတွေ ထည့်သွင်းပေးထားပါတယ်။

**ဦးကောနထင်လောန်(ဥက္ကဋ္ဌ)**
**ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်း**

ကျွန်တော်တို့ ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းအနေနဲ့ ကလေးစာပေပွဲတော်မှာ ရဝမ်လူမျိုးတွေ အားလုံးရဲ့ ကိုယ်စား ရဝမ်စာပေပေါ်ပေါက်လာပုံ၊ ဘိုးဘေးဘီဘင် လူကြီးတွေရဲ့ဓာတ်ပုံတွေ၊ ရိုးရာယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုဓာတ်ပုံတွေ၊ ရိုးရာဝတ်စုံတွေနဲ့ ရိုးရာအသုံးအဆောင်ပစ္စည်းတွေ ပြသသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့မှာ စာပေရော၊ ဘာသာစကားရောပါ နေထိုင်ရာဒေသရော သုံးမျိုးစလုံး ပြည့်စုံစွာ တည်ရှိနေပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ရဝမ်လူမျိုးမပျောက်အောင် စာပေကို ထိန်းသိမ်းဖို့ တာဝန်ရှိပါတယ်။ ဒီလို ထိန်းသိမ်းတဲ့နေရာမှာ ကျွန်တော်တို့ အခုလို ပြပွဲတွေ လုပ်ပေးတဲ့အတွက် ဝမ်းသာတယ်။ ဆက်လက်ပြီး ထိန်းသိမ်းဖို့လည်း ခွန်အားတွေ ရပါတယ်။ ဒီလိုမျိုး ခွန်အားတွေကြောင့် ကျွန်တော်တို့ စာပေ၊ ယဉ်ကျေးမှုတွေကို ဆက်ပြီးထိန်းသိမ်းသွားမှာပါ။

ဒီလိုထိန်းသိမ်းနိုင်ဖို့အတွက် ရဝမ်စာပေကို နွေရာသီကျောင်းပိတ်ရက်တွေမှာ ကလေးတွေကို သင်ကြားပေးပါတယ်။ ရဝမ်လူမျိုးတွေ ၉၉ ရာခိုင်နှုန်းဟာ ခရစ်ယာန်တွေဖြစ်တဲ့အတွက်ကြောင့် ဘုရားကျောင်းတွေမှာ နှစ်စဉ်နှစ်တိုင်း ရဝမ်စာပေတွေကို သင်ကြားပေးလျက် ရှိပါတယ်။ အခုအခြေခံပညာကျောင်းတွေမှာ သင်ကြားပေးဖို့အတွက် ကြိုးစားဆောင်ရွက်တဲ့နေရာမှာ ဒေသသင်ရိုးနဲ့အတူ တိုင်းရင်းသားစာပေ သင်ကြားဖို့ ဆောင်ရွက်နေတယ်။ နောင်ကျရင် ဘုရားကျောင်းတွေအပြင် အခြေခံပညာကျောင်းတွေမှာလည်း တိုင်းရင်းသားစာပေကို သင်ကြားခွင့်ရရှိမှာ ဖြစ်တဲ့အတွက် ဆက်လက်တိုးတက်ခိုင်မြဲမယ်လို့ ခံယူထားပါတယ်။

**မဆန်နိုင်လှိုင်ဆန်း**
**ပထမနှစ်၊ သချာ်**

စာပေပွဲတော်တွေ ကျင်းပပြုလုပ်ပေးတာ လူငယ်တွေအတွက် ကောင်းပါတယ်။ ဖုန်းနဲ့အချိန်ကုန်တဲ့ ခေတ်ဖြစ်နေတော့ စာပေဖတ်ဖို့အတွက် ပြန်ပြီးနှိုးဆော်နေကြရတယ်လို့ မြင်ပါတယ်။ ဖုန်းသုံးတယ်ဆိုပေမယ့်သုံးတဲ့ အချိန်ကို ကိုယ့်စည်းကမ်းနဲ့ ကိုယ့်သုံးတာက ပိုကောင်းပါတယ်။ ကလေးစာပေပွဲတော်က ကလေးသာမက လူကြီးလူငယ် အားလုံးတက်ရောက်လို့ရတယ်။ ပြီးတော့ စာပေပွဲတော်က တစ်ယောက်ချင်းစီတိုင်းကို ဗဟုသုတရဖွယ်ဖြစ်နိုင်တယ်။ ပွဲတော်ကို တစ်ခါလုပ်ပြီး ပြီးသွားတာမျိုးမဟုတ်ဘဲ နှစ်စဉ်လုပ်ပေးနိုင်ရင် ပိုကောင်းပါတယ်။

စာပေဆိုတာကတော့ လူတစ်ယောက်အတွက် အကောင်းဆုံးတွေ ဖန်တီးပေးစွမ်းနိုင်တယ်။ စာပေကနေ အကျင့်ဆိုးတွေ ရသွားတယ်ဆိုတာကတော့ မရှိဘူး။ အနာဂတ်အတွက် ကောင်းလာတဲ့သူပဲ ရှိတယ်လို့ ထင်ပါတယ်။ ဒါကြောင့်မို့ အားလုံးကို လာစေချင်တယ်။ အားလုံး တက်ရောက်ဖို့လည်း ဖိတ်ခေါ်ချင်ပါတယ်။

**ထူးခြားသည့် ညအပူချိန်များ**

**နေပြည်တော် ဇန်နဝါရီ ၁၈-** ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူအချိန်တို့အောက် ၂ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ပဲခူးတိုင်းဒေသကြီးတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၂ ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

မိုး/ဇလ

# ငဝန်တံတား (လေးမျက်နှာ) ရာနှုန်းပြည့်ပြီးစီး၍ မကြာမီ ဖွင့်လှစ်တော့မည်

**လေးမျက်နှာ ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာ ခတ္တူ-ပန်းတော်ကြီးလမ်းပေါ်ရှိ ငဝန်မြစ်ပေါ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄) တံတားအထူးအဖွဲ့(၁၆) မှ တာဝန်ယူတည်ဆောက်ခဲ့သော ငဝန်တံတား(လေးမျက်နှာ)မှာ ယခုအခါ တည်ဆောက်မှုလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ မကြာမီ ဖွင့်လှစ်နိုင်ရန် တံတားအထူးအဖွဲ့ (၁၆)မှ စီစဉ်လျက်ရှိသည်။

တည်နေရာမှာ လေးမျက်နှာမြို့နယ်၌ဖြစ်ပြီး တံတားအရှည်မှာ ၁၉၆၈ ဒသမ ၆ ပေရှိသည်။ တံတားအမျိုးအစားမှာ အောက်ခံအုတ်မြစ် (1.2)m Bored Pile တံတားကိုယ်ထည် R.C Concrete ရေလမ်းကင်းလွတ်အမြင့်ပေ ၂၀ ရေလမ်းကင်းလွတ်အမြင့်ကျယ် ၁၇၃ ပေ တံတားခံနိုင်ဝန် AASTO HS 25-44 ဖြစ်ပြီး စီမံကိန်းတံတားတန်ဖိုးမှာငွေကျပ် ၁၁၄၅၀ သန်းနှင့် ချဉ်းကပ် လမ်းတန်ဖိုးငွေကျပ် ၁၁၄၅ ဒသမ ၆၈ သန်းဖြစ်သည်။

**ဖြတ်သန်းခွင့်ပြုထား**

အဆိုပါတံတားကို တံတားအထူးအဖွဲ့(၁၆) သည် (၁၈-၁၀-၂၀၁၆) ခုက စတင်တည်ဆောက်ခဲ့ပြီး (၃၁ - ၁၂-၂၀၁၈) ရက်နေ့တွင် ရာနှုန်းပြည့်ပြီးစီးခဲ့၍ တံတားဖွင့်ပွဲမပြုလုပ်မီ ပြည်သူများ လွယ်ကူစွာသွားလာနိုင်ရန် အသုံးပြုခွင့်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် (၁-၁၂-၂၀၁၈) နေ့က စတင်၍ လူနှင့်ကားလေးများဖြတ်သန်းခွင့်ကို ပြုထားသည်။

အဆိုပါ တံတားတည်ဆောက်ပေးလိုက်တဲ့အတွက် ယခင်လေးမျက်နှာတစ်မြို့တည်း၌ပင် ငဝန်မြစ်ကြီးက ကန့်လန့်ဖြတ် ကာစီးထားသလိုဖြစ်နေတဲ့အတွက် နှစ်ခြမ်းကွဲနေရသည့် ဘဝက လွတ်မြောက်ပြီး ခတ္တူ- ပန်းတောကြီး လမ်းတစ်လျှောက်နှင့် လေးမျက်နှာမြို့ အနောက်ဘက်ခြမ်းဒေသရှိ ကျေးရွာအုပ်စု ၂၂အုပ်စုကျေးရွာပေါင်း ၁၄၁ ရွာ ပြည်သူပေါင်း ၆၂၃၂၈ ဦးကို ပညာရေး၊ ကျန်းမာရေးနှင့် ဒေသထွက်ကုန်များဖြစ်သော ဆန်၊ စပါး၊ ကောက်ပဲသီးနှံများနှင့် ချောင်းကျောက်၊ ချောင်းသဲ၊ ချောင်းကျောက်စလစ်နှင့် အုတ်စသည့် တည်ဆောက်ရေးပစ္စည်းများ မြို့နယ်အသီးသီးသို့ တံတားကြီးကို အသုံးပြုဖြတ်သန်းပြီး သွားရောက် ရောင်းဝယ်နိုင်ကြတော့မည်ဖြစ်သလို လေးမျက်နှာမြို့ အရှေ့ဘက်ခြမ်းရှိ ရပ်ကွက်ကြီး (၅) ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၁ အုပ်စု၊ ကျေးရွာပေါင်း ၁၄၃ရွာမှ ပြည်သူ ၄၇၄၁၉ ဦး တို့မှာလည်း ငဝန်မြစ်အနောက် ဘက်ခြမ်းရှိ မိမိတို့၏ ဆွေမျိုးမိတ်သင်္ဂဟများထံရာ ရာသီမရွေး သွားလာနိုင်တော့မည်ဖြစ်သည်။

**ခရမ်း-စိုးမြင့်**



ငဝန်တံတား(လေးမျက်နှာ) တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

## သီပေါ၌ မြို့နယ်နှင့် ရပ် / ကျေးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ လုပ်ငန်းညှိနှိုင်း

**သီပေါ ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ၂၀၁၉ ခုနှစ် မဲစာရင်းပြုစုခြင်းနှစ်အတွင်း မှန်ကန်ပြည့်စုံသောမဲစာရင်းများ ရရှိနိုင်ရေး အကြိုလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၆ ရက်က အဆိုပါရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲ ရွေးကောက်ပွဲကော်မရှင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်နှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်တို့၏ လမ်းညွှန်မှာကြားချက်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး ဆောက်လုပ်ရန်မြေနေရာ ရရှိရေးအတွက် တင်ပြထားရှိမှုအခြေအနေများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးစိုင်းမင်းလွင်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌက မြို့နယ်နှင့် ရပ် / ကျေးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၏ မဲဆန္ဒစာရင်းပြုစုခြင်း၊ စုရပ်အလိုက်နယ်မြေ တာဝန်ခွဲဝေမှုများကို တာဝန်ပေးအပ်ပြီး မြို့နယ်၊ ရပ် / ကျေးကော်မရှင်အဖွဲ့ခွဲဝင်များ၏ ဆွေးနွေးအကြံပြုချက်များကို ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



သီပေါမြို့နယ်ရွေးကောက်ပွဲအဖွဲ့ခွဲဝင်များနှင့် ရပ် / ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။


ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( မြစ်ကြီးနားမြို့ )



၂၀၁၉ ခုနှစ် ၊ ဇန်နဝါရီလ (၂၀၊ ၂၁၊ ၂၂)ရက်၊ (တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ)နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ ၊ မြစ်ကြီးနားမြို့။


## စစ်ဘေးရှောင်နေရပ်စွန့်ခွာလာသူများအား နေရပ်သို့ပြန်လည်ပို့ဆောင်ပေး

**မိုင်းဆတ် ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်ခရိုင် မုံးထမြို့သို့ ခေတ္တရောက်ရှိနေသော စစ်ဘေးရှောင်နေရပ်စွန့်ခွာ တိမ်းရှောင်လာသူ ပအိုဝ်းလူမျိုး ၃၀၉ ဦးအား ဇန်နဝါရီ ၁၈ ရက်က နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁ ရက်က စစ်ဘေးရှောင်နေရပ်စွန့်ခွာတိမ်းရှောင်လာသည့် ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းပန်မြို့နယ် နားမွန်းကျေးရွာအုပ်စု မိုက်ပုတ်ကျေးရွာနှင့် နောင်ချိုကျေးရွာမှ ပအိုဝ်းလူမျိုး အိမ်ထောင်စု ၈၂ စု၊ အမျိုးသား ၁၂၅ ဦး၊ အမျိုးသမီး၁၇၇ ဦး၊ ကိုရင်ခုနစ်ပါး စုစုပေါင်းလူဦးရေ ၃၀၉ ဦးအား တပ်မတော်မော်တော်ယာဉ် ၁၂ စီးဖြင့် ဇန်နဝါရီ ၁၇ ရက်ညနေ ၅ နာရီက သံလွင်မြစ်ကူးတံတား (တာဆန်း) အနီးရှိ မိုင်းပန်မြို့နယ် နယ်မြေခံတပ်ရင်းသို့ ပို့ဆောင်ပေးခဲ့ပြီး ဇန်နဝါရီ ၁၈ ရက်ကနေရပ်သို့ ဆက်လက်ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ နေရပ်စွန့်ခွာလာသူများအား ရှမ်းပြည်နယ်အစိုးရမှ ထောက်ပံ့သော ဆန်အိတ် ၃၀၊ ခရိုင် ထွေ / အုပ်မှ ဆန်အိတ် ၁၀ အိတ်၊ ခရိုင် / မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုပေါင်းလှူဒါန်းသော အဝတ်အထည်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၅၄၅၀၀၀ ကို ထောက်ပံ့လှူဒါန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဇော်(မိုင်းဆတ်)**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်းထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁ | မြန်မာနှင့် ကမ္ဘာ့သိမှတ်ဖွယ်ရာ စာစုများ | ပါမောက္ခ ဦးမြင့်စော (ငြိမ်း) | ကောင်းကျော် | ၄၀၀၀ |
| ၂ | အမှတ်မရှိလျှင် ကျွန်ဖြစ်ဖို့ပြင် အမျိုးသားရေးတံခါးခေါက်သံ သုတရသ ဆောင်းပါးနှင့် ကဗျာများ | သာဂီကနောင် | - | ၁၅၀၀ |
| ၃ | နှစ်ကိုယ်ခွဲ | မင်းလူ | ရွှေနှလုံးသား | ၃၅၀၀ |
| ၄ | လူပြက်သုံးယောက် | The Key Collection | The Key | ၁၅၀၀ |
| ၅ | သုံးနားညီတြိဂံ | ကလောင်စုံ | မျိုးဆက်သစ် | ၂၀၀၀ |
| ၆ | သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆောင်းပါးများ (၂) | ဝင်းချစ် | - | ၂၅၀၀ |
| ၇ | အတွေးချိုချို ဘဝချိုချို | နိုက် | မျိုးဆက်သစ် | ၂၅၀၀ |
| ၈ | မျှတမှ တရားရ | ဓမ္မဒူတအရှင်ပညာဇောတ | ဆုပြည့်စုံထွန်း | ၁၅၀၀ |
| ၉ | စာမှန်အောင်ရေးကြစို့ | လူထုဒေါ်အမာ | လူထု | ၃၅၀၀ |
| ၁၀ | ဘဝမခြားသေးခင် ဉာဏ်တံခါးလေးဆင် တရားတော်နှင့် ပဋ္ဌိစ္စ သမုပ္ပာဒ်စက်ဝိုင်းသင်တန်း တရားတော်များ | သစ္စာကြယ်တစ်ပွင့် ဆရာတော် | မျိုးဆက်သစ် | ၃၀၀၀ |
| ၁၁ | စိန်ခေါ်မှုများနှင့် စစ်ခင်းသူ အခြားဆောင်းပါးများ | ဆိပ်ကမ်းသာ | ဇင်လင်း | ၃၀၀၀ |
| ၁၂ | ဘာသာပြန်စာတမ်းများ (ပထမတွဲ) | ကလောင်စုံ | စာပေဗိမာန် | ၂၅၀၀ |
| ၁၃ | ဘာသာပြန်စာတမ်းများ (ဒုတိယတွဲ) | ကလောင်စုံ | စာပေဗိမာန် | ၂၅၀၀ |
| ၁၄ | သီလတန်ခိုး အကျိုးများစွာ | တက္ကသိုလ်နွေလုလင် | မျိုးဆက်သစ် | ၂၀၀၀ |
| ၁၅ | ကြယ်ကြွေရာနောက်သို့ | တင်မောင်မြင့် | ကုံကော်ဝတ်ရည် | ၄၂၀၀ |
| ၁၆ | ဘယ်သီဘယ်ဝယ်နောက်သို့ | ကျောင်းကုန်းညော့မှူး | ဝန်ချတောင် | ၃၀၀၀ |
| ၁၇ | ဆောင်းပါးပေါင်းချုပ် (၂) | ကပ္ပတိန်သာစိန် | - | ၂၅၀၀ |

(ဆက်လက်ဖော်ပြပါမည်)

# တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော်  ဇန်နဝါရီ  ၁၈**

တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ကျင်းပသည်။ **(ယာပုံ)**

သတင်းစာရှင်းလင်းပွဲ၌ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ထွန်းထွန်းညီက AA သောင်းကျန်းသူအဖွဲ့အား စစ်ဆင်ရေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်စိုးနိုင်ဦးက ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**သတင်းစဉ်**





နယ်စပ်ဒေသမှ လူငယ်မောင်မယ်များ မြဝတီရုပ်မြင်သံကြားထုတ်လွှင့်ရေးစက်ရုံအတွင်း လှည့်လည်လေ့လာကြစဉ်။

# နယ်စပ်ဒေသများမှ လူငယ်မောင်မယ်များ နေပြည်တော်တွင် ဆက်လက်လေ့လာ

**နေပြည်တော်  ဇန်နဝါရီ  ၁၈**

နယ်စပ်ရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ နေပြည်တော်သို့ ရောက်ရှိနေသော နယ်စပ်ဒေသအသီးသီးမှ လူငယ်မောင်မယ်များသည် လေ့လာရေးခရီးစဉ်စတုတ္ထနေ့အဖြစ် ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းသို့ ရောက်ရှိကြပြီး အားကစားနည်းအလိုက် လေ့ကျင့်နေမှုများ၊ အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲဝင်အားကစားနည်းများပြခန်း၊ အားကစားနည်းအလိုက် ပြိုင်ပွဲမှတ်တမ်းတင်ဓာတ်ပုံများကို ကြည့်ရှုလေ့လာရာ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းတာဝန်ခံက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(MWD)သို့ ရောက်ရှိလေ့လာရာ တာဝန်ရှိသူတစ်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး အဆိုအကများနှင့် ဖျော်ဖြေသည်။ ထို့နောက် မြဝတီရုပ်မြင်သံကြား၏ နောက်ခံသမိုင်းကို Video Projector ဖြင့် ပြသခဲ့ပြီး လေ့လာရေးအဖွဲ့ဝင်များက ရိုးရာယဉ်ကျေးမှုများအား ဖလှယ်ခြင်းအစီအစဉ်အရ ရိုးရာအကများဖြင့် သီးခြားစီ ကပြဖျော်ဖြေခဲ့ပြီး လေ့လာရေး အထိမ်းအမှတ်အလံအား အပြန်အလှန် ပေးအပ်ခဲ့သည်။ ဆက်လက်၍ မြဝတီစာပေတိုက်ထုတ်စာအုပ်များနှင့် စာစောင်များအား လေ့လာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးထံ လက်ဆောင်ပေးအပ်ခဲ့သည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် မြဝတီရုပ်မြင်သံကြားထုတ်လွှင့်ရေးစက်ရုံအတွင်းရှိ သတင်းရိုက်ကူးခြင်း၊ တည်းဖြတ်ခြင်း၊ သတင်းထုတ်ပြန်ခြင်း ဆောင်ရွက်နေမှုများကို လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် အမျိုးသားပြတိုက်သို့ သွားရောက် လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များမှ အရည်အသွေးနှင့် အခြင်အတွယ်မှန်ကန်မှု ရှိ ၊ မရှိ စစ်ဆေးမှုများ တိုးမြှင့်ဆောင်ရွက်မည်

နေပြည်တော်  ဇန်နဝါရီ  ၁၈

**ပုဂ္ဂလိကစက်သုံးဆီသိုလှောင်ကန်စခန်းများနှင့် အရောင်းဆိုင်များမှ သိုလှောင်ဖြန့်ဖြူးရောင်းချသည့် စက်သုံးဆီများ သတ်မှတ်အရည်အသွေးနှင့် အခြင်အတွယ်မှန်ကန်ပြည့်ဝမှုရှိ၊ မရှိ ရှောင်တခင်စစ်ဆေးအရေးယူမှုများကို ယခုထက်ပို၍ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး သတ်မှတ်စံနှုန်းနှင့်မညီကြောင်း စစ်ဆေးတွေ့ရှိရပါက ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်ခြင်းခံရမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။**

ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေပုဒ်မ ၃၁ ပုဒ်မခွဲ (င)အရ ပြဋ္ဌာန်းထားသည့် လိုင်စင်ရရှိသူမည်သူမျှ "စံချိန်စံညွှန်း၊ အရည်အသွေးနှင့် အခြင်အတွယ် ပြည့်မီမှန်ကန်မှုမရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချခြင်းမပြုရ" ဆိုသည့် တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပုဒ်မ ၃၉(ခ)အရ ခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးငွေကျပ်ငါးသိန်းမှ အများဆုံး ငွေကျပ် သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်အရေးယူ ဆောင်ရွက်ခြင်းခံရမည်ဖြစ်ကြောင်း၊ ထို့အပြင် ပုဒ်မ ၃၁ ပုဒ်မခွဲ (က)အရ ပြဋ္ဌာန်းထားသည့် လိုင်စင်ပါစည်းကမ်းများကို ဖောက်ဖျက်ခြင်း (သို့မဟုတ်) ဆောင်ရွက်ရန်တာဝန်ကို ပျက်ကွက်ခြင်းမရှိစေရဆိုသည့် တားမြစ်ချက်ကို ကျူးလွန်လျှင် ပုဒ်မ (၃၄)အရ သတိပေးခြင်း၊ သတ်မှတ်ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်း၊ လိုင်စင်ကို အမြဲတမ်းပိတ်သိမ်းခြင်း (သို့မဟုတ်)ပယ်ဖျက်ခြင်းစသည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်၍ အရေးယူဆောင်ရွက်ခြင်းကို လည်းခံရမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ရောင်းချရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးလရော်က ပြောကြားသည်။

"ပုဂ္ဂလိကစက်သုံးဆီဆိုင်တွေကို စစ်ဆေးတဲ့အခါမှာ Mobile Lab နဲ့ စစ်တာရှိတယ်။ နောက်တစ်ခုက နမူနာယူပြီး စစ်ဆေးတာရှိတယ်။ Mobile Lab ကတော့ သူ့ရဲ့အမယ်အကုန်လုံးကို မစစ်နိုင်ဘူး။ စစ်ဆေးမှုတွေ စလုပ်တာကတော့ ၂၀၁၃ ခုနှစ်ကတည်းက စတင်စစ်ဆေးခဲ့တာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်ကနေ ၂၀၁၈ခုနှစ်အထိ Mobile Lab နဲ့ စစ်တာဆိုရင် တစ်နိုင်ငံလုံးမှာ စုစုပေါင်း ၄၄၄ ကြိမ်၊ စစ်ဆေးရေးအဖွဲ့နဲ့ စစ်တာကတော့ နှစ်မျိုးရှိတယ်။ တစ်မျိုးကတော့ ဆိုင်တွေအရည်အသွေးမမီဘူး၊ အခြင်အတွယ်မပြည့်ဘူးဆိုပြီး တိုင်ကြတယ်။ တိုင်ကြားလို့စစ်တာရယ်၊ ရေနံကြီးကြပ်ဆပ်ကော်မတီတွေကနေ ရှောင်တခင်ဝင်စစ်ဆေးတာရယ် ဖြစ်ပါတယ်။ အဲဒီအဖွဲ့မှာက ဌာနဆိုင်ရာတွေဖြစ်တဲ့ ပြည်ထဲရေးတို့၊ မီးသတ်တို့၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးတို့၊ အထွေထွေအုပ်ချုပ်ရေးဌာနတို့ စသဖြင့် ပါဝင်ပါတယ်။ ဒါကတော့ နမူနာကို စစ်တာဖြစ်ပါတယ်။ Mobile Lab ကတော့ သာမန်အားဖြင့် Ron လောက်ပဲစစ်ဆေးနိုင်တယ်။ အများကြီးမစစ်နိုင်ဘူး။ သူ့ရဲ့ကန့်သတ်ချက်ကလည်း တစ်နိုင်ငံလုံးကို မသွားနိုင်တဲ့အတွက် ရန်ကုန်တို့၊ မန္တလေးတို့၊ နေပြည်တော်တို့လောက်ပဲ သွားနိုင်တယ်။ အစီးရေကလည်းနည်းတယ်။ နမူနာကို စစ်ဆေးတာက တစ်နိုင်ငံလုံးဘယ်နေရာမှာမဆို လုပ်လို့ရတယ်။ ရှောင်တခင် စစ်တာပဲဖြစ်ဖြစ်၊ တစ်ဦးတစ်ယောက်က သတင်းပေးတိုင်ကြားတာပဲဖြစ်ဖြစ်၊ ဝယ်ယူသုံးစွဲသူတစ်ယောက်ယောက်က မကျေလည်တာဖြစ်ဖြစ် သက်ဆိုင်ရာကို တိုင်ကြားတယ်ဆိုရင် အဲဒီအဖွဲ့ကနေပြီး အဲဒီအတိုင်ခံရတဲ့ဆိုင်မှာ ဓာတ်ဆီ၊ ဒီဇယ် နှစ်မျိုးရောင်းတယ်။ ဒီဇယ်ဆိုရင် ပရီမီယံရောင်းတယ်။ ရိုးရိုးရောင်းတယ်။ ဓာတ်ဆီဆိုလည်း ၉၂ ၊ ၉၇ တို့ ၉၅ တို့ရောင်းတယ်။ အဲဒီတစ်မယ်ချင်းကို တစ်ဂါလန်ပုံးလေးတွေနဲ့ အနည်းဆုံး သုံးပုံးယူပြီးတော့ အားလုံးရှေ့မှာ စံချိန်ခွက်တွေနဲ့စစ်တယ်။ ဆီအရည်အသွေးစစ်ဆေးတာကတော့ သန်လျင်ရေနံချက်စက်ရုံမှာရှိတဲ့ ဓာတ်ခွဲခန်းကိုပို့ပြီး စစ်ဆေးရတယ်။ ဒါကိုတော့ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

" ပုံမှန်စစ်တာထက် ပိုပြီးတော့ ဆောင်ရွက်ဖို့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးကနေပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်ရောင်းဝယ်ရေးတွေကို ညွှန်ကြားတဲ့ အပိုင်းကတစ်ပိုင်း၊ ရေနံကြီးကြပ်ထိန်းသိမ်းရေးကနေ တိုင်းဒေသကြီးနဲ့ပြည်နယ်မှာ ဆပ်ကော်မတီတွေဖွဲ့ပါဆိုပြီး တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကြီးကြပ်ကော်မတီတွေနဲ့စစ်တဲ့အခါမှာ စစ်ဆေးခကို အစစ်ခံ ရတဲ့ဆိုင်က ကျခံရမှာ ဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့စံနှုန်းတွေနဲ့ မကိုက်ညီရင် ဥပဒေအရ သတိပေးဆောင်ရွက်တာအပြင် ဒဏ်ကြေးငွေပါ ပေးဆောင်ရမှာ ဖြစ်ပါတယ်။ ရေနံဥပဒေမထွက်သေးခင်တုန်းကတော့ စီမံခန့်ခွဲမှုနည်းလမ်းတွေဖြစ်တဲ့ ဆိုင်ကို သုံးလပိတ်တာတို့၊ ခြောက်လပိတ်တာတို့ ဥပမာ- မီးလောင်တာတို့ဆိုရင် သူ့ရဲ့ပေါ့လျော့မှုကြောင့်ဖြစ်တဲ့အတွက် အပြီးပိတ်သိမ်းတာတို့ အရေးယူခဲ့ဖူးပါတယ်။ အခုကတော့ Lab test ကို Mobile ကလည်း စစ်မယ်။ ရေနံကြီးကြပ်ကော်မတီတွေကလည်း စစ်ဆေးသွားမှာဖြစ်ပါတယ်" ဟု ၎င်းကဆက်လက်ပြောကြားသည်။



ပုဂ္ဂလိကစက်သုံးဆီဆိုင်တစ်ဆိုင်တွင် အရည်အသွေးနှင့် အခြင်အတွယ်ပြည့် မပြည့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက စစ်ဆေးစဉ်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် Mobile Fuel Lab မော်တော်ယာဉ်ခြောက်စီး အသုံးပြု၍ ရှောင်တခင်စစ်ဆေးမှုများကို ဆောင်ရွက်ရာတွင် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးကဲ့သို့ မြို့ကြီးများနှင့် အနီးတစ်ဝိုက်ကိုသာ ဆောင်ရွက်နိုင်ပြီး နိုင်ငံတစ်ဝန်းရှိ ပုဂ္ဂလိကစက်သုံးဆီသိုလှောင်ကန်စခန်းများနှင့် စက်သုံးဆီအရောင်းဆိုင်များမှ သိုလှောင်ဖြန့်ဖြူး ရောင်းချသည့် စက်သုံးဆီများ၏ အရည်အသွေးနှင့် အခြင်အတွယ် မှန်ကန်ပြည့်ဝမှုရှိစေရေးအတွက် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဖွဲ့စည်းထားပြီးဖြစ်သည့် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီများက Mobile Fuel Lab မော်တော်ယာဉ်မပါဘဲ ရှောင်တခင် ဝင်ရောက်စစ်ဆေး၍ စက်သုံးဆီနမူနာများကို ရယူပြီး သက်ဆိုင်ရာဓာတ်ခွဲခန်းများသို့ ပေးပို့စမ်းသပ်စစ်ဆေးမှုများကို ယခုထက်ပို၍ တိုးမြှင့်ပြုလုပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များအနေဖြင့် ဖြန့်ဖြူးရောင်းချသည့် စက်သုံးဆီများအား သတ်မှတ်အရည်အသွေးနှင့် အခြင်အတွယ်မှန်ကန်ပြည့်ဝစွာဖြင့် ဖြန့်ဖြူးရောင်းချသွားနိုင်ရေး အထူးအလေးထား ဆောင်ရွက်သွားကြရန်နှင့် စက်သုံးဆီဝယ်ယူသုံးစွဲသူပြည်သူများအနေဖြင့် စက်သုံးဆီအရောင်းဆိုင်များမှ ဖြန့်ဖြူးရောင်းချသည့်စက်သုံးဆီများ၏ အခြင်အတွယ်ပြည့်ဝမှန်ကန်မှုမရှိကြောင်း သံသယရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်ရောင်းဝယ်ရေး အရာရှိရုံးများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း၊ အဆိုပါအရောင်းဆိုင်များတွင် ထားရှိရသည့် သတ်မှတ်စံခြင်ခွက်များဖြင့် ခြင်တွယ်စစ်ဆေးနိုင်ကြောင်းနှင့် စစ်ဆေးပြီးတိုင်ကြားသဖြင့် အခြင်အတွယ်မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း ၂၀၁၈ ခုနှစ်နှစ်လယ်ပိုင်းခန့်က အသိပေးကြေညာဆောင်ရွက်ခဲ့သော်လည်း ယခုချိန်အထိ စစ်ဆေးတိုင်ကြားအရေးယူဆောင်ရွက်ရမည့်ဖြစ်စဉ်မရှိသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သိန်း**

# မြန်မာ - ဂျပန် ဂီတပွဲတော်(၂၀၁၉) ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

**နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ Mr. Yunosoke Yamamoto (Conductor & Composer) ဦးဆောင်သော ဂီတအနုပညာရှင်အဖွဲ့တို့ ပူးပေါင်းတင်ဆက်သည့် မြန်မာ - ဂျပန် ဂီတပွဲတော်(၂၀၁၉)ကို ယနေ့ညပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**



မြန်မာ - ဂျပန် ဂီတပွဲတော်(၂၀၁၉)ကို ယနေ့ညပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပစဉ်။

အဆိုပါ ဂီတပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးဥပဒေချုပ် ဒေါ်ခင်မျိုးကြည်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Ichiro Maruyama နှင့် သံရုံးတာဝန်ရှိသူများ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ ဂီတပွဲတော်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးနှင့် ဂျပန်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ငါးကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်သည်။

ဂျပန်နိုင်ငံမှ ဂီတမှူး Mr. Yunosoke Yamamoto က "အခုလို ဖျော်ဖြေဖို့ တစ်နှစ်လောက် အချိန်ယူပြီး ကြိုတင်ပြင်ဆင်ခဲ့ပါတယ်။ ဂီတပုံစံနဲ့ တူရိယာပစ္စည်းတွေ မတူတဲ့အပြင် နှစ်နိုင်ငံယဉ်ကျေးမှုပုံစံတွေ၊ ဘာသာစကားတွေ ကွာခြားတဲ့အတွက် ပေါင်းစပ်ဖို့ အခက်အခဲတွေရှိခဲ့ပါတယ်။ ဒါပေမယ့် ဂီတဆိုတဲ့ အမျိုးအစားမှာ အားလုံးပေါင်းစည်းနိုင်ခဲ့တဲ့အတွက် အားလုံးအဆင်ပြေသွားပါတယ်။ အခုလို ဂီတအနုပညာ၊ ယဉ်ကျေးမှုတွေကို ဖလှယ်ခြင်းဖြင့် တစ်နိုင်ငံနဲ့တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတွေ ပိုပြီးခိုင်မာလာမယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

ဂီတဖျော်ဖြေပွဲတွင် နိုင်ငံတော်သံစုံတီးဝိုင်းမှ ဂီတပညာရှင် ၆၀ ၊ နိုင်ငံတော်ဆိုင်းဝိုင်းမှ လေးဦး၊ ဂျပန်အနောက်တိုင်း ဂီတပညာရှင် ၁၅ ဦး၊ ဂျပန်ရိုးရာ ဂီတပညာရှင် လေးဦး၊ ဂီတမိတ်အဖွဲ့နှင့် အင်းစိန်ဂီတအဖွဲ့တို့မှ အဆိုရှင် ၄၅ ဦး အပါအဝင် ဂီတပညာရှင် ၁၂၀ ကျော်တို့ဖြင့် အနောက်တိုင်းဂန္ထဝင်တေးဂီတများ၊ ကာတွန်း၊ ပြဇာတ်နှင့် အခြားသော ဇာတ်ဝင်တေးသွားများ၊ မြန်မာသံစဉ်တေးသွားများဖြစ်သည့် နားပန်းဆံ၊ ရွှေဘိုသနပ်ခါးနှင့် မန်းတောင်ရိပ်ခိုသီချင်းတို့ကို တီးခတ်ဖျော်ဖြေတင်ဆက်ကြသည်။

ယနေ့ကျင်းပသည့် ဂီတပွဲတော်သည် ဇန်နဝါရီ ၂၄ ရက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)၌ ဖွင့်လှစ်မည့် ဂျပန်ဖောင်ဒေးရှင်း ရုံးသစ်ဖွင့်ပွဲနှင့် Mekong - Japan Exchange Year 2019 အထိမ်းအမှတ်အဖြစ် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**

# ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် အင်းဝဘဏ်လီမိတက် ကျောက်ပန်းတောင်းဘဏ်ခွဲဖွင့်

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၈**

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက် ကျောက်ပန်းတောင်း ဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက အဆိုပါဘဏ်ခွဲ ပရိဝုဏ်တွင်ကျင်းပရာ တာဝန်ရှိသူများက ဘဏ်ခွဲ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာလင်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ဧည့်သည်တော်များနှင့်အတူ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုသည်။



**အင်းဝဘဏ်လီမိတက် ကျောက်ပန်းတောင်းဘဏ်ခွဲအား တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။**

ယနေ့ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် ကျောက်ပန်းတောင်းဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ (၅၇)ခုမြောက် ဘဏ်ခွဲဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ ဈေးကွက်သစ်ရပ်ကွက် အမှတ် (၄၄၃) တွင် ဖွင့်လှစ်ထားရှိသည်။

အင်းဝဘဏ်လီမိတက်သည် ပြည်တွင်းငွေလွှဲ ဝန်ဆောင်မှုလုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်းကိုးရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့် အချိန်ကာလအပိုင်းအခြားအပေါ် မူတည်၍ ၁၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းများ ပေးအပ်လျက်ရှိပြီး စီးပွားရေး လုပ်ငန်း မတည်ရင်းနှီး လုပ်ကိုင်လိုသူများအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

စဉ်ဆက်မပြတ် ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာနေရှင်နယ်လိဂ်ကို Title Sponsor အဖြစ် ပံ့ပိုးကူညီထားသည့် MPT နှင့် ပူးပေါင်း၍ လူငယ်ဘောလုံးပွဲတော်များ ကျင်းပလျက်ရှိပြီး ယခုနှစ်ကျင်းပမည့် လူငယ်ဘောလုံးပွဲတော်များတွင် ကလေးသူငယ်အများစု ပါဝင်လာရန်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ကျင်းပနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့ဘောလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် လေးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိပြီး လက်ရွေးစင်အသင်းများနှင့် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများ၏ ပြင်ဆင်မှုများအပြင် အခြေခံလိုအပ်ချက်များဖြစ်သည့် လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းကိုလည်း အဓိက လုပ်ဆောင်သွားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# စာရေးဆရာ၊ ကဗျာဆရာ၊ အယ်ဒီတာ၊ ဇာတ်ညွှန်းရေးဆရာ ဦးတင်ကိုကို(ခ)ဆရာလွမ်းဝေနိုင် ကွယ်လွန်

**ရန်ကုန် ဇန်နဝါရီ ၁၈**

**လွမ်းဝေနိုင်(၁၉၆၆ - ၂၀၁၉)**



စာရေးဆရာ၊ ကဗျာဆရာ၊ အယ်ဒီတာ၊ ဇာတ်ညွှန်းရေးဆရာ ဦးတင်ကိုကို(ခ) လွမ်းဝေနိုင်ကို အဘ ဦးသောင်းတင် - အမိဒေါ်တင်လှတို့က ၆-၆-၁၉၆၆ခုနှစ်တွင် မွေးဖွားခဲ့ပြီး ညီအစ်ကိုသုံးဦးတွင် သားအကြီးဆုံးဖြစ်သည်။ အ.မ.က-၁၆ ပုဇွန်တောင်တွင် မူလတန်းပညာသင်ယူခဲ့ပြီး အ-ထ-က ၅ ဗိုလ်တထောင်တွင် အထက်တန်းပညာ ဒသမတန်းအောင်မြင်ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဒဿနိကဗေဒ အထူးပြုဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့သည်။ မဟာဝိဇ္ဇာ အရည်အချင်းစစ် အပိုင်း ၂ တွင် တက်ရောက်ပညာသင်ကြားခဲ့သည်။ လုပ်သားများကောလိပ်တွင် နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်တွင် တတိယနှစ် ဒဿနိကဗေဒဘာသာရပ်အထူးပြုသင်ကြားနေစဉ် သရဖူမဂ္ဂဇင်းတွင် ခေတ်လူငယ်တို့၏ အနုပညာခံစားမှု အိုင်ကျူကဏ္ဍတွင် တက္ကသိုလ်ကျောင်းသားတစ်ဦး၏အမြင်ကို ပြောဆိုဖွင့်ဟခြင်းဖြင့် စာပေနယ်ထဲသို့ဝင်ရောက်ခဲ့သည်။ ထို့နောက် ရတနာသစ်မဂ္ဂဇင်းတွင် ဘုံကလောင်ဖြစ်သော အောင်ဇေယျွန်းကလောင်ဖြင့် ငှားတာများတာ အားနာပါးနာဝေဖန်ရေးကို လစဉ်ရေးသားခဲ့သည်။ ထို့အပြင် မောင်နန်းမိုး ကလောင်ဖြင့် သရော်စာရေးသားခဲ့သည်။ ဆရာ၏ ကလောင်ခွဲများအဖြစ် ကိုကိုပေါ်လာ၊ ရော်ရည်ရွှယ်ရာ၊ မောင်နန်းမိုး၊ ကိုစိုင်း၊ ဖေသိန်းတင်၊ ဂျာနယ်သရဲတို့ဖြင့် ရေးသားခဲ့သည်။

ထို့ပြင် ဆရာသည် ပေါ်ပြူလာဂျာနယ်၊ ရတီမဂ္ဂဇင်း၊ လျှပ်တစ်ပြက်ဂျာနယ်၊ ရှင်ဂျာနယ်၊ သမဂ္ဂဂျာနယ်၊ မန္တလေး အရုဏ်ဦးဂျာနယ်၊ Essential Days ဂျာနယ်တို့တွင် တာဝန်ခံအယ်ဒီတာ၊ အတိုင်ပင်ခံအယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၈ နိုင်ငံရေးဖြစ်သန်းမှုများတွင် လူ့ဘောင်သစ်ပါတီ၏ ရုံးအဖွဲ့မှူးအဖြစ် ပါဝင်ဆောင်ရွက်ကာ စစ်ကြောရေးတွင် ခေတ္တဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ အနုပညာအုပ်စုအဖြစ် ပါဗိုဟူသော ဘုံကလောင်ကိုယူကာ နှစ်ယောက်တစ်အိပ်မက် ရုပ်ရှင်ဇာတ်ကားကြီး ဇာတ်ညွှန်းများရေးသားခဲ့သည့်အပြင် ရုပ်ရှင်ဗီဒီယိုဇာတ်ကားများကိုလည်း ဇာတ်လမ်းဇာတ်ညွှန်းရေးသားခဲ့ပြီး နိုဗယ်စာပေပွဲတော်တွင် နှစ်နှစ်ဆက်တိုက် မဟာဆန်ချင်သူပြဇာတ်၊ သျှောင်ပေစူးတေးသရုပ်ဖော်များတွင် ကိုယ်တိုင်ပါဝင် သရုပ်ဆောင်ခဲ့သည်။

၂၀၀၃ ခုနှစ်တွင် ဒေါ်တင်စန္ဒာဝင်း ကထိက(ဌာနမှူး-ဒဿနိကဗေဒဌာန၊ ရေနံချောင်း ဒီဂရီကောလိပ်)နှင့် အိမ်ထောင်ကျခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် မောင်မင်းနိုင်ကို ကို ဖွားမြင်ခဲ့သည်။ စာရေးဆရာ၊ ကဗျာဆရာ၊ အယ်ဒီတာ၊ ဇာတ်ညွှန်းရေးဆရာ၊ တက္ကသိုလ်နည်းပြဟောင်း၊ မြန်မာနိုင်ငံ စာနယ်ဇင်းသမဂ္ဂ အလုပ်အမှုဆောင်ဖြစ်ခဲ့သူ ဦးတင်ကိုကို(ခ)လွမ်းဝေနိုင်(၅၃နှစ်)သည် ကွယ်လွန်ချိန်အထိ SKY NET(MMPP) ဌာနတွင် လက်ထောက် အထွေထွေမန်နေဂျာ (ဇာတ်လမ်းဇာတ်ညွှန်းတာဝန်ခံ)အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

စာရေးဆရာ၊ ကဗျာဆရာ၊ အယ်ဒီတာ၊ ဇာတ်ညွှန်းရေးဆရာ ဦးတင်ကိုကို(ခ) လွမ်းဝေနိုင် (၅၃ နှစ်)သည် ၁၆.၁.၂၀၁၉ ရက်နေ့ နံနက် ၁၀ နာရီ ၄၅မိနစ်တွင် ရန်ကုန်ဆေးရုံကြီးတွင် ၉၆ ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

ယနေ့တွင် ဦးတင်ကိုကို (ခ) လွမ်းဝေနိုင်၏ ရုပ်ခန္ဓာအား နာရေးကူညီမှုအသင်း(ရန်ကုန်)မှ နိဗ္ဗာန်ယာဉ်ဖြင့် ရန်ကုန်ဆေးရုံကြီးအအေးခန်းမှ ရေဝေးသုသာန်ရှိ အအေးခန်းသို့ ပို့ဆောင်ကူညီ ဖေးမခဲ့သည်။

ကွယ်လွန်သူ ဦးတင်ကိုကို (ခ) လွမ်းဝေနိုင်၏ ဈာပနအခမ်းအနားအား ၂၀.၁.၂၀၁၉ ရက်နေ့ နံနက် ၁၁ နာရီတွင်ပြုလုပ်၍ မီးသဂြိုဟ်မည်ဖြစ်သည်။

**မြန်မာ့အလင်း**

# ရွှေအမြုတေကဗျာဆုရှင် ကဗျာဆရာ၊ အယ်ဒီတာ ယမုံ ကွယ်လွန်

**ရန်ကုန် ဇန်နဝါရီ ၁၈**

**ယမုံ ( ၁၉၆၀ - ၂၀၁၉ )**



ကဗျာဆရာ၊ အယ်ဒီတာ ယမုံသည် အမည်ရင်း ဦးမောင်မောင်မြင့်လွင်ဖြစ်ပြီး ၈-၁၀-၁၉၆၀တွင် အဘ - ဦးမြင့်လွင်၊ အမိ - ဒေါ်လှမြင့်တို့က ချောက်မြို့တွင် မွေးဖွားခဲ့သည်။

ဆရာသည် ယမုံ ဟူသော ကလောင်အမည်ဖြင့် ၁၉၇၈ ခုနှစ်ထုတ် ရုပ်ရှင်ပဒေသာမဂ္ဂဇင်းတွင် "သစ်ရွက်ကလေးများ ဝမ်းသွားတဲ့အကြောင်း" ကဗျာကိုရေးသားကာ စာပေလောကသို့ ဝင်ရောက်ခဲ့သည်။ ထို့နောက် ၁၉၈၅ တွင်ထုတ်ဝေခဲ့သည့် "ငါ့ကို ဇန္နဝါရီ ပြန်ပေး" ကဗျာစာအုပ်တွင် မောင်သာချို၊ နေစိမ့်၊ ခင်လွန်းတို့နှင့်အတူ ပါဝင်ရေးသားခဲ့သည်။ ၂၀၀၉ ခုနှစ် ရွှေအမြုတေကဗျာဆုကို "နာဂစ်"ကဗျာဖြင့်ရရှိခဲ့သည်။ ထို့ပြင် အိပ်မက်ဖူး၊ မိုး ၊ စတိုင်သစ်၊ နွယ်နီ၊ ဒီလှိုင်းမဂ္ဂဇင်းများတွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည့်အပြင် ၁၉၈၈ လူထုအရေးတော်ပုံအတွင်း မြန်မာနိုင်ငံ ကဗျာဆရာများသမဂ္ဂမှ တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့သည်။

ကဗျာဆရာ၊ အယ်ဒီတာ ယမုံ(ခ) ဦးမောင်မောင်မြင့်လွင်သည် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀ နာရီ ၄၂ မိနစ်က မြောက်ဥက္ကလာဆေးရုံကြီးတွင် ကွယ်လွန်ခဲ့ကြောင်းသိရပြီး ဆရာသည် ကွယ်လွန်ချိန်တွင် အသက် ၅၉ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၁၂) ဖွင့်လှစ်မည်

**နေပြည်တော် ဇန်နဝါရီ ၁၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၁၂)ကို ဖေဖော်ဝါရီလ ပထမပတ်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းတွင် ကုမ္ပဏီတစ်ခု တည်ထောင်သည်မှစ၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြုလုပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ နိုင်ငံတကာကုန်သွယ်မှုသီအိုရီနှင့် သဘောတရားများ၊ စီးပွားရေးဆိုင်ရာကျင့်ဝတ်များ၊ စံချိန်စံညွှန်းများ၊ ဈေးကွက်သုတေသန၊ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာမူဝါဒများ အစရှိသည့် ဘာသာရပ်များကို စီးပွားရေးပညာရှင်များ၊ ကုန်သွယ်မှုနှင့်ဆက်စပ်သည့် ဝန်ကြီးဌာနအသီးသီးမှ ကျွမ်းကျင်သူများနှင့် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များက ပို့ချဆွေးနွေးမည်ဖြစ်သည်။ စီးပွားရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပပေးခြင်း၊ လေ့လာရေးခရီးစဉ်များ စီစဉ်ပေးခြင်းတို့ သင်တန်းတွင် ပါဝင်မည်ဖြစ်သည်။

သင်တန်းကို အမှတ်(၂၂၈-၂၄၀) ကမ်းနားလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီးရုံး) စတုတ္ထထပ်ရှိ သင်တန်းခန်းမတွင် ဖွင့်လှစ်ပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တပတ်လျှင် သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) (နံနက် ၉ နာရီခွဲမှ ၁၂ နာရီခွဲထိ)ဖြင့် သုံးလခွဲ ကြာမြင့်မည်ဖြစ်ကာ သင်တန်းသားများ လက်ခံနေပြီဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ၂၀၁၉ ခုနှစ် ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကြီးကို ဇန်နဝါရီ ၂၀ ရက်တွင် သုဝဏ္ဏအားကစားကွင်း၌ ကျင်းပသွားမည်

**နေပြည်တော် ဇန်နဝါရီ ၁၈**

၂၀၁၉ ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲ (YYIM 2019) ကို ဇန်နဝါရီ ၂၀ ရက် နံနက် ၃ နာရီမှ ၁၁ နာရီခွဲအထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏ မိုးလုံလေလုံ အမျိုးသားအားကစားကွင်း (Race Village) တွင် စည်ကားစွာ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲသည် မြန်မာနိုင်ငံတွင် ပါဝင်ဆင်နွဲသူဦးရေ အများဆုံး အပြေးပြိုင်ပွဲကြီးဖြစ်ပြီး ပြိုင်ပွဲဝင် အပြေးသမားပေါင်း ၈၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရကာ ယခုအကြိမ်သည် သတ္တမအကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး မည်သူမဆို စာရင်းပေးသွင်း ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကြီးကို Yoma Strategic Holdings Ltd (Yoma Strategic) မှ ကြီးမှူးပြီး First Myanmar Investment Public Co., Ltd. (FMI) နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ (YCDC) တို့က ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူများနှင့် လာရောက်ကြည့်ရှုသူများအတွက် ပျော်ပွဲရွှင်ပွဲများနှင့်ဖျော်ဖြေရေး အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း၊ ဆုရရှိသူများကိုလည်း ပြိုင်ပွဲအမျိုးအစားအလိုက် ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

## မန္တလေးမြို့၌ Lancang- Mekong Cultural Exchange Youth Camp လူငယ်တွေ့ဆုံပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၈**

လန်ချန်း -မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ လန်ချန်း-မဲခေါင် အထူး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် Lancang-Mekong Cultural Exchange Youth Camp လူငယ်တွေ့ဆုံပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများကို မန္တလေးမြို့ရှိ ဟိုတယ်ရွှေပြည်သာ၌ ဇန်နဝါရီ ၂၇ ရက်မှ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်မျိုး**

## ယွန်းပညာကောလိပ်(ပုဂံ)၌ မြန်မာ့ယွန်းလက်မှုအနုပညာပြပွဲ ကျင်းပမည်

**ညောင်ဦး ဇန်နဝါရီ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ယွန်းပညာကောလိပ်(ပုဂံ)၌ မြန်မာ့ယွန်းလက်မှုအနုပညာပြပွဲကို ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ သုံးရက်ကြာ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ရိုးရာလက်မှုအနုပညာကို တန်ဖိုးထားပြီး အစဉ်ထိန်းသိမ်းတတ်စေရန်၊ မြန်မာ့ယွန်းထည်ပစ္စည်းများ အရည်အသွေး ကောင်းမွန်လာစေရန်၊ မြန်မာ့ယွန်းအနုပညာများကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများမှ သိရှိပြီး တန်ဖိုးထားလာစေရန်၊ မြန်မာ့ယွန်းထည်ပစ္စည်းများ နိုင်ငံတကာဈေးကွက်အထိ ပိုမိုကျယ်ပြန့်လာစေရန်၊ ယွန်းလုပ်ငန်းရှင်များ အချင်းချင်း ပေါင်းစပ်၍ ယွန်းလက်မှုလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်လျက် မြန်မာ့ယွန်းလက်မှုအနုပညာပြပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ယွန်းပညာကောလိပ်(ပုဂံ)မှ ကထိက ဒေါ်ခိုင်ခိုင်နွယ်က ပြောသည်။

အဆိုပါပြပွဲတွင် ပုဂံ-ညောင်ဦးဒေသရှိ ယွန်းလုပ်ငန်းရှင်နှင့် ယွန်းပညာရှင်များ၊ ယွန်းပညာကောလိပ်မှ ဆရာ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများ ပြုလုပ်ထားသည့် ယွန်းထည်ပစ္စည်းများကို ခင်းကျင်းပြသသွားမည်ဖြစ်သည်။ ယွန်းပညာပြပွဲကို လက်ပန်းချီရေးခြယ်ခြင်း၊ ဝါးအဖြူထည်၊ ပန်းပုထည်၊ ပုသိမ် ထီး၊ ပုဂံထီး၊ ဒေသထွက်အဝတ်အစားများ၊ သဲပန်းချီများ ခင်းကျင်းပြသရောင်းချခြင်းများဖြင့် ကျင်းပမည်ဖြစ်ကာ ပြပွဲကာလအတွင်း ယွန်းပြတိုက်နှင့် ယွန်းနည်းစဉ် ခန်းမအတွင်း ရှေးဟောင်းယွန်းထည်ပစ္စည်းများနှင့် ယွန်းထည်ပြုလုပ်ပုံအဆင့်ဆင့် သရုပ်ပြမှုတို့ကိုလည်း အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

## စတုတ္ထအကြိမ်မြောက် ဒေသတွင်းမသန်စွမ်းမှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၈**

စတုတ္ထအကြိမ်မြောက် ဒေသတွင်းမသန်စွမ်းမှုဆိုင်ရာ ဆွေးနွေးပွဲ (4th Regional Disability Dialogue) ကို ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်များတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲသည် ရွေးကောက်ပွဲများတွင် မသန်စွမ်းသူများ ပိုမိုလက်လှမ်းမီလာနိုင်စေရေးနှင့် အခွင့်အရေးများ မြှင့်တင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **မောင်ရင်မောင်**

## (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှအာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ ဆုရရှိသူများအား ဂုဏ်ပြု

ရန်ကုန် ဇန်နဝါရီ ၁၈

**(၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ မြားပစ်ပြိုင်ပွဲတွင် အောင်မြင်မှုဆုတံဆိပ်များရရှိကြသည့် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အပြည်ပြည်ဆိုင်ရာမြားပစ်ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်း ဂိတ်(၅)ရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်၌ ကျင်းပသည်။**

ရှေးဦးစွာ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇေသီဟက အဖွင့်အမှာစကားပြောကြားပြီး (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ အာဆီယံတက္ကသိုလ်များ မြားပစ်အားကစားပြိုင်ပွဲ Compound အမျိုးသမီးတစ်ဦးချင်း ရှုံး/ထွက် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စုစုလှိုင်အား ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၃၀၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးက Compound အမျိုးသမီး အသင်းလိုက် ရှုံး/ထွက် ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် စုစုလှိုင်၊ လှလှစံနှင့် ခက်ခက်တုံတို့အား ဂုဏ်ပြုဆုငွေကျပ်သိန်း ၂၀၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြတ်သူရစိုးက Recurve အမျိုးသမီးအသင်းလိုက် ရှုံး/ထွက် ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ဆန်းနုလွင်၊ သော်တာမြင့်၊ ခင်သက်သက်ဇွန်တို့အား ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဥက္ကဋ္ဌ ဦးတောက်ထွန်းက Recurve အမျိုးသားအသင်းလိုက် ရှုံး/ထွက် ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ဝေလင်းထွန်း၊ ဂေရှီ၊ ကောင်းထက်လင်းတို့အား ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်အမှုဆောင်များ အစည်းအဝေး ကျင်းပရာ ဥက္ကဋ္ဌ ဦးဇေသီဟနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးတို့က ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပပြုလုပ်မည့် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အပြည်ပြည်ဆိုင်ရာ မြားပစ်ပြိုင်ပွဲများတွင် ရွှေတံဆိပ်များ ရရှိစေရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွတ်ခူးရရှိစေရန်နှင့် အောင်မြင်မှု ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




**မြန်မာနိုင်ငံမြားပစ် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးက Compound မြားပစ်ပြိုင်ပွဲ၌ အသင်းလိုက် ဒုတိယဆုရရှိသူများအား ဆုချီးမြှင့်စဉ်။**

### ❍ ကျောဖုံးမှ

နိုင်ခြင်းမရှိသလို တိုက်စစ်ကစားပုံမှာလည်း မြဝတီနောက်တန်းကို မကျော်နိုင်၍ ထိရောက်သည့် ဂိုးသွင်းခွင့်မရခဲ့ပေ။ ပထမပိုင်းတွင် နှစ်သင်းစလုံး၏ ခြေစွမ်းမှာ သာမန်သာရှိသောကြောင့် ပွဲအေးတစ်ပွဲဖြစ်ခဲ့ပြီး ဒုတိယပိုင်းမှသာ အပြန်အလှန်ရှိခဲ့သည်။ သို့သော် မြဝတီအသင်းက ပိုမိုထိုးဖောက်နိုင်ခဲ့ပြီး မိနစ် ၈၀ တွင် တစ်လုံးတည်းသော အနိုင်ဂိုးရခဲ့သည်။ ယင်းဂိုးကို တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။

ပထမအကျော့အပြီးတွင် မြဝတီအသင်းက ၁၉ မှတ်ဖြင့် ရာသီဝက်ချန်ပီယံ ဖြစ်ခဲ့ပြီး သစ္စာအားမာန်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ၁၆ မှတ်စီ တူသော်လည်း ဂိုးကွာခြားချက်ဖြင့် အား/ကာသိပ္ပံက ဒုတိယနေရာသို့ တက်လှမ်းနိုင်ခဲ့ကာ သစ္စာအားမာန်အသင်းမှာမူ တတိယနေရာအထိ ဆင်းပေးခဲ့ရသည်။ ယင်းအသင်းများနောက်တွင် အား/ကာဦးစီးဌာနအသင်း က ၁၁ မှတ်၊ YREO အသင်းက ၁၀ မှတ်၊ ဇွဲကပင်အသင်းက ခြောက်မှတ်၊ ဂန္ဓမာအသင်းက သုံးမှတ်ရထားကာ တက္ကသိုလ်အသင်းက ပွဲအားလုံးအရေးနိမ့်ကာ အမှတ်မရသေးပေ။ **ရဲရင့်ရှိုင်း**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၁ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ရမ်ကလောင်းတွင် ၃ ဒီဂရီစင်တီဂရိတ်၊ သီပေါမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် ဟဲဟိုးမြို့နှင့် တီးတိန်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မြန်မာ့အလင်း**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ခံစစ်ကစားသမား ရောဘတ်ဆန်သည် လီဗာပူးအသင်းနှင့် စာချုပ်သစ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ထို့ကြောင့် လီဗာပူးအသင်းသည် အဆိုပါခံစစ်ကစားသမားအား ၂၀၂၄ ခုနှစ်အထိ ထိန်းသိမ်းထားနိုင်တော့မည်ဖြစ်သည်။ အသက် ၂၄ နှစ်အရွယ် စကော့တလန်အသင်းခေါင်းဆောင်သည် ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် ဟူးလ်စီးတီးအသင်းမှ ပေါင်ရှစ်သန်းဖြင့် လီဗာပူးအသင်းသို့ ရောက်ရှိလာသူဖြစ်ကာ လီဗာပူးအသင်းအတွက် ပြိုင်ပွဲစုံ ၅၆ ပွဲ ပါဝင်ကစားထားသည်။ ထို့အပြင် လီဗာပူးအသင်းသည် ဂျိုးဂိုမက်ဇ်နှင့် မာနေးတို့သည် အသင်းနှင့် စာချုပ်သက်တမ်းတိုးရန် မကြာသေးမီတွင် သဘောတူညီမှု ရရှိထားပြီး ရောဘတ်တိုဖာမီနိုနှင့် ဆာလာတို့သည်လည်း ပြီးခဲ့သည့်နွေရာသီက အသင်းနှင့် သက်တမ်းတိုး စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။
- မန်ယူကွင်းလယ်ကစားသမား ဖယ်လိုင်နီသည် ခြေသလုံးကြွက်သားဒဏ်ရာရရှိမှုကြောင့် ရက်သတ္တသုံးပတ် သို့မဟုတ် လေးပတ်အထိ အနားယူရဖွယ်ရှိကြောင်း ယာယီနည်းပြ ဆိုးလ်ရှားက ပြောကြားလိုက်သည်။ ဆိုးလ်ရှားလက်ထက် ခြောက်ပွဲတွင် ၃၁ မိနစ်သာ ပါဝင်ကစားခွင့်ရထားသော အဆိုပါ ဘယ်လ်ဂျီယံကွင်းလယ်ကစားသမားသည် လေ့ကျင့်ရေးအစီအစဉ်အတွင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။
- ချယ်လ်ဆီးအသင်းသည် ဇင်းနစ်အသင်းမှ အာဂျင်တီးနားကွင်းလယ်ကစားသမား ပါရီဒက်စ်(၂၄ နှစ်)အား ပေါင် ၃၁ သန်းဖြင့် ခေါ်ယူရန် နီးစပ်လာပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။
- မန်ယူအသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေသော ပေါ်တိုအသင်းမှ ဘရာဇီးခံစစ်ကစားသမား မီလီတာအို(၂၁ နှစ်)သည် ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန် နှုတ်ဖြင့်သဘောတူညီလိုက်ပြီဖြစ်ကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။
- လီဗာပူးအသင်းသည် ရှော်လ်ကေးအသင်းမှ အမေရိကန်ကွင်းလယ်ကစားသမား မက်ကင်နီ (၂၀ နှစ်)အား ခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။
- ဘုန်းမောက်အသင်းမှ အင်္ဂလန်ခံစစ်ကစားသမား မင့်စ်(၂၅ နှစ်) အား ဝက်စ်ဘရွန်းအသင်းက အငှားခေါ်ယူချင်နေကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။
- အင်တာမီလန်အသင်းသည် မန်ယူနှင့် မန်စီးတီးအသင်းတို့က ခေါ်ယူရန် ချိတ်ဆက်ခြင်းခံနေရသော စလိုဗက်ကီးယား ခံစစ်ကစားသမား မီလန် စရီနီယာ (၂၃နှစ်) အား စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းသွားဖွယ်ရှိကြောင်း ကယ်လ်စီယိုမာကာတို၏ ဖော်ပြချက်အရ သိရသည်။
- ချန်ပီယံရှစ်ကလပ် လိစ်ယူနိုက်တက်အသင်းသည် ရီးရဲမက်ဒရစ်ဂိုးသမား ကီကို ကာဆီလ်လာအား လေးနှစ်ခွဲစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ကာဆီလ်လာသည် အလွတ်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် လိစ်ယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ပြီး ပထမဦးစားပေးဂိုးသမားအဖြစ် ပီးကော့ဖာရယ်လ်နှင့် ယှဉ်ပြိုင်သွားရဖွယ်ရှိကြောင်း သိရသည်။
- လိစ်ယူနိုက်တက်အသင်းသည် ခရစ္စတဲလ်ပဲလေ့စ်အသင်းမှ အင်္ဂလန်တောင်ပံကစားသမား ဂျက်ကလာကီ (၁၈ နှစ်)အတွက် ကမ်းလှမ်းမှုတစ်ရပ်အား ပယ်ချလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# ကလေးမြို့ လှိုင်သာယာရပ်ကွက်တွင် လူနေအိမ်နှစ်လုံး မီးလောင်မှုဖြစ်

**ကလေး ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ လှိုင်သာယာရပ်ကွက် နယ်မြေ (၁) တွင် ဇန်နဝါရီ ၁၇ ရက် ည ၉ နာရီ ၁၅ မိနစ်ခန့်က ဒေါ်သင်းသင်း( ခ)တင်တလဲလ်(၄၀ နှစ်) ၏နေအိမ်တွင် မီးကြွင်းမီးကျန်မှုတစ်ဆင့် လူနေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ ကလေးမြို့ လှိုင်သာယာရပ်ကွက် နယ်မြေ (၁) နေသူ ဒေါ်သင်းသင်း (ခ) တင်တလဲလ်၏နေအိမ် မီးကြွင်းမီးကျန်မှုတစ်ဆင့် စတင်လောင်ခဲ့ရာ မြေစိုက်နေအိမ်တစ်လုံးသို့ ဆက်လက်ကူးစက်လောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်သည့်နေရာသို့ ခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စန်းနှင့် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးအောင်ကိုဌေး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများနှင့် ရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်း ငြှိမ်းသတ်ခဲ့ရာ ည ၉ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်သင်းသင်း (ခ) တင်တလဲလ်အား ကလေးမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချင်းတွင်းသား**



## မြန်မာ့ရုပ်မြင်သံကြား

၁၉-၁-၂၀၁၉ (စနေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - ပြည်သူ့အတွက်ဥပဒေ စကားဝိုင်း “လဲနေသူထူပေးပါ ကူညီခြင်းဖြင့် အသက်ကယ်ပါ”
- ၉း၃၅ - မြစ်မခမီဒီယာ “ပတ်ဝန်းကျင်မှ လေ့လာသင်ယူခြင်း”
- ၁၁း၀၀ - NHK Programme (ခေတ်မီလူ့အဖွဲ့အစည်းဖြစ်တည်ပြီးနောက် ရေဆိုးသန့်စင် ရှင်းလင်းခြင်း)
- ၁၁း၁၅ - ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး “ကော်ဖီ”
- ၁၁း၃၀ - ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ “စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ” (အပိုင်း -၉) “သံလက်သီးဂိုဏ်း” (ဇာတ်သိမ်း)
- ၁၃း၄၅ - ဟိုတုန်းက...ကက်ဆက်ဇာတ်လမ်းများ “ရွှေတောင်ကြားမှာ မပျော်ပါဖိုးဇော်လမ်းပေါ်မှာ”

**ညပိုင်း**

- ၁၅း၁၅ - MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ရတနာပုံ FC အသင်းနှင့် ရှမ်းယူနိုက်တက် FCအသင်း)
- ၂၀း၃၅ - “ရာဇဝင်ထဲက သမိုင်းအနုပညာ” (ရှေးမြန်မာ အုတ်ကျောင်းတော်ကြီးများ) (စကုကျောင်းတိုက်)
- \- ဂီတသမား၊ ဂီတစကား “နှောင်းခေတ်မေ့မြွေတေး (၃)ပုဒ်” ဂီတစာဆို ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်
- \- ပြည်သူ့နီတိ “မာတာမိခင်”

# ပင်လည်ဘူး၊ အင်းတော်၊ ကျောက်ဆည်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပင်လည်ဘူးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၇ ရက် ညနေ ၆ နာရီခွဲက ပင်လည်ဘူးမြို့နယ် တမောသာကျေးရွာအနီး ပင်လည်ဘူး-ပြစ်ဆိုင်သွားကားလမ်းတွင် သိန်းကျော်၊ သာဌေး(ခ)သာဌေးဝင်းနှင့် အောင်ကျော်မြင့်တို့ မောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးကို ရှာဖွေစစ်ဆေးရာ သိန်းကျော်ထံမှ ဘိန်းစိမ်း ၁၁ ဒသမ ၄၇၁ ကီလိုနှင့် သာဌေး (ခ)သာဌေးဝင်းထံမှ ဘိန်းစိမ်း ၁၂ ဒသမ ၅၇၄၁ ကီလို တို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့ (၆) ကသာမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အင်းတော်မြို့နယ် ရွှေဘို - မြစ်ကြီးနားသွားလမ်းနှင့် နန့်မကျိုင်းကျေးရွာသွား လမ်းဆုံတွင် ကျိန်ကွမ်းချိန် မောင်းနှင်ပြီး ဇင်မင်းထွန်း လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေစစ်ဆေးရာ ဘိန်းဖြူ ၂၀၇ ဂရမ်နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ နံနက် ၁၁ နာရီခွဲကလည်း မူးယစ်တပ်ဖွဲ့ (၁၇) မန္တလေး (မြောက်ပိုင်း) မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်ဆည်မြို့နယ် လက်ပန်ကျေးရွာ အမှတ်(၃)ရပ်ကွက်ရှိ မခေးချစ်၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ချစ်သဲမောင်(ခ)နူရွှလ္လာအားတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၀၁၅ ပြားကိုလည်းကောင်း၊ အလားတူ မွန်းလွဲ ၁ နာရီက အမရပူရမြို့နယ် နတ်ရေကန်ရပ်ကွက်တွင် မိုးကျော်မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေ စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၄၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



**သိန်းကျော်၊ သာဌေး(ခ)သာဌေးဝင်း၊ အောင်ကျော်မြင့်တို့အား ဖမ်းဆီးရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။**

**ရဲပြန်ကြား**

# ကံမမြို့နယ်အတွင်းမှ တရားမဝင် ကျွန်း၊ ပျဉ်းကတိုး တန် ၆၀ ကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အရ မကွေးတိုင်းဒေသကြီး ကံမမြို့နယ်အတွင်း တရားမဝင်သစ်များ ခိုးထုတ်သယ်ဆောင်နေကြောင်း တာဝန်သိပြည်သူတစ်ဦးက ဇန်နဝါရီ ၁၅ ရက်တွင် ဖုန်းဖြင့် သတင်းပေးပို့တိုင်ကြားချက်ပါ နေရာများကို နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့ရာ တရားမဝင်သစ် ကျွန်းခွဲသား ၅၀၇ ချောင်း (၅၄ ဒသမ ၈၄၈၇ တန်)၊ ပျဉ်းကတိုးခွဲသားချောင်း ၄၀ (၆ ဒသမ ၀၃၄၀) တန် စုစုပေါင်း ၆၀ ဒသမ ၈၈၂၇ တန်အား ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆီဆိုင်၊ ဟိုပုံး၊ ကလောနှင့် မိုင်းပျဉ်းမြို့နယ်တို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၁၈**

ဆီဆိုင်မြို့နယ် ပန်အွန်းကျေးရွာ အရှေ့တောင်ဘက်နှစ်မိုင်ခွဲခန့်၌ အမြင့်နှစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၆ ဧကကို ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သီဟန် ဦးစီးပူးပေါင်းအဖွဲ့က ဇန်နဝါရီ ၁၇ ရက်တွင် ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အလားတူ ဟိုပုံးမြို့နယ် ဖက်ရမ်းလေးကျေးရွာ၌ အမြင့်တစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၃၆ ဧက၊ ကလောမြို့နယ် မြောင်ချောက်ကျေးရွာ၌ အမြင့်သုံးပေခန့်ရှိ ဘိန်းစိုက်ခင်း ၇ ဒသမ ၅ ဧက၊ မိုင်းပျဉ်းမြို့နယ် နောင်ကွဲကျေးရွာ၌ အမြင့် ၁၁ လက်မခန့်ရှိ ဘိန်းစိုက်ခင်း ၅ ဒသမ ၅ ဧကတို့ကို ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# တရားခံပြေးတစ်ဦးအား ဖမ်းဆီးစစ်ဆေးရာမှ ဖုန်းလုယက်မှု ၁၈ မှု ဖော်ထုတ်ရရှိ

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးမှ တိုင်းဒေသကြီးနယ်မြေအတွင်း ဒုစရိုက်မှုများ ရှာဖွေဖော်ထုတ်စုံစမ်း ဖမ်းဆီးသွားရန် ညွှန်ကြားချက်အရ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ထောက်ကြန့်နယ်မြေရဲစခန်းမှ တရားခံပြေးဖြစ်သူ မင်္ဂလာဒုံမြို့နယ် ခလောက်ခွန်ဒိုင်ရပ်ကွက် ဂန့်ဂေါလမ်းသွယ်နေ မောင်မောင်ထွေး (ခ) ဟာမစ် (ခ) ဟန်မြင့်(ခ)ခွေးပု(၂၆ နှစ်) အား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၁ ရက် ညနေ ၄ နာရီတွင် မင်္ဂလာဒုံမြို့နယ် ခလောက်ခွန်ဒိုင်ရပ်ကွက် ဂန့်ဂေါလမ်းမပေါ်၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ မောင်မောင်ထွေး(ခ) ဟာမစ်(ခ) ဟန်မြင့် (ခ) ခွေးပုကို စစ်ဆေးခဲ့ရာ ၎င်းသည် တရားခံပြေးတစ်ဦးဖြစ်ပြီး နောက်ထပ်ပြစ်မှုများကျူးလွန်ထားခြင်း ရှိ မရှိ တိုက်ဆိုင်စစ်ဆေးခဲ့ရာ ၎င်းသည် ၂၀၁၈ ခုနှစ် စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာလများတွင် မင်္ဂလာဒုံမြို့နယ်အတွင်း ဖုန်းမျိုးစုံ ၁၈ လုံးတို့ကို လုယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေး ပေါ်ပေါက်ချက်အရ သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူ မောင်မောင်ထွေး(ခ)ဟာမစ်(ခ)ဟန်မြင့်(ခ)ခွေးပု အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ သက်သေခံပစ္စည်းများနှင့် စပ်လျဉ်း၍ ပိုင်ရှင်များအနေဖြင့် မင်္ဂလာဒုံမြို့မရဲစခန်းနှင့် ထောက်ကြန့်နယ်မြေ ရဲစခန်းတွင် သွားရောက်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။



**ပြစ်မှုကျူးလွန်သူ မောင်မောင်ထွေး(ခ)ဟာမစ်(ခ)ဟန်မြင့် (ခ)ခွေးပုအား သက်သေခံ ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။**

**မြန်မာ့အလင်း**

# ညောင်လေးပင်မြို့နယ်၌ ၂၂ ဘီးယာဉ်တစ်စီး တိမ်းမှောက်၍ ယာဉ်မောင်းသေဆုံး

**ညောင်လေးပင် ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အလယ်ရွာကျေးရွာအနီး ဇန်နဝါရီ ၁၈ရက် နံနက်အစောပိုင်းက ကျောက်မှုန့်များတင်ဆောင်လာသော ၂၂ ဘီးယာဉ်တစ်စီးသည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရေမြောင်းထဲသို့ထိုးကျတိမ်းမှောက်ကာ ယာဉ်မောင်း သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့နယ် အလယ်ရွာကျေးရွာအနီး ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ မကွေးတိုင်းဒေသကြီး ချောက်မြို့နေသူ ယာဉ်မောင်း မင်းမင်းထွန်း (၃၄ နှစ်)မောင်းနှင်ပြီး ကျောက်မှုန့်များ တင်ဆောင်လာသော နစ်ဆန်း ၂၂ ဘီးတွဲယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ရေမြောင်း အတွင်းသို့ ထိုးကျတိမ်းမှောက်သွားခဲ့ရာ ယာဉ်မောင်းဖြစ်သူမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားသဖြင့် ညောင်လေးပင်မြို့နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်း မင်းမင်းထွန်းအား ညောင်လေးပင်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ၂၀၁၈ ခုနှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီးအတွင်း ယာဉ်မတော်တဆမှု ၂၀၀၀ ကျော်ဖြစ်

**ပုသိမ် ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး၌ ၂၀၁၈ ခုနှစ်အတွင်း ယာဉ်မတော်တဆဖြစ်ပွားမှု ၂၀၀၀ ကျော် ဖြစ်ပွားခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက အမှုတိုးလာခြင်း မရှိသော်လည်း သေဆုံးမှုမြင့်တက်လာကြောင်း တိုင်းဒေသကြီး အမှတ်(၁၃) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲရုံးမှ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးလှအေးက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၁၇ ခုနှစ်တွင် ယာဉ်မတော်တဆမှု ၂၀၃၃ မှုဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ၃၅၅၀ ရှိကာ သေဆုံးသူ ၄၀၄ ဦးရှိခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ယာဉ်မတော်တဆမှု ၂၀၃၃ မှု ရှိခဲ့ပြီး ယာဉ်မတော်တဆမှုကြောင့် ဒဏ်ရာရရှိသူ ၃၄၄၆ ဦး ၊ သေဆုံးသူ ၄၁၉ ဦးရှိခဲ့ပြီး ယခင်နှစ်နှင့်နှိုင်းယှဉ်ကြည့်ပါက သေဆုံးသူ ၁၅ ဦး မြင့်တက်လာခြင်းကို တွေ့ရှိရကြောင်း အမှတ်(၁၃) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှ သိရသည်။

ယာဉ်မတော်တဆမှုမှာ ၂၀၁၈ ခုနှစ်အတွင်း ပုသိမ်ခရိုင်အတွင်း၌ ၅၇၁ မှု အများဆုံးဖြစ်ပွားခဲ့ပြီး ဒုတိယအနေဖြင့် မအူပင်ခရိုင်တွင် ယာဉ်မတော်တဆမှု ၅၇၀ ဖြစ်ပွားခဲ့ရာမှ တိုင်းဒေသကြီးတစ်ခုလုံးအနေဖြင့် ယာဉ်မတော်တဆမှုကြောင့် ၃၄၄၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း စည်းကမ်းပျက်ယာဉ်များအား တရားစွဲတင်မှု ၁၀၀၆၂ မှု၊ ဒဏ်ငွေအားဖြင့် ငွေကျပ် ၁၉၇၆၇၀၀၀၀ ရှိခဲ့ကြောင်း သိရသည်။

ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရန်အတွက် ၂၀၁၈ ခုနှစ်အတွင်း လူစည်ကားသော မြို့နယ်များတွင် မီးပွိုင့်တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ပေးခဲ့ပြီး ယခုနှစ်တွင်လည်း ဆက်လက်တပ်ဆင်ပေးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းအပြင် ၂၀၁၈ ခုနှစ်အတွင်း ကျောင်း၊ ရပ်ကွက်၊ ဌာနဆိုင်ရာ အစိုးရဝန်ထမ်းများအား အသိပညာပေးဟောပြောခြင်း ၄၅၅၈ ကြိမ် ပြုလုပ်ခဲ့ပြီး လက်ကမ်းစာစောင် ၇၅၇၀ ကို ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း အမှတ် (၁၃) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲရုံးမှ သိရသည်။

**မင်းထွန်းဇော်**



ဆူဒန်မြို့တော် ခါတွန်တွင် ဆန္ဒပြသူများကို မျက်ရည်ယိုဗုံးများဖြင့် ပစ်ခတ်လူစုခွဲနေသည်ကို တွေ့ရစဉ်။

## ဆူဒန်သမ္မတအိမ်တော်သို့ ချီတက်လာသော ဆန္ဒပြလူအုပ်ကြီးကို မျက်ရည်ယိုဗုံးဖြင့် တားဆီး

**ခါတွန် ဇန်နဝါရီ ၁၈**

ဆူဒန်သမ္မတ အိုမာအယ်လ်ဘတ်ရှာ ဆင်းပေးရေး ဆန္ဒပြကြွေးကြော်မှုများ နိုင်ငံအနှံ့ ပျံ့နှံ့ပြီးနောက် ယမန်နေ့က ခါတွန်မြို့ရှိ သမ္မတအိမ်တော်သို့ ချီတက်လာသည့် ရာပေါင်းများစွာသော ဆန္ဒပြလူအုပ်ကြီးကို ဆူဒန်ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများဖြင့် ပစ်၍ တားဆီးခဲ့ကြောင်း သိရသည်။

"လွတ်လပ်မှု၊ ငြိမ်းချမ်းမှု၊ တရားမျှတမှု" ဟုကြွေးကြော်ကာ ခါတွန်မြို့လယ်တွင် စုဝေးရောက်ရှိနေသော ဆန္ဒပြလူအုပ်ကြီးကို အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများဖြင့် ပစ်ခဲ့ကြောင်း မျက်မြင်သက်သေများက အေအက်ဖ်ပီသို့ ပြောသည်။

ထို့အတူ ပင်လယ်နီမြို့ပို့တ်ဆူဒန်တွင်လည်း ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ကြောင်းနှင့် အဆိုပါနေရာသည် လွန်ခဲ့သည့် ဒီဇင်ဘာလကတည်းက ပထမဆုံး ဆန္ဒပြမှုဖြစ်ပွားခဲ့သည့်နေရာဖြစ်ကြောင်း သိရသည်။

ထိုအချိန်မှစကာ ဆယ်စုနှစ်သုံးနှစ်ကျော် သံမဏိစည်းမျဉ်းများဖြင့် အုပ်ချုပ်ခဲ့သည့် ဆူဒန်သမ္မတ အိုမာအယ်လ်ဘတ်ရှာအပေါ် ဆန္ဒပြမှုများ နိုင်ငံအနှံ့ လျင်မြန်စွာ ပျံ့နှံ့သွားခြင်း ဖြစ်သည်။

အဆိုပါ လုံခြုံရေးတပ်ဖွဲ့များနှင့် ထိပ်တိုက်တွေ့ဆုံနေသည့် ဆန္ဒပြမှုများတွင် ဆန္ဒပြသူ ၂၄ ဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။ သို့သော်လည်း လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က သေဆုံးသူဦးရေသည် ယခုထက်ပိုနိုင်ကြောင်း ပြောသည်။

အပြည်ပြည်ဆိုင်ရာ သနားကြင်နာမှုဟု အမည်ပေးထားသော လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က လွန်ခဲ့သည့် ရက်သတ္တပတ်က လူပေါင်း ၄၀ ကျော်သေဆုံးခဲ့ပြီး ၁၀၀၀ ကျော် အဖမ်းခံခဲ့ရကြောင်း ပြောကြားခဲ့သည်။ အဆိုပါအရေအတွက်တွင် ကလေးများနှင့် ဆေးဝန်ထမ်းများလည်း ပါဝင်ကြောင်း ပြောသည်။

ဆန္ဒပြလူအုပ်ကြီးသည် ဇန်နဝါရီ ၁၇ ရက်က ချီတက်လာနိုင်သည့် မြို့တော်ခါတွန်ရှိ လမ်းများတစ်လျှောက် လုံခြုံရေးများချထားကြောင်း အေအက်ဖ်ပီမျက်မြင်သတင်းထောက်တစ်ဦးက ပြောသည်။

သမ္မတအိမ်တော်အပြင်ဘက်တွင်လည်း လက်နက်အပြည့်အစုံဖြင့် တပ်မတော်ယာဉ်များ နေရာအသင့်ယူထားကြောင်း သိရသည်။ **အေအက်ဖ်ပီ**

## ဝန်ကြီးချုပ်ထရီဆာမေ အယုံအကြည်မရှိကြောင်း အဆိုတင်သွင်းမှုကို ကျော်လွှားနိုင်

**လန်ဒန် ဇန်နဝါရီ ၁၈**

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေသည် အယုံအကြည်မရှိကြောင်း အဆိုတင်သွင်းသည့် လှုပ်ရှားမှုကို ကျော်လွှားနိုင်ခဲ့ကြောင်း သိရသည်။ ဘရီးဇစ် သဘောတူညီမှုကို လွှတ်တော်က မဲအပြတ်အသတ်ဖြင့် ပယ်ချခဲ့ပြီးနောက် အတိုက်အခံ လေဘာပါတီ ခေါင်းဆောင် ဂျရယ်မီကော်ဘန်းက အစိုးရအပေါ် အယုံအကြည်မရှိအဆိုကို လွှတ်တော်သို့ တင်သွင်းခဲ့ခြင်းဖြစ်သည်။

ဥရောပသမဂ္ဂက ဗြိတိန်နုတ်ထွက်ရေး သဘောတူညီချက်နှင့် ပတ်သက်သည့် ဝန်ကြီးချုပ်ထရီဆာမေ၏ အစီအစဉ် ပြီးခဲ့သည့်အင်္ဂါနေ့က အပြတ်အသတ်ရှုံးနိမ့်ခဲ့မှုကို ထောက်ပြကာ လေဘာပါတီက ယင်းအဆိုကို တင်သွင်းခဲ့သည်။

အစိုးရအပေါ် အယုံအကြည်မရှိကြောင်း အဆိုတင်သွင်းမှုကို လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ခဲ့ရာ လွှတ်တော်အမတ်များက ကန့်ကွက်မဲ ၃၂၅ မဲ၊ ထောက်ခံမဲ ၃၀၆ မဲဖြင့် ပယ်ချလိုက်ကြောင်း သိရသည်။

အဆိုပါရလဒ်ကို ကြေညာခဲ့ပြီးနောက်တွင် ဝန်ကြီးချုပ်ထရီဆာမေက ဥရောပသမဂ္ဂကမှ ဗြိတိန်နုတ်ထွက်ရေးနှင့် ပတ်သက်၍ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပနိုင်ရေး ကြိုးပမ်းမည်ဟု ပြည်သူများအား အလေးအနက်ပေးအပ်ထားသည့် ကတိအတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ

## ဗဟိုအာဖရိကတပ်ဖွဲ့များ သူပုန်လက်ထဲမှ ယူရေနီယံမြို့တော်ကို ပြန်လည်သိမ်းပိုက်

**ဘန်ဂီ (ဗဟိုအာဖရိကပြည်ထောင်စု) ဇန်နဝါရီ ၁၈**

ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့များ ထောက်ပံ့မှုပြုထားသည့် ဗဟိုအာဖရိကန်အစိုးရ တပ်ဖွဲ့ဝင်များသည် သူပုန်လက်ထဲ နှစ်ပတ်ကျော်ကြာ ကျရောက်သွားသည့် နိုင်ငံအရှေ့တောင်ပိုင်းရှိ ယူရေနီယံထွက်ရှိရာမြို့တော်ဟု လူသိများသည့် ဗာကူမာမြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြောင်း အရာရှိတစ်ဦးက ယမန်နေ့တွင် ပြောကြားသည်။

ဗဟိုအာဖရိက တပ်ဖွဲ့ဝင်များနှင့် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များသည် ယမန်နေ့ နံနက်ကတည်းက ဗာကူမာမြို့သို့ ရောက်ရှိခဲ့ကြောင်း အမ်ဘူမူစီရင်စုနယ် အုပ်ချုပ်ရေးမှူး ပရက်တီဘန်ဂူရီက အေအက်ဖ်ပီသို့ ပြောခဲ့သည်။


အဆိုပါမြို့ကို ဗဟိုအာဖရိကတပ်ဦးဟုခေါ်သည့် လက်နက်ကိုင် သူပုန်တပ်ဖွဲ့က သိမ်းပိုက်ခဲ့ကြောင်းသိရသည်။

ဆီလီကာဟု ခေါ်ဆိုသည့် မွတ်စလင် သူပုန်လှုပ်ရှားမှုမှတစ်ဆင့် ပေါ်ပေါက်လာသော အဆိုပါ သူပုန်အုပ်စုသည် ဗဟိုအာဖရိကတွင် အကြီးဆုံးဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

## ဒုံးကျည်ကာကွယ်ရေးနည်းဗျူဟာတစ်ရပ် အမေရိကန်ထုတ်ဖော်

ဝါရှင်တန် ဇန်နဝါရီ ၁၈

**အမေရိကန်ကာကွယ်ရေးဌာနသည် ဒုံးကျည်ကာကွယ်ရေး နည်းဗျူဟာတစ်ရပ်ကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။ တရုတ်နှင့် ရုရှားတို့က ဒုံးကျည်နည်းပညာများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်လာမှုကို တုံ့ပြန်သည့်အနေဖြင့် အာကာသအခြေစိုက် အာရုံခံကိရိယာများ ဖြန့်ကြက်ရန် အစီအစဉ်တစ်ရပ်လည်း အဆိုပါနည်းဗျူဟာတွင် ပါဝင်ကြောင်း သိရသည်။**




အမေရိကန်ပြည်ထောင်စု၏ ဒုံးကျည်ကာကွယ်ရေးသုံးသပ်ချက် အစီရင်ခံစာ

**မည်သည့်ဒုံးကျည်ကိုမဆို ဖျက်ဆီးရန်**

ဒုံးကျည်ကာကွယ်ရေး သုံးသပ်ချက် အစီရင်ခံစာက ကိုးနှစ်အတွင်း ၎င်း၏ နည်းဗျူဟာဆိုင်ရာ ပထမဆုံးအကြိမ် ပြင်ဆင်မွမ်းမံမှုကို ကြာသပတေးနေ့တွင် ထုတ်ဖော်ပြောကြားခဲ့ခြင်း ဖြစ်သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပင်တဂွန်၌ မိန့်ခွန်းပြောကြားခဲ့ရာတွင် အမေရိကန် ဒုံးကျည်ကာကွယ်ရေးနည်းဗျူဟာ၏ ရည်ရွယ်ချက်မှာ အမေရိကန်ပြည်ထောင်စုကို တိုက်ခိုက်လာနိုင်သည့် မည်သည့်ဒုံးကျည်ကိုမဆို စုံစမ်းထောက်လှမ်းရန်နှင့် ဖျက်ဆီးပစ်ရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**နည်းပညာအဆင့်မြှင့်တင်**

အစီရင်ခံစာ၌ တရုတ်နှင့် ရုရှားတို့သည် အသံထက်မြန်သည့် နည်းပညာများအပါအဝင် ဒုံးကျည်နည်းပညာများကို လျင်မြန်စွာ အဆင့်မြှင့်တင်ခဲ့ကြောင်း၊ ယင်းနည်းပညာများမှာ ဒုံးကျည်ကာကွယ်ရေးစနစ်များဖြင့် အနိုင်မယူနိုင်သည့် နည်းပညာများဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ယင်း ခြိမ်းခြောက်မှုများကို ကိုင်တွယ်ဆောင်ရွက်ရန် နည်းပညာမြင့် အာရုံခံကိရိယာများကို အာကာသထဲ၌ ဖြန့်ကြက်ရန် အမေရိကန်က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒုံးကျည်များအား ပစ်လွှတ်လိုက်ပြီးနောက် မကြာမီတွင် ယင်းဒုံးကျည်များကို ကြားဖြတ်ပစ်ချရန် လေဆာလက်နက်စွမ်းရည် တိုးတက်ရေးအတွက်လည်း အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း ဒုံးကျည်ကာကွယ်ရေးသုံးသပ်ချက်အစီရင်ခံစာတွင် ဖော်ပြထားသည်။

**သာမန်ထက်လွန်ကဲသည့် ခြိမ်းခြောက်မှု**

အစီရင်ခံစာတွင် မြောက်ကိုရီးယားကို သာမန်ထက်လွန်ကဲသည့် ခြိမ်းခြောက်မှုတစ်ရပ်အနေဖြင့် ဖော်ပြထားပြီး ယင်းနိုင်ငံသည် အမေရိကန်ကုန်းမြေကို တိုက်ချင်းပစ်ဒုံးကျည်ဖြင့် ပစ်ခတ်နိုင်မည့် အဖျက်လက်နက်စွမ်းရည်ကို ပိုင်ဆိုင်ရန် နီးစပ်လာနေပြီဖြစ်ကြောင်း ဖော်ပြခဲ့သည်။

သို့သော် သမ္မတထရမ့်သည် ပင်တဂွန်၌ ပြောဆိုခဲ့သည့် မိန့်ခွန်းတွင် မြောက်ကိုရီးယား၊ တရုတ်နှင့် ရုရှားနိုင်ငံများဟူ၍ အမည်တပ်ဖော်ပြခြင်း မပြုလုပ်ခဲ့ပေ။

သို့သော် အမေရိကန်ကာကွယ်ရေးဌာနသည် တရုတ်နှင့်ရုရှားတို့က စစ်ရေးအရ အားဖြည့်ဆောင်ရွက်ရန် ကြိုးပမ်းနေမှုများနှင့် ပတ်သက်၍ ပိုမိုသတိထားလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ဘရီးဇစ်အရေး ကြိုးစားရှုန်းကန်နေရဦးမယ့် ထရီဆာမေ

**ထွန်းသစ်စ**

**လွှတ်တော်အမတ်တွေက ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေရဲ့ အီးယူမှ ဗြိတိန်ထွက်ခွာရေးအစီအစဉ်ကို မဲအပြတ်အသတ်နဲ့ ပယ်ချလိုက်ပြီးနောက်မှာ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေတစ်ယောက် အစိုးရအပေါ် အယုံအကြည်မရှိ အဆိုတင်သွင်းမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ သို့သော်လည်း နောက်ဆုံးမှာတော့ သူမအနေနဲ့ အဲဒီကိစ္စကို ကျော်လွှားနိုင်ခဲ့ပြီး အစိုးရကို ဆက်လက်ရှင်သန်စေခဲ့ပါတယ်။**

### အတည်ပြုချက်ရယူရမယ်

အင်္ဂါနေ့က တင်သွင်းခဲ့တဲ့ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေရဲ့ အီးယူမှ ဗြိတိန်ခွဲထွက်ရေး အဆိုဟာ လွှတ်တော်မှာ ထောက်ခံမဲ ၂၀၂ မဲသာရရှိခဲ့ပြီး ဆန့်ကျင်ကန့်ကွက်မဲကတော့ ၄၃၂ မဲရရှိခဲ့ကာ ဝက်ဝက်ကွဲရှုံးနိမ့်ခဲ့တာကို တွေ့ခဲ့ရပါတယ်။ ဒါဟာ ၉၅နှစ်တာ ကြာညောင်းခဲ့တဲ့ ခေတ်သစ် ဗြိတိန်သမိုင်းမှာ အစိုးရရဲ့အကြီးမားဆုံး ဆုံးရှုံးမှုကြီးဖြစ်ခဲ့ပါတယ်။

သို့သော်လည်း ထရီဆာမေအနေနဲ့ အီးယူမှ ဗြိတိန်ထွက်ခွာရေး အစီအစဉ်ကို နောက်တစ်ဖန် လွှတ်တော်သို့ ပြန်လည်တင်သွင်းရဦးမယ်လို့လည်း သိရပါတယ်။ လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်အရ ထရီဆာမေတစ်ယောက် လာမယ့်ဇန်နဝါရီ ၂၁ ရက်မှာ ဘရီးဇစ်အရေး လွှတ်တော်ကနေပြီး အတည်ပြုချက်ရယူရဦးမှာပါ။

### ကြိုးစားရဦးမယ်

ဒီတစ်ခါ ဘရီးဇစ်အရေး မရှုံးနိမ့်ရလေအောင် ထရီဆာမေတစ်ယောက် ပြိုင်ဘက်ပါတီ လွှတ်တော်အမတ်တွေနဲ့ တစ်ဦးတစ်ယောက်ချင်း ဆွေးနွေးစည်းရုံးပြီး ဘရီးဇစ်အရေး ထောက်ခံမှု ရရှိအောင် ကြိုးစားဆောင်ရွက်ဖို့ အရေးတကြီး လိုအပ်နေပါတယ်။

ဝန်ကြီးချုပ်မေရဲ့ ဘရီးဇစ် သဘောတူညီမှုကို လွှတ်တော်အမတ်အချို့က သဘောမကျသော်လည်း ဝန်ကြီးချုပ်မေရဲ့ အစိုးရအဖွဲ့ကို ဝန်းရံကြဖို့ အာဏာရ ကွန်ဆာဗေးတစ်ပါတီ အမတ်များက ကြိုးစားရပါလိမ့်ဦးမယ်။

### လွယ်မယောင်နဲ့ခက်နေ

ဘရီးဇစ်အရေးနဲ့ ပတ်သက်ပြီး ထရီဆာမေကို အတိုက်အခံလေဘာပါတီခေါင်းဆောင် ဂျရယ်မီကော်ဘန်းက "ထရီဆာမေဟာ ဘရီးဇစ်အရေးကို နှစ်နှစ်ကြာအထိ အောင်မြင်အောင် လုပ်ဆောင်နိုင်ခြင်း မရှိခဲ့တဲ့အပြင် အဲဒီအရေးကို ညှိနှိုင်းရယူနိုင်လိမ့်မယ်လို့ သူ့အနေနဲ့ ထင်နေခြင်းကို ကျွန်တော်ဖြင့် အံ့အားသင့်လို့ကို မဆုံးပါဘူး" ဟုဆန့်ကျင်ပြောဆိုခဲ့ပါတယ်။ ဒ့ါအပြင် "ဒီလွှတ်တော်နဲ့ နိုင်ငံရဲ့ယုံကြည်ချက်ကို ထရီဆာမေတစ်ယောက် ဆုံးရှုံးခဲ့ပြီ" လို့လည်း ခနဲ့တဲ့တဲ့ ပြောလိုက်ပါသေးတယ်။

ဒီနေရာမှာ ထရီဆာမေအနေနဲ့ ထပ်မံတင်သွင်းမယ့် ဘရီးဇစ်သဘောတူညီချက်ကို လွှတ်တော်မှာ မဲအသာနဲ့ အနိုင်ရရှိဖို့တော့ သူ့ရဲ့ အဓိကပြိုင်ဘက်ပါတီဖြစ်တဲ့ လေဘာပါတီကို စည်းရုံးနိုင်ဖို့ လိုအပ်ပါတယ်။ လေဘာပါတီခေါင်းဆောင် ဂျရယ်မီကော်ဘန်းရဲ့ ပြောစကားတွေကို လေ့လာကြည့်မယ်ဆိုပါက ထရီဆာမေဟာ ဘရီးဇစ်အရေးမှာ လွယ်မယောင်နဲ့ ခက်နေမယ့် သဘောကို ထပ်မံတွေ့နေရပါတယ်။

### လိုလျှင်ကြံဆနည်းလမ်းရ

ဒါဆို ထရီဆာမေအတွက် လုံးဝနည်းလမ်း မရှိတော့ဘူးလား။ ဒီလိုလဲမဟုတ်ပါဘူး။ လိုလျှင်ကြံဆနည်းလမ်းရချည်းပါပဲ။ အခက်အခဲတွေကြားမှ အောင်မြင်မှုကို ရအောင်ယူနိုင်ဖို့တော့ လိုအပ်ပါတယ်။ သို့သော်လည်းပဲ လက်ရှိ ဘရီးဇစ် သဘောတူညီမှုကြီးနဲ့တော့ မရနိုင်ပါဘူး။ ထင်ရှားပြတ်သားတွေအနေနဲ့ ဇန်နဝါရီ ၂၉ ရက်မှာ ဘရီးဇစ်အရေး တစ်ဆင့်တက်ဆွေးနွေးဖို့ အစီအစဉ်ဆွဲထားတယ်လို့ သိရပါတယ်။

### သဘောထားကွဲလွဲမှုတွေရှိခဲ့

အီးယူမှ ဗြိတိန်နုတ်ထွက်ရေး ချောမွေ့စွာပြီးဆုံးဖို့ဆိုတာကတော့ အတော်လေးကြိုးစားဆောင်ရွက်ရမယ့်သဘောကို တွေ့နေရပါတယ်။ ဘရီးဇစ်အကြောင်း တစေ့တစောင်းပြန်လည်လေ့လာကြည့်မယ်ဆိုပါက အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရေး အပြီးသတ်ဆွေးနွေးချိန်မှာ ဂျီဘရော်တာကျွန်းကိစ္စနဲ့ ပတ်သက်ပြီး ပြင်ဆင်ပေးဖို့ စပိန်နိုင်ငံက တောင်းဆိုလိုက်တဲ့အတွက် ဂျီဘရော်တာအရေး စပိန်နဲ့ ဗြိတိန်တို့ သဘောထား မပေးဘူးဆိုပါက သဘောတူညီမှုတွေကို ဗီတိုအာဏာသုံးပြီး ပယ်ချမှာဖြစ်ကြောင်း စပိန်ဝန်ကြီးချုပ် ပီဒရိုဆက်ချက်က တွစ်တာလူမှုကွန်ရက်ပေါ်မှာ ယခင်က ရေးသားဖော်ပြခဲ့ပါတယ်။

ဒါတွေဟာ အီးယူမှ ဗြိတိန်နုတ်ထွက်ရေးမှာ တကယ့်ကိုပဲ အတားအဆီးတွေဖြစ်စေပါတယ်။ သို့သော်လည်း ဘရီးဇစ်သဘောတူညီမှု အတည်ပြုနိုင်ဖို့အတွက် အီးယူနိုင်ငံတွေရဲ့ တစ်ညီတစ်ညွတ်တည်း သဘောတူညီချက်မလိုသော်လည်း အကယ်၍ စပိန်ကသာ ဗီတိုသုံးပြီးပယ်ချခဲ့မည်ဆိုပါက အီးယူနဲ့ ဗြိတိန်ကြား လွတ်လပ်တဲ့ ကုန်သွယ်ရေး သဘောတူညီမှုရနိုင်ရေးမှာ အဟန့်အတားတွေ ဖြစ်စေနိုင်ပါတယ်။



လွှတ်တော်တွင် ဘရီးဇစ်အရေး အချေအတင်ဆွေးနွေးနေစဉ်။

တဲ့ အနာဂတ်ကြိုတင်စီမံမှုတွေနဲ့ ဘရီးဇစ်သဘောတူညီမှုသစ်ကို ပြန်လည်ပြင်ဆင် ဆန်းသစ်နိုင်ခဲ့မယ်ဆိုရင်တော့ သူ့အနေနဲ့ နောက်တစ်ခါ တင်သွင်းမယ့် ဘရီးဇစ်အရေးမှာ ဩဘာသံတွေကို သိမ်းကျုံးရယူနိုင်မှာဖြစ်ပါတယ်။

ဗြိတိန်ဟာ အီးယူမှ မတ်လ ၂၉ ရက်မှာ တရားဝင်နုတ်ထွက်ရမှာဖြစ်တဲ့အတွက် အဲဒီမတိုင်မီ အခြေအနေတွေကို အကောင်းဆုံးဖြစ်အောင် ညှိနှိုင်းရယူနိုင်ဖို့ လိုအပ်ပါတယ်။ လွှတ်တော်အမတ် ကွဲလွဲမှုတွေ ရှိနေသေးတယ်ဆိုတာကို တွေ့ရပါတယ်။

ဗြိတိန်အုပ်ချုပ်မှုအောက် ရောက်နေတဲ့ ဂျီဘရော်တာဒေသကို စပိန်နိုင်ငံက သူတို့ပိုင်ဆိုင်ကြောင်း ၁၇၁၃ခုနှစ်ကတည်းက ပြောကြားခဲ့ပြီး နောက်မှာ အနာဂတ်ဂျီဘရော်တာ အရေးနဲ့ ပတ်သက်ပြီး စပိန်နဲ့ ဗြိတိန်တို့ တိုက်ရိုက်ဆွေးနွေးဖို့ လိုအပ်တယ်လို့ စပိန်က ပြောခဲ့ပါတယ်။ ထို့အတူ စပိန်က တောင်းဆိုသလို မူကြမ်းတွေကို ပြင်ဆင်

### နုတ်ထွက်ခဲ့တဲ့ ဝန်ကြီးတွေ မနည်းမနော

ထို့အတူ တခြားတစ်ဖက်မှာလည်း အီးယူမှ ဗြိတိန်နုတ်ထွက်ပြီးနောက်ပိုင်းမှာ နှစ်ဖက်အပြန်အလှန်လိုက်နာရမယ့် ဥပဒေသတ်မှတ်ချက်များပါတဲ့ သဘောတူညီချက် မူကြမ်းအပေါ်ဗြိတိန် ပါလီမန်ကလည်း အကြီးအကျယ်ကန့်ကွက်မှုတွေ လုပ်ခဲ့ပါတယ်။ အီးယူမှ ဗြိတိန်နုတ်ထွက်ရေး သဘောထား မတိုက်ဆိုင်စွာနဲ့ပဲ နုတ်ထွက်ခဲ့တဲ့ ဝန်ကြီးတွေလည်း မနည်းမနောပဲဆိုတာ တွေ့ရပါတယ်။

ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးအတွက် ၂၀၁၆ခုနှစ်ကလုပ်ခဲ့တဲ့ လူထုဆန္ဒခံယူပွဲမှာ ထောက်ခံမဲအများစု ၅၂ ရာခိုင်နှုန်းနဲ့ ခွဲထွက်ရေးအတည်ဖြစ်ခဲ့ပေမယ့်လည်း အဲဒီလိုနုတ်ထွက်တဲ့အတွက်ကြောင့် ငွေကြေးပိုင်ဆိုင်ရာ ဆုံးရှုံးနစ်နာမှုတွေနဲ့ ရှုပ်ထွေးနေသေးတဲ့ အချက်အလက်အသစ်တွေ ဆက်လက်ရှိနေသေးတယ်လို့ သိရပါတယ်။

### ခရီးဆုံးတိုင်မရောက်သေး

ဒါတွေကို လေ့လာကြည့်ခြင်းအားဖြင့် ဗြိတိန်နိုင်ငံဟာ ၂၀၁၉ ခုနှစ် မတ်လ ၂၉ ရက်နေ့မှာ ဥရောပသမဂ္ဂမှ ခွဲထွက်ဖို့ရက်သတ်မှတ်ခဲ့ပေမယ့်လည်း နုတ်ထွက်ရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းဆွေးနွေးမှုတွေမှာ ခရီးဆုံးတိုင်မရောက်သေးတာကို တွေ့မြင်နေရတုန်းပဲ ရှိပါသေးတယ်။

ပိုဆိုးတာက ဘရီးဇစ်အရေးနှစ်ဖက်သဘောထားကွဲလွဲမှုတွေ ရှိနေသေးတာပဲဖြစ်ပါတယ်။ ဘရီးဇစ်အရေး ထပ်မံပယ်ချခံရပါက ဗြိတိန်အနေနဲ့ အီးယူမှ နုတ်ထွက်ခြင်းထက် ဆက်နေဖို့ ဖြစ်နိုင်ခြေပိုမိုများပြားသွားနိုင်ကြောင်းနဲ့ အခုလိုဘရီးဇစ်အရေး မပြတ်မသားဖြစ်နေခြင်းဟာ အစိုးရနဲ့ နိုင်ငံအပေါ်ထားရှိတဲ့ ပြည်သူတွေရဲ့ယုံကြည်မျှော်လင့်ချက်တွေကို ထိခိုက်စေနိုင်ကြောင်းလည်း ထရီဆာမေက သတိပေးပြောကြားထားတာတော့ရှိပါတယ်။

ဥရောပမှ ခွဲထွက်ရေး ဆန္ဒမဲပေးခဲ့သော်လည်း တကယ်တမ်းတော့ ဗြိတိသျှလူမျိုးတွေဟာ ဘရီးဇစ်အရေးနဲ့ ပတ်သက်ပြီး နှစ်ခြမ်းကွဲနေပါသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဘရီးဇစ်အရေးမှာ ထရီဆာမေတစ်ယောက် ရတက်မအေးနိုင်သေးပါဘူး။ သူ့အနေနဲ့ ဘရီးဇစ်အရေး အကောင်းဆုံးအဆုံးသတ်နိုင်အောင် မတူညီမှုကြားမှ တူညီမှုရအောင် ကြိုးစားရုန်းကန်နေရဦးမှာပါ။ ။**ကိုးကား- အေအက်ဖ်ပီ**

**"ထရီဆာမေအတွက် လုံးဝနည်းလမ်း မရှိတော့ဘူးလား။ ဒီလိုလဲမဟုတ်ပါဘူး။ လိုလျှင်ကြံဆနည်းလမ်းရ ချည်းပါပဲ။ အခက်အခဲတွေကြားမှ အောင်မြင်မှုကိုရအောင်ယူနိုင်ဖို့တော့ လိုအပ်ပါတယ်။ သို့သော်လည်းပဲ လက်ရှိ ဘရီးဇစ် သဘော တူညီမှုကြီးနဲ့တော့ မရနိုင်ပါဘူး။ ထင်ရှား ပြတ်သားတဲ့ အနာဂတ်ကြိုတင်စီမံမှုတွေနဲ့ ဘရီးဇစ် သဘောတူညီမှုသစ်ကို ပြန်လည်ပြင်ဆင် ဆန်းသစ်နိုင်ခဲ့မယ်ဆိုရင်တော့ သူ့အနေနဲ့ နောက်တစ်ခါတင်သွင်းမယ့် ဘရီးဇစ်အရေးမှာ ဩဘာသံတွေကို သိမ်းကျုံးရယူနိုင်မှာဖြစ်"**

# နိုင်ငံတကာသတင်းတိုထွာ

## ကိုလံဘီယာနိုင်ငံ ဘိုဂိုတာတောင်ပိုင်းရှိ ရဲအတတ်သင်ကျောင်း ဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် လူ ၂၁ ဦးသေဆုံး

**ဘိုဂိုတာ ဇန်နဝါရီ ၁၈**

ကိုလံဘီယာနိုင်ငံ မြို့တော် ဘိုဂိုတာတောင်ပိုင်းရှိ ရဲအတတ်သင်ကျောင်းတစ်ကျောင်းကို ယမန်နေ့က အသေခံကားဗုံးခွဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံး လူ ၂၁ ဦး သေဆုံးပြီး အများအပြားဒဏ်ရာရရှိကြောင်း သိရသည်။ အသေခံကားဗုံးခွဲတိုက်ခိုက်မှုသည် ဂျင်နရယ်စတန်ဒါ ရဲအတတ်သင်ကျောင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ပေါက်ကွဲစေသည့် ပစ္စည်းများတင်ဆောင်ထားသည့် ကားတစ်စီးမှာ ကျောင်းအတွင်းသို့ မောင်းဝင်သွားခဲ့ကြောင်း၊ ဗုံးဖောက်ခွဲမှုမပြုလုပ်ခင် မိနစ်ပိုင်းတွင် အဆိုပါ ကျောင်းအတွင်း ရာထူးအပ်နှင်းပွဲ အခမ်းအနား ကျင်းပနေသဖြင့် ထိုပွဲကို ရည်ရွယ်တိုက်ခိုက်ခြင်းဖြစ်နိုင်ကြောင်း ကိုလံဘီယာသတင်းမီဒီယာများတွင် ရေးသားဖော်ပြခဲ့သည်။

လက်တလောတွင် ဒဏ်ရာရရှိနေသူများ ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ အသေခံကားဗုံးခွဲ တိုက်ခိုက်သူအား အတည်ပြုနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် ကိုလံဘီယာနိုင်ငံ ပြည်သူလူထုအနေဖြင့် အကြမ်းဖက်ဝါဒကို ခိုင်မြဲစွာ ဆန့်ကျင်ပြီး တိုက်ခိုက်မှုကို အညံ့ခံသွားမည်မဟုတ်ကြောင်း ကိုလံဘီယာနိုင်ငံသမ္မတက ကြေညာခဲ့သည်။ **ဆင်ဟွာ**

## အိမ်ဖြူတော်ကို တိုက်ခိုက်ရန် ကြံစည်သူအား ဖမ်းဆီး

**ဝါရှင်တန် ဇန်နဝါရီ ၁၈**

အိမ်ဖြူတော်နှင့် ဝါရှင်တန်ဒီစီဖက်ဒရယ်အဆောက်အအုံများကို တိုက်ခိုက်ရန် ကြံစည်မှုဖြင့် အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ်ရှိ လူငယ်တစ်ဦးကို ဖမ်းဆီးအရေးယူလိုက်ကြောင်း အမေရိကန်ပြည်ထောင်စုအစိုးရရှေ့နေတစ်ဦးက မကြာသေးမီတွင် ပြောကြားသည်။

တိုက်ခိုက်ရန် ကြံစည်မှုဖြင့် ဖမ်းဆီးအရေးယူခံရသည့် သံသယဖြစ်ဖွယ်ကောင်းသူသည် ဟက်ရှာတာဟက်ဆိုသူဖြစ်ပြီး အသက် ၂၁ နှစ်သာရှိသေးကြောင်း သိရသည်။ ၎င်းသည် လက်လုပ်ဗုံးနှင့် တင့်ကားဖျက်ဒုံးအပါအဝင် ပေါက်ကွဲစေနိုင်သည့် ပစ္စည်းများဖြင့် တိုက်ခိုက်ရန် ကြံစည်ခဲ့ကြောင်း ဂျော်ဂျီယာပြည်နယ်မြောက်ပိုင်း ခရိုင်၏ အမေရိကန်အစိုးရရှေ့နေ ဘီဂျေပက်ခ်က သတင်းထောက်များကို ပြောကြားခဲ့သည်။

၎င်းသည် အဆိုပါတိုက်ခိုက်မှုများကို တစ်ဦးတည်းလုပ်ဆောင်ရန် ကြံရွယ်နေကြောင်း အတ္တလန္တာရုံး၏ ကြီးကြပ်ရေးမှူး အက်ဖ်ဘီအိုင် အထူးအေးဂျင့် ခရစ်ဟက်ကာက ပြောကြားခဲ့ပြီးနောက် ၎င်းအားစုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

၎င်းကို ဇန်နဝါရီ ၂၄ ရက်တွင် ထပ်မံရုံးထုတ်ရန်စီစဉ်ထားကြောင်းနှင့် ဇန်နဝါရီ ၁၆ ရက်ကတစ်ကြိမ်ရုံးထုတ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ကလေးစာပေပွဲတော်(မြစ်ကြီးနား)ပြင်ဆင်ဆောင်ရွက်နေမှုများ ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



ပြခန်းပြင်ဆင်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ကြည့်ရှုနေစဉ်။

**မြစ်ကြီးနား ဇန်နဝါရီ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့်ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်း၍ ကလေးစာပေပွဲတော် (မြစ်ကြီးနား) ကို ဇန်နဝါရီ ၂၀ ရက်မှ ၂၂ ရက်ထိ မြစ်ကြီးနားတက္ကသိုလ်ဝင်းအတွင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ပွဲတော်အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၁၇ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ကျောင်းမုခ်ဦးများတွင် ပွဲတော်ဆိုင်းဘုတ်များနှင့် အဝင်မိန်းလမ်းမတစ်လျှောက် ပွဲတော်တံဆိပ်ပါ ကြက်လျှာအလံများ တပ်ဆင်ပြီးစီးမှု၊ မြေညှိခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဘွဲ့နှင်းသဘင်ခန်းမအတွင်း ခင်းကျင်းထားရှိမှု၊ ကလေးစာဖတ်ခန်း၊ အရုပ်ဆက်ပြိုင်ပွဲနှင့် ခန်းမအတွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ပြပွဲ ပြိုင်ပွဲကျင်းပမည့်နေရာများ၊ စာအုပ်ဆိုင်တန်း၊ စတုဒိသာဆိုင်တန်းများနှင့် အားကစားပြိုင်ပွဲများ ကျင်းပမည့်နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်နှင့် ပွဲတော်ဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြကာ လိုအပ်ချက်များကို ပြည်နယ်ဝန်ကြီးချုပ်က ညှိနှိုင်းဖြည့်ဆည်းပေးခဲ့သည်။

ကလေးစာပေပွဲတော်(မြစ်ကြီးနား)သည် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် (၉)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ယခုပွဲတော်တွင် ၂၀၁၈ ခုနှစ်က ထုတ်ဝေခဲ့သော စာအုပ်စာစောင် ၄၀၀၀ ကျော်နှင့် အမျိုးသားမော်ကွန်းပြတိုက်မှ ရန္တပိုလ်စာချုပ်၊ အောင်ဆန်း-အက်တလီစာချုပ်၊ ပင်လုံစာချုပ်နှင့် ထူးခြားထင်ရှားသည့် ကျောက်စာများကိုလည်း ပြသသွားမည်ဖြစ်ကာ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများကိုလည်း တိုင်းရင်းသားဘာသာစကားဖြင့် ကျင်းပယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

**ညောင်တုန်း ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ကျွန်းဦးကျေးရွာအုပ်စု ခတ္တိယကျေးရွာရှိ ဝါဝါဝင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးကုမ္ပဏီ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျဲမိုးမြတ်မြတ်သူ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းနှင့် အဖွဲ့ဝင်များက ဇန်နဝါရီ ၁၇ ရက်က လာရောက်ကြည့်ရှုခဲ့ကြသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ်အား တာဝန်ရှိသူက ရှင်းလင်းပြသနေစဉ်။

ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဝါဝါဝင်းစိုက်ပျိုးရေးနှင့်မွေးမြူရေးကုမ္ပဏီ၏ နို့စားနွားများမွေးမြူထားသောခြံကို သွားရောက်ကြည့်ရှုရာ နို့စားနွားမွေးမြူရေးခြံမှ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။ နို့စားနွားခြံသည် အလျားပေ ၂၄၀၊ အနံပေ ၆၀၊ အမြင့် ၁၈ ပေဖြင့် တည်ဆောက်ထားပြီး နွားကောင်ရေ ၁၃၃ ကောင်ရှိကာ နို့ညှစ်နွား ၄၁ ကောင်ဖြစ်ကြောင်း၊ နို့စားနွားများကို ကန်ပေါက်မြက်၊ မြက်ချဉ်ဖတ်၊ အစာနု၊ နှမ်းဖတ်၊ ဘီယာဖတ်တို့ကို အစာအဖြစ်ကျွေးရပြီး တစ်ရက်လျှင် နွားနို့ ၁၆၂ ပိဿာခန့် ရရှိကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝါဝါဝင်းကုမ္ပဏီရှင်းလင်းဆောင်ခန်းမသို့ ရောက်ရှိရာ ကုမ္ပဏီ၏လုပ်ဆောင်ချက်များနှင့် တည်နေရာကို ဝါဝါဝင်း ကုမ္ပဏီပိုင်ရှင် ဦးရွှေကြိုင်က ရှင်းလင်းပြောကြားခဲ့ပြီးနောက် ကုမ္ပဏီပိုင်ရှင်နှင့် မန်နေဂျာဒေါ်စန်းစန်းမြင့်တို့ က ကုမ္ပဏီမှ လုပ်ကိုင်ထားသော လုပ်ငန်းများနှင့် ငါးမွေးမြူရေးကန်များကို ဝန်ကြီးချုပ်နှင့်အဖွဲ့အား လိုက်လံပြသခဲ့သည်။

**ဝဠာနိုင်(ညောင်တုန်း)**

# ရေးမြို့နယ်မှ လေဘေးသင့်ပြည်သူများအား မွန်ပြည်နယ်ဝန်ကြီးချုပ် သွားရောက်ထောက်ပံ့

**မော်လမြိုင် ဇန်နဝါရီ ၁၈**

ရေးမြို့နယ် လမိုင်းမြို့ ကုလားကုတ်ကျွန်း အောက်ဆိပ်ကျေးရွာရှိ လေဘေးသင့်ပြည်သူများအား မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဇန်နဝါရီ ၁၇ ရက်က သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောက်ဆိပ်ကျေးရွာ ကျောင်းဟောင်းဘုန်းတော်ကြီးကျောင်းသို့ ဦးစွာသွားရောက်ပြီး ဆရာတော်အားဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မွန်စာသင်ကျောင်း၌ လေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံပြီး ယခုလိုဘေးသင့်သည့်ဒေသများတွင် လူထုအတွက် အစိုးရက ဝန်ဆောင်မှုကို လုပ်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့ပြည်နယ်အစိုးရအနေဖြင့် လေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့မှုများ ပေးမည့်အပြင် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းများ ခင်းပေးကာ လျှပ်စစ်မီးရရှိရေးနှင့် တိုက်နယ်ဆေးရုံ တစ်ရုံရရှိအောင်လည်း အစွမ်းကုန် ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အောက်ဆိပ်ကျေးရွာမှ လေဘေးသင့်ပြည်သူများအတွက် သွပ်အချပ် ၁၅၀၀ နှင့် ပြိုကျပျက်စီးသည့် နေအိမ်၊ အဆောက်အအုံ ၁၁၄ လုံးအတွက် တစ်လုံးလျှင် ကျပ်တစ်သိန်းစီ၊ အမိုးလန်ပျက်စီးသည့် နေအိမ်၊ အဆောက်အအုံ ၂၈၂ လုံးအတွက် တစ်လုံးလျှင် ကျပ်ငါးသောင်းစီဖြင့် စုစုပေါင်း နေအိမ် အဆောက်အအုံ ၃၉၆ လုံးအတွက် ထောက်ပံ့ငွေကျပ် ၂၅၅ သိန်းကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများထံ ပေးအပ်ခဲ့ပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်က လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အားပေးစကားပြောကြားခဲ့သည်။

ရေးမြို့နယ် လမိုင်းမြို့ ကုလားကုတ်ကျွန်းရှိ အောက်ဆိပ်ကျေးရွာ၌ ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက လေပြင်းတိုက်ခတ်ခံရမှုကြောင့် လူနေအိမ်အဆောက်အအုံ ၁၁၄ လုံး ပြိုကျပျက်စီးပြီး လူနေအိမ်အဆောက်အအုံ ၂၈၂ လုံး၊ ဘုန်းကြီးကျောင်းနှစ်ကျောင်းမှ အဆောက်အအုံ ခုနစ်လုံး၊ ကျေးရွာအထကကျောင်းမှ အဆောက်အအုံ သုံးလုံးနှင့် အမက(မွန်)စာသင်ကျောင်းမှ အဆောက်အအုံ တစ်လုံးတို့ အမိုးလန် ပျက်စီးခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကရင်ပြည်နယ်အတွင်း လူဦးရေ ၁၀ သိန်းနီးပါးကို သန်ချဆေးပေါင်းတိုက်ရန် မျှော်မှန်းထား

**ဘားအံ ဇန်နဝါရီ ၁၈**

ကရင်ပြည်နယ်အတွင်း ဆင်ခြေထောက်ရောဂါကင်းဝေးရေးစီမံချက်အရ အသက်နှစ်နှစ်အောက် ကလေငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ရောဂါတစ်ခုခုကို ပြင်းထန်စွာ ခံစားနေရသူများနှင့် အရက်အလွန်အကျွံသောက်နေသူများမှလွဲ၍ မျှော်မှန်းလူဦးရေ ၉၇၅၃၄၀ ကို သံချဆေးပေါင်းတိုက်ကျွေးသွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၇ ရက်က ဘားအံမြို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူအားလုံး ဆေးကျွေးခြင်းလုပ်ငန်း ပြည်နယ်အဆင့် အသိပေးဆွေးနွေးပွဲမှ သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်က အမှာစကားပြောကြားပြီး ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဦးဇော်လင်းက ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူအားလုံးဆေးကျွေးခြင်း လုပ်ငန်းအကြောင်းနှင့် ပြည်နယ်ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမင်းမျိုးကြည်က ဆင်ခြေထောက်ရောဂါအကြောင်း ရှင်းလင်းပြောကြားသည်။

ဆင်ခြေထောက်ရောဂါသည် လတ်တလောသေစေနိုင်သည့် ရောဂါမဟုတ်သော်လည်း ခြေလက်အင်္ဂါပုံသဏ္ဌာန်ပျက်ယွင်းခြင်းကြောင့် လူမှုရေး၊ စီးပွားရေး ထိခိုက်နစ်နာဆုံးရှုံးမှုရှိသည့် ရောဂါဖြစ်ရာ ရောဂါကာကွယ်တားဆီးရေးအတွက် ကရင်ပြည်နယ်၌ ဇန်နဝါရီ ၂၂ ရက်မှ ၃၁ ရက်အတွင်း ကျန်းမာရေးဝန်ထမ်းများကို အခြေခံပြီး သင်တန်းပေးထားသည့် စေတနာ့ဝန်ထမ်း ဆေးတိုက်အဖွဲ့များက မြို့နယ်အသီးသီး ရှိရပ်ကွက်၊ ကျေးရွာများသို့ သွားရောက်၍ သန်ချဆေးပေါင်း လိုက်လံတိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်အတွင်းမှ သွားလာရခက်ခဲသော ဝေးလံသည့်အရပ်ဒေသများနှင့် တိုင်းရင်းသားလက်နက်ကိုင်ဒေသများတွင် ဆင်ခြေထောက်ရောဂါကာကွယ်ဆေး တိုက်ကျွေးနိုင်ရေးနှင့်ပတ်သက်၍လည်း စီစဉ်ပြီးဖြစ်ကြောင်း သိရသည်။ KNU ကရင်ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာနမှ ဒေါက်တာမာတာက "ကျွန်တော်တို့ဆီမှာလည်း ပြည်သူ့ကျန်းမာရေးဌာနလို အဆင့်ဆင့် ဖွဲ့စည်းထားတာရှိတယ်၊ တာဝန်ခံတွေရှိတယ်၊ ရွာတိုင်းမှာ ကျွန်တော်တို့ဝန်ထမ်းတွေရှိတဲ့အတွက် သူတို့ကို ဖြန့်ဝေပေးပြီးတော့ ဆေးတိုက်ပါတယ်၊ ဆင်ခြေထောက်ရောဂါပပျောက်ရေး ညွှန်ကြားချက်ရှိတဲ့အတိုင်း ကျွန်တော်တို့ လိုက်လုပ်ပါတယ်"ဟု ပြောသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်

**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေး ဥပဒေနှင့်အညီ ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုထိရောက်စွာ ကာကွယ်နိုင်ရန်အတွက် ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ) အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၇ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး တိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်သူက အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)ညွှန်ကြားရေးမှူး၊ ဒေါ်စိုးစိုးဝင်းက ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုထိရောက်စွာ ကာကွယ်နိုင်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုထိရောက်စွာ ကာကွယ်နိုင်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၄၀၀ ဖြင့် လုပ်ငန်းများဆောင်ရွက်မည်ဖြစ်ရာ မြနန်းစံကျော်ရွှေနန်းတော် အထွေထွေပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းအတွက် ကျပ်သိန်း ၃၀၀ နှင့် မြင်းခြံခရိုင် ဆီမီးခုံရွာမှ ယွန်းကျောင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းအတွက် ကျပ်သိန်း ၁၀၀ ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ) ညွှန်ကြားရေးမှူးထံမှ သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ပူးပေါင်း သင်တန်းဖွင့်လှစ်ပို့ချ

**စဉ့်ကိုင် ဇန်နဝါရီ ၁၈**

ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ဒေါင့်ကြီးကွေ့ကျေးရွာအုပ်စု ဒေါင့်ကြီးကွေ့ကျေးရွာ၌ ဇန်နဝါရီ ၁၈ ရက်က စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ် သင်တန်းပြုလုပ်ခဲ့သည်။

သင်တန်းကို စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်လင်းက အမှာစကားပြောကြားသည်။ သင်တန်းသို့ ဒေါင့်ကြီးကွေ့၊ ညောင်ပင်သာ၊ မကျီးကုန်း၊ ရွာဘို၊ မြို့ကုန်းနှင့် ကျောက်တန်းကျေးရွာများမှ စုစုပေါင်းလူဦးရေ ၁၃၀ ကျော် တက်ရောက်ခဲ့သည်။

အဆိုပါ သင်တန်းကို စိုက်ပျိုးရေး၊ မွေးမြူရေး စနစ်တကျ လုပ်ဆောင်လာနိုင်စေရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များ နိုင်ငံတကာဈေးကွက်ထိ တင်ပို့နိုင်ပြီး ထိုက်တန်သောဈေးနှုန်းရရှိနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲနည်းသင်တန်းဖွင့်လှစ်

**ကျောက်ဖြူ ဇန်နဝါရီ ၁၈**

ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဇန်နဝါရီလ ဒုတိယပတ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးစံက အမှာစကားပြောကြားခဲ့သည်။ သင်တန်းတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲနိုင်ရန်အတွက် ကျေးရွာဆိုင်ရာအချက်အလက်ကောက်ယူခြင်း၊ ပုံစံ(၄၈)ဇယားများရေးသွင်းခြင်းနှင့် ကျေးရွာသယံဇာတပြ မြေပုံရေးဆွဲခြင်း၊ ရာသီခွင်ပြပြက္ခဒိန်ရေးဆွဲခြင်းနှင့် ကျေးရွာ၏ ရွာတွင်းရွာပြင်အဖွဲ့အစည်းပြ မြေပုံရေးဆွဲနည်းများကို သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# စားနပ်ရိက္ခာနှင့် အာဟာရလုံခြုံစိတ်ချပြည့်ဝစွာ စားသုံးနိုင်အောင် မြှင့်တင်ရေး သုတေသနစာတမ်းဖတ်

နေပြည်တော် ဇန်နဝါရီ ၁၈

**စားနပ်ရိက္ခာနှင့် အာဟာရလုံခြုံစိတ်ချ ပြည့်ဝစွာ စားသုံးနိုင်အောင် မြှင့်တင်ရေး ခေါင်းစဉ်ဖြင့် စိုက်ပျိုးရေးဘွဲ့ရများအသင်းမှ ကြီးမှူးကျင်းပသော ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ (၁၂) ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲအခမ်းအနားကို ယမန်နေ့က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဌာနမှ ပညာရှင်များသည် စားနပ်ရိက္ခာနှင့် အာဟာရဘေးကင်းလုံခြုံရေးနှင့်ပတ်သက်သည့် သုတေသနစာတမ်း ၁၄ စောင် တင်သွင်းဖတ်ကြားခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပြီး တက္ကသိုလ်များနှင့် သုတေသနဌာနများ စိုက်ပျိုးရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသောနေရာဖြစ်ကြောင်း၊ ယခင်က သုတေသနများ ဆောင်ရွက်ခဲ့ရာတွင် အထွက်နှုန်းတိုးတက်ရေးကိုသာ အဓိကဦးစားပေးဆောင်ရွက်ခဲ့ရာမှ နောက်ပိုင်းတွင် သီးနှံ၏ အရည်အသွေး ဘေးကင်းလုံခြုံ အန္တရာယ်ကင်းစွာ စားသုံးနိုင်ရေး၊ အာဟာရပြည့်ဝသော သီးနှံထုတ်လုပ်နိုင်ရေး၊ ဈေးကွက်ရရှိရေးစသည့် အခြေအနေများအောက်တွင် သုတေသနများ ပြုလုပ်လာကြကြောင်း၊ သုတေသနရလဒ်များကို တင်ပြဆွေးနွေးကြရာတွင်လည်း မေးမြန်းဆွေးနွေးချက်များကို သေချာဆွေးနွေးအဖြေပေးရန် အရေးကြီးကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောသည်။

ဆက်လက်၍ စိုက်ပျိုးရေးဘွဲ့ရများအသင်းဥက္ကဋ္ဌ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်က အသက်မွေးမှုပညာရပ်မှ စိုက်ပျိုးရေးဆိုင်ရာ အင်ဂျင်နီယာ၊ စိုက်ပျိုးရေးဆိုင်ရာ အစားအသောက်သိပ္ပံအင်ဂျင်နီယာများကို မွေးထုတ်ပေးရန် ပညာရေးဌာနက စီစဉ်လုပ်ဆောင်နေကြောင်း၊ ကျေးလက်တောင်သူများ အသုံးပြုနေသော မိုဘိုင်းဖုန်းများတွင် စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက် နည်းပညာများကို တောင်သူများ အသုံးပြုနိုင်ရန် Information and Communications Technology (ICT) နှင့် စိုက်ပျိုးရေးလုပ်ငန်းတွဲဖက်၍ Application များအသုံးပြုနိုင်ရန် GTI ကျောင်းလေးခုတွင် စတင်လုပ်ဆောင်ရန် စီစဉ်နေကြောင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ စာတမ်းများသည် ပါမောက္ခချုပ်ဆရာ ဆရာမများ၏ ကြိုးစားအားထုတ်မှုနှင့်အတူ နိုင်ငံတကာနှင့် ချိတ်ဆက်လုပ်ကိုင်နေသောကြောင့် အဆင့်မီစာတမ်းများဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့်လည်း ပါရဂူနှင့် မဟာသိပ္ပံကျောင်းသားကျောင်းသူများ၏ နိုင်ငံတကာအဆင့်မီ စာတမ်းများကို ခြောက်လတစ်ကြိမ် မပျက်ထုတ်ဝေနိုင်ရန် ဆက်လက်ကြိုးစားလုပ်ဆောင်ရန်လိုအပ်ကြောင်း ပြောသည်။

အဆိုပါစာတမ်းဖတ်ပွဲအခမ်းအနားကို အပိုင်းလေးပိုင်းခွဲကာကျင်းပပြီး စာတမ်းရှင် ၁၄ ဦးမှ မိမိတို့ စိုက်ပျိုးရေးဆိုင်ရာ သုတေသနရလဒ်အသီးသီးကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ စိုက်ပျိုးရေးတက္ကသိုလ်၌ ခင်းကျင်းပြသထားသည့် ပစ္စည်းများကို ကြည့်ရှုစဉ်။

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၈-၁-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၂၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၂၀/၈၉၀ | ကျပ် | ၉၀၀/၉၁၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၃၀/၉၀၀ | ကျပ် | ၉၁၅/၉၂၅ | ကျပ် |
| အောက်တိန်း ၉၂ | ၆၄၅/၇၀၅ | ကျပ် | ၇၄၅/၇၉၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၃၀/၇၉၀ | ကျပ် | ၈၄၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၃၈ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၅၂ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၃၄ · ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၉၅ · ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၄၀၆ · ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၁၀၆ · ၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၆ · ၉၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ · ၆၅၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၇ · ၂၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၇၄ · ၂၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ · ၅၁၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ငွေကျပ် ၂၄ ဘီလီယံကျော် အသုံးပြုခဲ့

**မုံရွာ ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီး၊လဟယ်နှင့်နန်းယွန်းမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၈ ခုနှစ် စက်တင်ဘာလကုန်အထိ ငွေကျပ် ၂၄၆၅၀ ဒသမ ၈၄၁ သန်းကို အသုံးပြုခဲ့ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၏ ပြောကြားချက်အရ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မီးလင်းရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ မြို့တွင်းလမ်းများနှင့် ကျေးလက်ဒေသများသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းများနှင့်တံတားများ ကောင်းမွန်ရေးစသည့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးစသည့် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါထောက်ပံ့ငွေများတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ခွင့်ပြုငွေကျပ် ၉၂၁၄ ဒသမ ၇၉၇ သန်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနခွင့်ပြုငွေကျပ် ၂၂၆၅ ဒသမ ၇၂၄ သန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၉၂ ဒသမ ၇၈၀၊ လမ်းဦးစီးဌာနခွင့်ပြုငွေကျပ် ၈၉၉၉ ဒသမ ၇၇၈ သန်း၊ ပညာရေးကဏ္ဍအတွက်ငွေကျပ် သန်း ၅၂၆ ဒသမ ၈၀၀၊ ကျန်းမာရေးကဏ္ဍအတွက်ငွေကျပ် ၉၃၃ သန်းနှင့် အခြားဝန်ကြီးဌာနများမှ ခွင့်ပြုငွေကျပ် ၂၆၁၇ ဒသမ ၉၆၂ သန်းတို့ကို အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိသော နာဂဒေသ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာရေးအတွက် နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးအစိုးရတို့မှ လုပ်ဆောင်လျက်ရှိရာ ၂၀၁၈ ခုနှစ် စက်တင်ဘာလကုန်အထိ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လဟယ်၊ လေရှီးနှင့် နန်းယွန်းမြို့များသို့ တစ်မြို့နယ်လျှင် ဘက်ဟိုးတစ်စီး၊ လမ်းကြိတ်စက်တစ်စီးနှင့် Dump Truck တစ်စီးတို့ကိုလည်းကောင်း၊ ယင်းမြို့နယ်သုံးခုအတွင်း လတ်တလော ရိက္ခာပြတ်လပ်မှုများဖြစ်ပေါ်ပါက ထောက်ပံ့ပေးနိုင်ရန်အတွက် ဆန်အိတ် ၃၀၀၀ စုဆောင်းထားရှိမှုများကို လုပ်ဆောင်ထားကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

# ရေတာရှည်မြို့နယ် ကျောက်အိုးရွာအထက်ဘက်တွင် ရေလွှဲဆည်တည်ဆောက်ပေးမည်ဟုသိရ

**ရေတာရှည် ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု ကျောက်အိုးကျေးရွာအထက်ဘက်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ညွှန်ကြားချက်အရ မိုးစပါး စိုက်ဧက ၇၀၀ ဝန်းကျင်အောင်ရေရရှိအောင် ဆောင်ရွက်ပေးနိုင်မည့် ရေလွှဲဆည် တည်ဆောက်ပေးမည်ဟု သိရသည်။ ယမန်နေ့က ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆွာမြို့နှင့် ရွှေသပြေကျေးရွာ၊ စိမ့်ဝိုင်းကျေးရွာ၊ ကျောက်အိုးကျေးရွာမှ ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ဆည်တည် ဆောက်မည့်နေရာ၊ ရေပေးမြောင်း ဆောင်ရွက်မည့်နေရာများကို ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

"မနှစ်က မိုးရာသီမှာ နောက်မိုးလျော့သွားတော့ လယ်ဧက ၄၀၀ လောက် မအောင်ဘူးဖြစ်သွားတယ်။ စိမ့်ဝိုင်းကွင်းနဲ့ ဆွာအခြားကွင်းတွေမှာ ရိတ်မဖြစ်တော့လို့ နွားတွေ လွှတ်ကျောင်းပစ်ရတာ။ ကျောက်အိုးအထက်ပိုင်းမှာ လွန်ခဲ့တဲ့ ၂၅ နှစ်လောက်ကတည်းက ဆည်တည်ဆောက်ခဲ့တာ နှစ်နေရာရှိတယ်။ နှစ်တွေကြာလာပြီး တိမ်ကောသွားတာပေါ့။ မိုးရာသီမှာ ရေလှောင်ထားတဲ့တာတွေ ကျိုးကုန်ပြီး အောင်ရေမရတော့ တောင်သူတွေ စုပေါင်းပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်လာတဲ့အခါမှာ အခက်အခဲကို တင်ပြလိုက်တာပါ" ဟု တောင်သူအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစိန်အောင်က ပြောသည်။

ထိုရေလွှဲဆည်တည်ဆောက်ပြီးပါက ဆွာမင်းလမ်းကျေးရွာအုပ်စုအတွင်းရှိ ကျောက်အိုး၊ ရွှေသပြေ၊ စိမ့်ဝိုင်းကျေးရွာများနှင့် ဆွာစက်ရုံ၊ ဆွာအခြားကွင်းများရှိ ဒေသခံတောင်သူ ၁၀၃ ဦး၏ မိုးစပါးစိုက်ဧက ၇၀၇ ဧကကို အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်သည်။

**သန်းလွင်**

# မိုးကြိုကာလသီးနှံအတွက် ဘဏ်ချေးငွေများထုတ်ချေး

**မကွေး ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီးတွင် ၂၀၁၉ ခုနှစ် မိုးကြိုကာလတွင် သီးနှံစိုက်ပျိုးမည့် တောင်သူများကို တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သီးနှံစိုက်ပျိုးစရိတ်ဘဏ်ချေးငွေများကို ဇန်နဝါရီ ၂ ရက်မှ စတင်ထုတ်ချေးလျက်ရှိကြောင်း တိုင်းဒေသကြီးမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တိုင်းဒေသကြီးမန်နေဂျာ ဦးဝင်းဇော်ထံမှ သိရသည်။

တိုင်းဒေသကြီးအတွင်း ၂၀၁၉ ခုနှစ်မိုးရာသီ မတိုင်မီ မိုးကြိုကာလအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို ဇန်နဝါရီ ၁ ရက်မှ မတ် ၃၁ ရက်အထိ ချေးငွေကျပ်သန်း ၈၀ ဒသမ ၂၀ ကို အပြီးတိုင်ထုတ်ချေးသွားမည်ဖြစ်သည်။ စိုက်ပျိုးစရိတ်ဘဏ်ချေးငွေထုတ်ပေးရာတွင် စပါးတစ်ဧကလျှင် ငွေကျပ် တစ်သိန်းငါးသောင်းနှင့် အခြားသီးနှံတစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ထုတ်ချေးသွားမည်ဖြစ်ကြောင်း မန်နေဂျာထံမှ သိရသည်။

ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်တွင် တိုင်းဒေသကြီးအတွင်းရှိ ၂၂ မြို့နယ်အတွက် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေကျပ် သန်း ၁၂၀၆၈ ဒသမ ၂၅ ကို တောင်သူများကို သတ်မှတ်ကာလဖြစ်သည့် ၃၁-၁၂-၂၀၁၈ ရက်အထိ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်းရှိ ဘဏ်ခွဲများမှ ကျေးလက်နေတောင်သူလယ်သမားဘဏ်အဖွဲ့ဝင်များအား ရာသီအလိုက်စိုက်ပျိုးချိန်များတွင် အထောက်အကူဖြစ်စေရန် ရာသီအလိုက်ချေးငွေများထုတ်ချေးပေးခြင်း၊ လယ်ယာလုပ်ငန်းတွင် အလုပ်သမားရှားပါးမှုကို အထောက်အကူဖြစ်စေရန် ချေးငွေများကို နှစ်တို၊ နှစ်ရှည်ချေးငွေများအဖြစ် တိုးချဲ့ကာ ထုတ်ချေးလျက်ရှိကြောင်း တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

**မေသူလွင်(မကွေး)**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# အဆိုတော်လင်းလင်းနှင့် ချစ်သုဝေတို့ ခေတ်သစ်ဖောင်ဒေးရှင်းတည်ထောင်

အဆိုတော်လင်းလင်းနှင့် ချစ်သုဝေတို့၏ အမွှာသမီးငယ်လေးများဖြစ်သည့် သမီးကြီး မေမြန်မာခေတ်နှင့် သမီးငယ် မေမြန်မာသစ်တို့ နှစ်ဦးကိုယ်စား လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ခေတ်သစ်ဟု အမည်ပေးထားသော ဖောင်ဒေးရှင်းကို ယခုလ ၁၇ ရက်တွင် စတင်ကာ မီဒီယာများကို အသိပေးခဲ့ပြီး ယင်းဖောင်ဒေးရှင်းကို တည်ထောင်လိုက်ကြောင်း သိရသည်။ အဆိုပါဖောင်ဒေးရှင်းသည် မွေးရာပါနှလုံး အပေါက်ပါသူ ကလေးငယ်များကို စောင့်ရှောက်ကုသနိုင်ရန်အတွက် ရည်ရွယ်တည်ထောင်ခြင်းဖြစ်ကြောင်း သိရသည်။

" ဒီဖောင်ဒေးရှင်းလေး စတင်ပြီး ဖြစ်လာတာကတော့ ညီမတို့နိုင်ငံမှာ ကလေးတွေအတွက် ကျန်းမာရေးဖောင်ဒေးရှင်းဆိုတာ ရှားပါတယ်။ အဲ့ဒါကြောင့် အသက်ငါးနှစ်အောက်ကလေးတွေရဲ့ ကျန်းမာရေးကို အဓိကထား စောင့်ရှောက်သွားမှာပါ။ လတ်တလောအနေနဲ့ဆို နှလုံးအပေါက်ပါတဲ့ ကလေးငယ်လေးအတွက် လှူဒါန်းစောင့်ရှောက်တာတော့ရှိနေပါတယ်။ ဒီကလေးတွေရဲ့ ဒုက္ခ၊ မိသားစုရဲ့ ဒုက္ခတွေကို တစ်ဖက်ကနေ ကူညီနိုင်တာမျိုးလည်းရှိပါတယ်။ ဖောင်ဒေးရှင်းအတွက် ညီမတို့ ငွေကျပ်သိန်း ၂၀၀ ကို မတည်ပြီး တည်ထောင်ခဲ့တာပါ" ဟု ခေတ်သစ် လူမှုကူညီရေးဖောင်ဒေးရှင်း အလုပ်အမှုဆောင် ချစ်သုဝေက ပြောသည်။

ယခင်က လူမှုကွန်ရက်စာမျက်နှာတွင် အဆိုတော် ချစ်သုဝေက သမီးနှစ်ဦး ၏ ချစ်စရာဟန်အမူအရာလေးများကို တင်ခဲ့သည်။ ယခု Forver Group Media က ကလေးငယ်များ၏ လှုပ်ရှားမှုများကို အစီအစဉ်တစ်ခုအဖြစ် Channel 7 က 'ခေတ်သစ်ကမ္ဘာငယ်' အမည်ဖြင့် ထုတ်လွှင့်ရိုက်ကူး ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအစီအစဉ်ကို ယခုလ ၉ ရက်နေ့မှစတင်ပြီး အပတ်စဉ်စနေနေ့ ည ၈ နာရီအချိန်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုလင်း**



အဆိုတော်လင်းလင်းနှင့် ချစ်သုဝေတို့ မိသားစုကို တွေ့ရစဉ်။

# စိုင်းထီးဆိုင်၏ တေးသီချင်းများကို ပြန်လည်ဖန်တီးလိုက်သည့် ဘိုဖြူနှင့် မီမီဝင်းဖေ

အဆိုတော် ဘိုဖြူနှင့် မီမီဝင်းဖေတို့၏ 'လွန်ဆန်နိုင်မလားအချစ်' စီးရီးကို ယနေ့တွင် 'လှိုင်း' တေးသံသွင်းမှ စတင်ဖြန့်ချိကြောင်း သိရသည်။ အဆိုပါတေးသီချင်းများသည် ကွယ်လွန်သူ အဆိုတော်စိုင်းထီးဆိုင်၏ အောင်မြင်ခဲ့သော တေးသီချင်းများဖြစ်ပြီး ယင်းစီးရီးကို လွန်ခဲ့သော သုံးနှစ်ကျော်ကတည်းက ထွက်ရှိနိုင်ရန်အတွက် အဆိုတော် ဘိုဖြူနှင့် မီမီဝင်းဖေတို့က ကြိုးပမ်းခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**အဆိုတော် မီမီဝင်းဖေ**

"မမီကတော့ ဆရာတွေကို ကျေးဇူးတင်ပါရစေ။ အထူးသဖြင့် ကိုထီးမိသားစုပေါ့နော်။ ကျွန်မက ကိုယ်ပိုင်သံစဉ်လေးတွေကို ကြိုက်တာကြောင့်လည်း ဆိုဖြစ်တာပါ။ ကိုယ်ပိုင်သံစဉ်ကို ကြိုက်တယ်လို့ ပြောလို့ရပါတယ်။ ပြန်ပြီးတော့ သီချင်းတွေကို ဖန်တီးတဲ့အခါ အများကြီး တိုင်ပင်ခဲ့ရတာတွေလည်း ရှိပါတယ်။ နည်းနည်းလေး ဖြည့်ထားတာကလွဲလို့ မူရင်းအရသာလေးတွေ ဒီအတိုင်းပဲထားပါတယ်။"



မီမီဝင်းဖေ

**အဆိုတော် ဘိုဖြူ**

"ကျွန်တော်တို့က ဆရာစိုင်းခမ်းလိတ်၊ စိုင်းဆေးနော်၊ စိုင်းခမ်းသီတို့ရဲ့ သီချင်းဟောင်းတွေကို ပြန်လည်သီဆိုထားပါတယ်။ ဟိုးအရင်တုန်းက သီချင်းတွေထဲမှာ ခေါင်းစဉ်သီချင်းဖြစ်တဲ့ လွန်ဆန်နိုင်မလားအချစ်လေးလည်း ပါပါတယ်။ ဟိုးအရင် အန်တီအယ်လ်ခွန်းရီ သီချင်းတွေကို မမီက ပြန်ဆိုထားတာပါ။"

အဆိုပါ တေးစီးရီးတွင် တေးသီချင်း ၁၄ ပုဒ်ပါဝင်ပြီး တေးသီချင်းများကို တေးရေး - စိုင်းခမ်းလိတ်၊ စိုင်းခမ်းသီ၊ စိုင်းဆေးနော်တို့က ရေးသားထားကြကြောင်း သိရသည်။ **ကိုလင်း**



ဘိုဖြူ

# အရှေ့တောင်အာရှ ခေတ်ပြိုင်အနုပညာပြပွဲ အခမဲ့ကြည့်ရှုနိုင်

အရှေ့တောင်အာရှ ခေတ်ပြိုင်အနုပညာပြပွဲကို ဇန်နဝါရီ ၁၉ ရက်တွင် ဝင်ကြေးအခမဲ့ဖြင့် ရန်ကုန်မြို့ ဝန်ကြီးများရုံးတွင် ပြသမည်ဖြစ်သည်။

"အရှေ့တောင်အာရှ ဒေသရှိ သမိုင်းကြောင်း ထင်ရှားတဲ့အနုပညာလက်ရာ ၆၅ ခုကို ပြသသွားမှာဖြစ်ပြီး မြန်မာနိုင်ငံက အထင်ကရ အနုပညာရှင် ၁၀ ဦးရဲ့ လက်ရာတွေလည်း ပါဝင်မှာဖြစ်ပါတယ်" ဟု CCC ပြခန်းတာဝန်ခံ Iola Lenzi က ပြောသည်။ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် နေထိုင်သည့် နာမည်ကျော်ပန်းချီပညာရှင်များ ဖြစ်သော အောင်ကို၊ အောင်မြင့်၊ ချောအိသိန်း၊ ထိန်လင်း၊ ကောင်းစု၊ ကူကူး၊ မိုးဆက်၊ ငယ်လေး၊ Sawang-wongse Yawnghwe နှင့် ရတနာဝင်းတို့ ပါဝင်ပြသမည် ဖြစ်သည်။

အဆိုပါပြပွဲသည် ခေတ်ပြိုင်အနုပညာပြပွဲများတွင် အကြီးဆုံးဖြစ်ပြီး Goethe Institute က ယခုပြပွဲအတွက် စီစဉ်ပံ့ပိုးပေးထားကြောင်း သိရပြီး ဇန်နဝါရီ ၁၉ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက်အထိ ပြသသွားမည်ဖြစ်သည်။

**ရှီလာ**

# ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ဇာတ်ကားကြီးကို ရိုက်ကူးနိုင်ဖို့အတွက် အကောင်းဆုံး ပံ့ပိုးမှုအနေအထားရရှိ

**ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိကို ရုပ်ရှင်အဖြစ်ပြန်လည်ရိုက်ကူးရန် ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ဖြစ်မြောက်ရေးအဖွဲ့ကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်က စတင်ဖွဲ့စည်းခဲ့ပြီး ရုပ်ရှင်ဇာတ်ကားကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် စတင်ရိုက်ကူးမည်ဟု တရားဝင်အသိပေးခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ယင်းအစီအစဉ်ကို ရွှေ့ဆိုင်းခဲ့ရကြောင်း သိရသည်။ ယခင်က ဒါရိုက်တာအဖြစ် မင်းထင်ကိုကိုကြီးက ရိုက်ကူးရန် စီစဉ်ခဲ့ပြီး ယခုဒါရိုက်တာအဖြစ် မင်းသားလူမင်းက ပြန်လည်၍ ရိုက်ကူးမှုကိုအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု သိရသည်။**

အဆိုပါ ဇာတ်ကားနှင့်ပတ်သက်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လမ်းညွှန်ချက်နှင့်အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဦးဆောင်ပြီး မြန်မာ့လွတ်လပ်ရေး ဖိသုကာဗိုလ်ချုပ်အောင်ဆန်း၏ ဘဝအကြောင်းကို ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီဖွဲ့စည်း၍ အောင်ဆန်းရုပ်ရှင် ဇာတ်ကားကို နိုင်ငံတကာအဆင့်မီရိုက်ကူးထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသဖြင့် အောင်ဆန်းရုပ်ရှင် ရိုက်ကူးရာတွင် ဒါရိုက်တာအဖြစ် တာဝန်ယူမည့် အကယ်ဒမီလူမင်းကို ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးရန် ကြန့်ကြာနေသည့်အကြောင်းနှင့်ပတ်သက်ပြီး မေးမြန်းခဲ့ရာ ၎င်းက ယခုလို ရှင်းလင်းပြောကြားခဲ့သည်။

ဒါရိုက်တာ လူမင်းက "ခက်ခဲနက်နဲသိမ်မွေ့တယ်ဆိုတဲ့အတိုင်း ဒီရုပ်ရှင်ကြီးကို စပြီးတော့ ရိုက်ကူးမယ်ဆိုကတည်းက အားပေးအားမြှောက် ဝမ်းသာကြိုဆိုကြတဲ့ သူတွေရှိသလို မကြိုဆိုကြတဲ့သူတွေလည်း ရှိကောင်းရှိနေနိုင်ပါတယ်။ ကျွန်တော်တို့အဖွဲ့အနေနဲ့လည်း ဝေဖန်မှု၊ တိုက်ခိုက်မှုတွေမျိုးစုံကို ကျော်ဖြတ်ခဲ့ပြီး ဒီနေ့ ဒီအချိန်အထိ ရောက်ရှိလာခဲ့ပါပြီ။

"ဒီနေ့ ဒီအခြေအနေမှာတော့ ကျွန်တော်တို့ဟာ ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ဇာတ်ကားကြီးကို ရိုက်ကူးနိုင်ဖို့အတွက် အကောင်းဆုံး ပံ့ပိုးမှုအနေအထားတွေအားလုံးကို ရရှိထားပါပြီ။ အဲဒါကြောင့်မို့လို့ ဒါရိုက်တာအဖြစ် ဆောင်ရွက်မယ့် ကျွန်တော့်အနေနဲ့လည်း ဒီရုပ်ရှင်ကြီးကို အောင်အောင်မြင်မြင်နဲ့ အကောင်းဆုံးဖြစ်အောင်၊ ကျွန်တော်တို့ မြန်မာနိုင်ငံက အနုပညာရှင်တွေ၊ အတတ်ပညာရှင်တွေ၊ ဝန်ကြီးဌာနတွေ အားလုံးပူးပေါင်းပြီးတော့ နိုင်ငံတကာအဆင့်မီ အကောင်းဆုံး ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ဇာတ်ကားကြီးဖြစ်အောင် ကျွန်တော်တို့ရိုက်ကူးထုတ်လုပ်ပြီးတော့ ပြည်သူ့ရှေ့ကို ချပြနိုင်လိမ့်မယ်လို့ လုံးဝအပြည့်အဝ ယုံကြည်ပါတယ်" ဟု ပြောသည်။

**ကိုလင်း**



အကယ်ဒမီ လူမင်း

# ယဉ်ကျေးမှုအငွေ့အသက်များ ဖော်ကျူးသည့် ဇာတ်ကားများ အကယ်ဒမီထွန်းအိန္ဒြာဗိုလ် ရိုက်ကူးမည်

ဇာတ်လမ်းများကို ရွေးချယ်ရိုက်ကူးလာသည့် အကယ်ဒမီထွန်းအိန္ဒြာဗိုလ်သည် လတ်တလော ရုံတင်ပြသနေသော ရုပ်ရှင်ဇာတ်ကားများနှင့် ပတ်သက်ပြီး "ကျွန်မအတတ်နိုင်ဆုံးတော့ အားတဲ့နေ့တွေရှိရင် သွားကြည့်ဖြစ်ပါတယ်။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ကိုယ့်လောကမှာတင်သမျှ ရုပ်ရှင်ဇာတ်ကားတိုင်းကို ကိုယ်အားတဲ့ရက်တွေ တိုက်ဆိုင်ရင်ကြည့်ဖြစ်ပါတယ်။ နယ်တွေရောက်နေရင်တောင်မှ နယ်က ရုပ်ရှင်ရုံတွေမှာ ကြည့်ဖြစ်ပါတယ်။ အသက်အရွယ်ကြီးလာတော့ ကိုယ့်လောက ကိုယ်ပြန်မြင်တတ်အောင်လည်း ပါတယ်။ နောက်ပြီး ကိုယ်တိုင်လည်း သူငယ်ချင်းတွေနဲ့ ထုတ်လုပ်ရေး တည်ထောင်ထားတဲ့အတွက်ကြောင့် လေ့လာတာလည်း ပါပါတယ်။ တကယ်အားပေးချင်တာကြောင့်လည်း ပါပါတယ်" ဟု ပြောသည်။

'ခသုံးလုံး' ထုတ်လုပ်ရေးက ထုတ်လုပ်ရိုက်ကူးဖို့ ဘယ်လိုအကြောင်းအရာမျိုးတွေ ရွေးချယ်ထားလဲဟု မေးမြန်းခဲ့ရာတွင် "ကျွန်မတို့ တစ်တွေ ဒရမ်မာလေးတွေ စရိုက်ကြတော့မယ်ဆိုတဲ့အတွေးနဲ့ လိုအပ်တာလေးတွေ တိုင်ပင်ကြတာပါ။ ဒရမ်မာဇာတ်ကားကောင်းကောင်း ငါးခုရထားတယ်။ ကိုခန့်စည်သူက စိတ်ထဲမှာ တကယ်ကို မြန်မာမှုကို သေချာ ဖော်ကျူးတဲ့ မြန်မာ့ယဉ်ကျေးမှုအငွေ့အသက်တွေပါတဲ့ ဇာတ်အိမ်ကောင်းကောင်းနဲ့ ဇာတ်မျိုးလည်း သူရိုက်ချင်တယ်။ ကျွန်မကျတော့လည်း ဒီဘက်ခေတ် ကျောင်းဆင်းလူငယ်တွေနဲ့ သွားတဲ့ သည်းထိတ်ရင်ဖိုဝတ္ထုမျိုး ရိုက်ချင်တယ်" ဟု ပြောကြားခဲ့သည်။

**ကိုလင်း**



အကယ်ဒမီ ထွန်းအိန္ဒြာဗိုလ်

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### ဆေးကုသမှုခံယူနေရသည်ဟူသောသတင်းကို ပဲရစ်ဂျက်ဆင် တုံ့ပြန်

ပေါ့ပ်ဘုရင် မိုက်ကယ်ဂျက်ဆင်၏ သမီးဖြစ်သူ ပဲရစ်ဂျက်ဆင် ကုသရေးစခန်းသို့ သွားရောက်ကာ ဆေးကုသမှုခံယူသည့်သတင်း ထွက်ပေါ်လာရာ ယင်းသတင်းနှင့် ပတ်သက်၍ ပဲရစ်ဂျက်ဆင်က တုံ့ပြန်ပြောကြားခဲ့သည်။

ပဲရစ်ဂျက်ဆင် စိတ်ကျန်းမာရေးကြောင့် ကုသမှုခံယူနေရသည်ဟု သတင်းများ ထွက်လာခဲ့ခြင်း ဖြစ်သည်။ ယင်းကိစ္စကို ပဲရစ်က မီဒီယာများသည် ပုံမှန်ထက်ပို၍ ချဲ့ကားလွန်းသည်ဟု အင်စတာဂရမ်အကောင့်တွင် ဗုဒ္ဓဟူးနေ့က ရေးသားခဲ့သည်။

"ကျွန်မက ဆိုရှယ်မီဒီယာနဲ့ ဖုန်းကိုအသုံးမပြုဘဲ ခဏနေလိုက်တာပါ။ ဘာလို့လဲဆိုတော့ ဒါဟာ အလွန်အချိန်ပေးရလို့ပါ။ လူတိုင်းဟာ သူ့ဆန္ဒနဲ့သူ ဆိုရှယ်မီဒီယာ မသုံးဘဲ နေလို့ရပါတယ်။ အခုဆိုရင် ကျန်းမာရေးက ပိုကောင်းပြီး အရင်ကထက်တောင် ပိုပြီးနေလို့ကောင်းနေသေးတယ်" လို့ ရေးသားကာ ဆိုရှယ်မီဒီယာပေါ် တင်ခဲ့သည်။ ယခုလို ပဲရစ်၏ ကျန်းမာရေးနှင့် ပတ်သက်ပြီး ကောလာဟလများ ထွက်ပေါ်လာသည်မှာ ယခုတစ်ကြိမ်သည် ပထမဦးဆုံးအကြိမ် မဟုတ်ပေ။ လွန်ခဲ့သည့် နှစ်ကလည်း အဆိုတော် ဒီမီလိုဗာတို ဆေးလွန်ပြီး ပြန်လည်ကုသရေးစခန်းသို့ သွားရောက်ရပြီးနောက်ပိုင်း ပဲရစ်ဂျက်ဆင်လည်း ပြန်လည်ကုသရေးစခန်းတွင် တက်ရောက်ကုသနေရသည်ဟု သတင်းများ ပေါ်ထွက်လာရာ ပဲရစ်က ငြင်းဆိုခဲ့သည်။

"ကျွန်မက ဆေးခန်းတောင် မသွားရပါဘူး" ဟု ပဲရစ်က ပြောသည်။ ပဲရစ်ဂျက်ဆင်သည် အတိတ်ကာလတုန်းကလည်း စိတ်ဓာတ်ကျဆင်းမှု၊ ဆေးစွဲမှု အစရှိသည့် ပြဿနာများနှင့် လုံးချာလည်လိုက်နေခဲ့ဖူးသည်။ သို့သော် ယခုတစ်ခါတွင် ပဲရစ်က သူ၏ ကျန်းမာရေးကောင်းကြောင်း ပြောဆိုပြီး ကောလာဟလများကို ငြင်းဆိုခဲ့သည်။

**စီအင်န်အင်န်**





ပေါ့ပ်ဘုရင် မိုက်ကယ်ဂျက်ဆင်၏ သမီးဖြစ်သူ ပဲရစ်ဂျက်ဆင်

### အစိုးရယန္တရား ရပ်ဆိုင်းခြင်းနှင့် ပတ်သက်ပြီး အဆိုတော် ကာဒီဘီ ပြော

အမေရိကန်တွင် အစိုးရယန္တရားရပ်ဆိုင်ခြင်းနှင့် ပတ်သက်ပြီး အဆုံးသတ်လိုက်ရန် အဆိုတော် ကာဒီဘီက တောင်းဆိုခဲ့သည်။ အစိုးရယန္တရားများ ရပ်ဆိုင်းနေသည့်အပေါ် စိုးရိမ်မိကြောင်း၊ အဆိုပါကိစ္စကို ကမ္ဘာကသိရှိစေရန်လည်း လိုလားကြောင်း ပြောကြားခဲ့သည်။

အမေရိကန်တွင် အစိုးရယန္တရားများ ရပ်ဆိုင်းခဲ့ခြင်းမှာ ၂၆ ရက် ကြာမြင့်လာပြီ ဖြစ်သည့်အတွက် သမိုင်းတွင် အရှည်ဆုံးကာလဖြစ်လာကြောင်း ရက်ပ်ပါအဆိုတော် ကာဒီဘီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။ အမေရိကန်သမ္မတ ထရမ့်သည် ဗဟို အစိုးရဝန်ထမ်းများကို လုပ်ခမပေးဘဲ လုပ်ငန်းခွင်ပြန်ဝင်ကြရန် အမိန့်ပေးထားကြောင်း၊ ယင်းကိစ္စမှာ ဆိုးရွားသည့် ဖြစ်ရပ်ဖြစ်ကြောင်း၊ တိုင်းပြည်တွင် ပြဿနာများ ဖြစ်နေကြောင်း အစိုးရယန္တရားများ ရပ်ဆိုင်းသည့်အတွက် စိတ်ပျက်အားငယ်မိကြောင်း ကာဒီဘီ ကပြောကြားထားသည့် ဗီဒီယိုကို အင်စတာဂရမ်ပေါ်တွင် တင်ခဲ့သည်။

ကာဒီဘီက ၎င်း၏လူမှုကွန်ရက်တွင် ယင်း ဗီဒီယိုကို တင်ခဲ့ပြီးနောက် ကြည့်ရှုသူ လူပေါင်း ရှစ်သန်းနီးပါးခန့်ရှိပြီး သူ၏ ဖော်လိုဝါ သန်း ၄၀ ခန့်ထဲမှ အချို့က နိုင်ငံရေး ကိစ္စကို ကာဒီဘီ၏ ဆိုရှယ်မီဒီယာမှတစ်ဆင့် အသုံးချပြောဆိုခဲ့မှုအတွက် ဝိုင်းဝန်း ချီးကျူးခဲ့ကြသည်။ တချို့သော ပရိသတ်များကလည်း အစိုးရယန္တရား ရပ်ဆိုင်းထားသည့်အတွက် ၎င်းတို့၏ လူနေမှုဘဝတွင် အဆင်မပြေမှုများကို မှတ်ချက်များပေးကာ ရေးသားခဲ့ကြသည်။

**စီအင်န်အင်န်**



အမေရိကန် ရက်ပ်အဆိုတော် ကာဒီဘီ



# လက်တွေ့အသုံးနှင့် အဓိပ္ပာယ် (၄)

## မောင်ခင်မင် (ဓနုဖြူ)

"ပြော တဲ့စကားခွန်းနဲ့ သက်ရောက်တဲ့အဓိပ္ပာယ် ထပ်တူမကျတဲ့ သာဓကတွေ အများကြီးရှိတယ်။ ဘဘ ပြောခဲ့သလိုပဲ ပြောတဲ့လေသံတို့၊ အခြေအနေတို့ပေါ် မူတည်ပြီး အဓိပ္ပာယ်ထွက်တာလေ"

"သမီး တစ်ခုစဉ်းစားမိလို့ပါ ဘဘ။ ပြောတဲ့ လေသံကို လိုက်ပြီး အဓိပ္ပာယ်မတူတာပါ။ 'တွေ့ကြသေးတာပေါ့' ဆိုတဲ့စကားကို လမ်းမှာဆုံတဲ့ မိတ်ဆွေကို ပြောရင် နှုတ်ဆက်စကားဖြစ်ပေမယ့် မကျေနပ်တဲ့သူ အကြောင်းနဲ့ပတ်သက်ပြီး ပြောရင်တော့ ရန်လိုတဲ့ စကားဖြစ်မှာပေါ့နော် ဘဘ"

"ဟုတ်တာပေါ့။ ပြောတဲ့လေသံလိုက်ပြီး နှုတ်ဆက်စကားလား၊ ရန်လိုတဲ့စကားလား ခွဲနိုင်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ 'နင့်အခန်းထဲ မြွေတစ်ကောင်ဝင်နေတယ်' လို့ပြောရင် အသိပေးရုံသက်သက်မဟုတ်ဘဲ အန္တရာယ်ရှိကြောင်း သတိပေးတဲ့ အဓိပ္ပာယ်ဖြစ်သွားတာပေါ့။ အခန်းပိုင်ရှင်ကလည်း အဲဒီလို နားလည်မှာပဲလေ"

"ဟုတ်ကဲ့ပါ။ ဒီလိုဆိုရင် 'ငါ့အိတ်ထဲမှာ သေနတ်ပါတယ်နော်' လို့ပြောတဲ့စကားဟာ ခြိမ်းခြောက်တဲ့ စကားပေါ့နော် ဘဘ"

"ဟုတ်ပါတယ်။ ခြိမ်းခြောက်တဲ့ အဓိပ္ပာယ်နဲ့ ပြောတာပေါ့"

"တော်တော်စိတ်ဝင်စားဖို့ ကောင်းပါတယ် ဘဘ"

"သတိရလို့ ပြောရဦးမယ်။ သမီးက ဘဘကို 'ခွင့်ပြုပါ ဘဘ' လို့ ပြောရင် ဘယ်လိုအဓိပ္ပာယ်လဲ"

"ပြန်ခါနီးမှာ ရိုရိုသေသေနှုတ်ဆက်တာပါ ဘဘ"

"ဟုတ်တယ်လေ။ အဲဒီစကားဟာ လေးလေးစားစား နှုတ်ဆက်တဲ့စကားအဖြစ် ဘဘတို့ သုံးနေကျစကားမဟုတ်လား။ သွားခွင့်ပြုပါလို့ ဆိုလိုတာပေါ့"

"ဟုတ်ကဲ့ပါ"

"ဘဘ ကြုံဖူးတာ သတိရလို့ပါ။ မြန်မာစကား တတ်တဲ့ နိုင်ငံခြားသားမိတ်ဆွေတစ်ယောက်ရဲ့ရုံးခန်းကို ကိစ္စရှိလို့ ဘဘ သွားပြီး စကားပြောကြတယ်။ ပြန်ခါနီးမှာ ဘဘက 'ခွင့်ပြုပါဦး' လို့ပြောတော့ သူက ဘာပြန်ပြောတယ်ထင်သလဲ။ 'ခွင့်ပြုပါတယ်' တဲ့။ ဘဘလည်း ပြုံးပြီးထွက်လာခဲ့ရတယ်"

"နှုတ်ဆက်စကားကို သူက တိုက်ရိုက်အဓိပ္ပာယ် ကောက်ပြီး တုံ့ပြန်လိုက်တာလေ။ ဘဘတို့ မြန်မာ အချင်းချင်းဆိုရင်တော့ အဲဒီလို ဘယ်ပြန်ပြောမလဲ။ 'ဟုတ်ကဲ့' တို့၊ 'ကောင်းပါပြီ' တို့ ပြောမှာပေါ့"

"ဟုတ်ကဲ့။ နားလည်ပါပြီ ဘဘ"

"စကားတစ်ခွန်းရဲ့အဓိပ္ပာယ်ဟာ ပြောတဲ့အခြေအနေပေါ်မှာ အများကြီးမူတည်တယ်။ အိမ်တစ်အိမ်ရဲ့ ဧည့်ခန်းမှာ ထိုင်စကားပြောကြရင်း တစ်ယောက်က 'ချမ်းလိုက်တာ' လို့ ပြောတယ်ဆိုပါတော့။ ဘာအဓိပ္ပာယ်ဖြစ်မလဲ"

"ဆောင်းတွင်းမို့ တကယ်ချမ်းတဲ့အကြောင်း ပြောတာလည်း ဖြစ်နိုင်ပါတယ် ဘဘ။ ပြီးတော့..."

"ပြီးတော့ ဘာဖြစ်သလဲ"

"ပြီးတော့ ဖွင့်ထားတဲ့ အဲယားကွန်းကို အရှိန်လျှော့စေချင်တာတို့၊ ဖွင့်ထားတဲ့ ပြတင်းပေါက်က လေဝင်လို့ ပိတ်စေချင်တာတို့လည်း ဖြစ်နိုင်တယ်ထင်ပါတယ်"

"ဟုတ်ပါတယ်။ 'ချမ်းလိုက်တာ' လို့ပြောတာဟာ 'ပြတင်းပေါက်ပိတ်လိုက်ပါ' ဆိုတဲ့ အဓိပ္ပာယ်လည်း ဖြစ်နိုင်တယ်။ 'အဲယားကွန်းလျှော့လိုက်ပါ' ဆိုတဲ့ အဓိပ္ပာယ်လည်း ဖြစ်နိုင်တယ်။ အဲ... သမီး ပြောသလို တကယ်ချမ်းလို့ ညည်းတာလည်း ဖြစ်နိုင်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

" 'ဒါ ခင်ဗျားကားလား' လို့ မေးရင် သူ့ကား ဟုတ် မဟုတ် သိချင်လို့မေးတာဖြစ်နိုင်သလို 'ခင်ဗျားကားဝယ်တာ ဘယ်လောက်ပေးရသလဲ' လို့ စပ်စုတာလည်း ဖြစ်နိုင်တာပေါ့"

"ဟုတ်ကဲ့"

"ဒီလိုမှမဟုတ်ရင်လည်း 'ခင်ဗျားကားက ရှေ့မှာပိတ်နေလို့ ကျွန်တော်ကား ထွက်လို့မရဘူး။ နည်းနည်းရွှေ့ပေးပါ' လို့ ပြောတာလည်း ဖြစ်နိုင်တာပဲ။ 'ကားကြုံလိုက်ပါရစေ' လို့ တောင်းပန်တာလည်း ဖြစ်နိုင်တာပဲလေ"

"ဟုတ်တယ်နော် ဘဘ။ တကယ်ပြောတဲ့ စကားရဲ့ နောက်ကွယ်မှာ ထုတ်မပြောတဲ့ အဓိပ္ပာယ်တွေ အများကြီးရှိနိုင်တာပဲနော်"

"ဒါကြောင့် အဲဒီ နောက်ကွယ်က ဆိုလိုတဲ့ အဓိပ္ပာယ်က ဘာလဲဆိုတာ သိအောင် လုပ်ကြရတာပေါ့။ သိဖို့ကလည်း မခဲယဉ်းလှပါဘူး။ လေယူလေသိမ်းတို့ ၊ ပတ်ဝန်းကျင်အခြေအနေတို့နဲ့ ဆက်စပ်ပြီး အဓိပ္ပာယ်ကောက်လို့ရပါတယ်။ အဓိပ္ပာယ်အကောက်မှားတာမျိုးလည်း ရှိနိုင်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ဟိုး... ဘုရားလောင်း ဝိဓူရဇာတ်ထဲကလို ဝိဓူရရဲ့ တရားနာချင်တာကို ဝိဓူရရဲ့နှလုံးသားကိုလိုချင်တယ်လို့ နဂါးမိဖုရားကြီးက တင်စားပြောတာကို တကယ့်နှလုံးသားလိုချင်တာထင်ပြီး အဓိပ္ပာယ်အကောက်မှားကြတာမျိုးကတော့ တမင်ကွယ်ဝှက်ပြောလို့မှားတာလေ။ ဒါပေမယ့် ရိုးရိုးပြောတဲ့စကားကို အဓိပ္ပာယ်အကောက်မှားတာလည်း ရှိနိုင်တာပဲ။ ဘဘ ကြားဖူးတာတစ်ခုရှိတယ်"

"ပြောပြပါ ဘဘ"

"တစ်ခါက ရန်ကုန်က ကားမီးပွိုင့်တစ်ခုမှာ တာဝန်ကျနေတဲ့ ယာဉ်ထိန်းရဲကြီးတစ်ယောက်ကို ကားနဲ့ဖြတ်သွားတဲ့ တာဝန်ရှိပုဂ္ဂိုလ်ကြီးတစ်ယောက်က ရုတ်တရက်မြင်လိုက်ပြီး 'ဟား ဒီကောင်ကြီး ရှိနေသေးတာကိုး' လို့ ပြောသတဲ့"

"ဟုတ်ကဲ့"

"နောက်တစ်ခါ တာဝန်ရှိပုဂ္ဂိုလ်ကြီး ဖြတ်သွားတော့ အဲဒီယာဉ်ထိန်းရဲကြီးကို မတွေ့တာနဲ့ 'ဟိုကောင်ကြီး ဘယ်ရောက်နေလဲ' လို့ မေးတော့ 'နယ်ကို ပြောင်းလိုက်ပါပြီ' လို့ ဖြေကြသတဲ့။ တာဝန်ရှိပုဂ္ဂိုလ်ကြီးက 'ဒီမှာရှိနေသေးတာကိုး' လို့ ပြောတာကို သဘောမကျလို့ ပြောတာထင်ပြီး နယ်ပြောင်းလိုက်တာတဲ့။ အဲဒီတော့မှ တာဝန်ရှိပုဂ္ဂိုလ်က 'ဟာ... ငါသဘောမကျလို့ မဟုတ်ပါဘူး။ သူ့ကို မတွေ့တာကြာလို့ ဝမ်းသာပြီး ပြောတာပါ' လို့ ပြောမှ နယ်က ပြန်ခေါ်သတဲ့။ စကားတစ်ခွန်း အဓိပ္ပာယ်အကောက်မှားလို့ ဖြစ်တဲ့ပြဿနာလေ"

"သမီးတော့ ခုမှ ကြားဖူးပါတယ် ဘဘ"

"ဒီတော့ စကားတစ်ခွန်းကို အဓိပ္ပာယ်ကောက်ရတဲ့ကိစ္စက ဘယ်လောက်သိမ်မွေ့တယ်ဆိုတာ စဉ်းစားကြည့်ပေါ့ကွယ်။ တစ်ခါတစ်ခါ အဲဒီလိုပြဿနာမျိုးတော့ ရှိတာပေါ့။ ပြောတဲ့ အချိန်တို့၊ နေရာတို့၊ အခြေအနေတို့က ဆိုလိုတဲ့အဓိပ္ပာယ် စဉ်စားမိအောင် အများကြီး အထောက်အကူပေးပါတယ်။ ဘဘ စဉ်းစားမိတဲ့ သာဓကတစ်ခုပြောမယ်။ 'မကြာခင် မင်းသားလေး လာတော့မယ်' ဆိုတဲ့စကားကို ရုပ်ရှင်ရိုက်ကွင်းမှာ ပြောတယ်ဆိုပါတော့။ အဲဒီလိုပြောရင် ရုပ်ရှင်ဇာတ်ကားမှာ သရုပ်ဆောင်နေတဲ့ 'မင်းသားလေး' လို့ ချစ်စနိုးခေါ်ကြတဲ့ မင်းသားအငယ်ကလေး တစ်ယောက်ကို ရည်ညွှန်းပြောတဲ့ အဓိပ္ပာယ်ဖြစ်ကြောင်း အလွယ်တကူ သိနိုင်တယ်မဟုတ်လား။ အဲဒီစကားကို ဇာတ်ရုံထဲမှာပြောရင်တော့ ပရိသတ်ကြိုက်တဲ့ ဇာတ်မင်းသားလေးကို ဆိုလိုတာလို့ နားလည်နိုင်တယ်လေ"

"ဟုတ်တာပေါ့နော်"

"ကဲ... ညနေဘက် ၃ နာရီထိုးခါနီးလောက် ဧည့်ခန်းထဲက တီဗွီရှေ့မှာ ထိုင်ရင်း 'မင်းသားလေး လာတော့မယ်' လို့ ပြောတယ်ဆိုရင် သမီး ဘယ်လို နားလည်သလဲ"

"ဟာ... သမီးသိပြီ။ 'အမ်အာတီဗီဖိုး' က နေ့တိုင်း အဲဒီအချိန်မှာပြတဲ့ 'လေချိုဖျန်းတဲ့ရွှေနန်းတော်' ကိုရီးယားဇာတ်လမ်းတွဲ လာတော့မယ်လို့ ပြောတာပါ ဘဘ။ အဲဒီကားကို 'မင်းသားလေးဇာတ်လမ်းလို့ ' ခေါ်ကြလို့ပါ ဘဘ။ သမီးလည်း အဲဒီဇာတ်လမ်းတွဲကို ကြည့်ပါတယ်"

> **"စကားတစ်ခွန်းရဲ့ အဓိပ္ပာယ်ဟာ ပြောတဲ့အခြေအနေပေါ်မှာ အများကြီးမူတည်တယ်။ အိမ်တစ်အိမ်ရဲ့ ဧည့်ခန်းမှာ ထိုင်စကား ပြောကြရင်း တစ်ယောက်က 'ချမ်းလိုက်တာ' လို့ ပြောတယ်ဆိုပါ တော့။ ဘာအဓိပ္ပာယ်ဖြစ်မလဲ" "ဆောင်းတွင်းမို့ တကယ်ချမ်းတဲ့ အကြောင်းပြောတာလည်း ဖြစ်နိုင်ပါတယ် ဘဘ။ ပြီးတော့..." "ပြီးတော့ ဘာဖြစ်သလဲ" "ပြီးတော့ ဖွင့်ထားတဲ့ အဲယားကွန်းကို အရှိန်လျှော့စေချင်တာတို့၊ ဖွင့်ထားတဲ့ ပြတင်းပေါက်က လေဝင်လို့ ပိတ်စေချင်တာတို့လည်း ဖြစ်နိုင်တယ်ထင်ပါတယ်"**

"ဘဘက ဘဘတို့ သမီးတို့နဲ့ နီးစပ်တဲ့ သာဓကကို ပြတာပါ။ ပတ်ဝန်းကျင်အဆက်အစပ်က ပြောတဲ့ စကားရဲ့ အဓိပ္ပာယ်ကို မှန်မှန်ကန်ကန် ကောက်နိုင်အောင် လမ်းကြောင်းပေးတယ်ဆိုတာ လက်တွေ့သိရအောင် သာဓကပြတာလေ"

"သိပ်ကောင်းပါတယ် ဘဘ။ သမီးမှတ်မိပါပြီ"

"ခုပြောတာက 'မင်းသားလေး' ဆိုတဲ့ စကားဟာ ဘယ်လိုအဓိပ္ပာယ်ရှိသလဲဆိုတာ ပတ်ဝန်းကျင်အဆက်အစပ်အရ အဓိပ္ပာယ် မှန်မှန်ကန်ကန်ထွက်လာတာကို သာဓကပြတာပါ။ ဘဘ သုံးဖူးတဲ့ သာဓကတစ်ခု ထပ်ပြောဦးမယ်။ 'ရေသည်တွေ့မိသလား' ဆိုတဲ့ စကားကို မြို့ကလေးတစ်မြို့ရဲ့ရပ်ကွက်ထဲမှာ ရေထမ်းရောင်းတဲ့သူဆီက ရေဝယ်သုံးရတဲ့ အိမ်ရှင်မက မေးတာဆိုရင် ရေထမ်းသမားတွေ့မိသလားလို့ ဆိုလိုတာပေါ့။ အဲ... မြို့ထဲမှာ ရေသန့်ဘူးလှည့်ရောင်းတဲ့ ကားကို မျှော်နေတဲ့အိမ်ရှင်မက မေးရင်တော့ ရေသည် ဆိုတာ ရေသန့်ဘူးလိုက်ပို့တဲ့ သူငယ်ကလေးကို ဆိုလိုတာပေါ့။ အဲ... ဆယ်တန်းကျောင်းသူ သမီးညီမလေးက ညဘက်စာကျက်နေတုန်း သမီးကို မေးတာဆိုရင်တော့ ဘယ်လိုအဓိပ္ပာယ်ကောက်မလဲ"

"ရှင်၊ အဲဒီလိုဆိုရင် ... ဟာသိပြီ။ မြန်မာစာမှာ သူသင်နေရတဲ့ ရေသည်ပြဇာတ်စာအုပ်ကို တွေ့မိသလားလို့ ပြောတာပါ ဘဘ"

